# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

**Myanma Alinn Daily**


> **ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**
>
> စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကို တားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။
>
> ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၃၀ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (ဝ၆၁)




နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်အဖွဲ့တို့ တွေ့ဆုံစဉ်။ သတင်းစဉ်

# နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်အဖွဲ့တို့ တွေ့ဆုံ

## ဘာသာရေးကို လွဲမှားစွာ အသုံးချမှုမှန်သမျှ အများပြည်သူသိရှိစေရန် ဆန့်ကျင်ကြောင်း ထုတ်ဖော်ရန် အားလုံးတွင် တာဝန်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်အဖွဲ့တို့ တွေ့ဆုံပွဲကို ယနေ့ ညနေ ၄ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဟာမဏ္ဍပ်သဘင်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် ညှေ့သည်တော် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့်အဖွဲ့တို့အား နှစ်ဖက်ကိုယ်စားလှယ်များက အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသက ကိုးကွယ်မှုဘာသာတရားအားလုံးသည် တစ်စုံတစ်ခုသော အတိုင်းအတာအထိ တစ်စုံတစ်ခုသော ငြိမ်းချမ်းရေးဖွံ့ဖြိုးရေးဆိုင်ရာ အကျိုးရလဒ်များကို ပေးနိုင်စွမ်းရှိသောကြောင့်သာလျှင် ယနေ့အထိ ကိုးကွယ်မှု ဘာသာတရားများ တည်ရှိနေခြင်းဖြစ်တယ်လို့ လက်ခံ ယုံကြည်ထားပါတယ်။

ယနေ့ကမ္ဘာတွင် ဘာသာရေးယုံကြည်မှုကို အမည်တပ်လျက် အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်ဝါဒတို့ပေါ်ထွန်းနေခြင်းမှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းလှပါတယ်။


စာမျက်နှာ ၇ ကော်လံ ၁ ❍


**လူသားချင်း စာနာထောက်ထားမှု အကူအညီ အထောက်အပံ့များ ပေးအပ်ရန် စေတနာ့ဝန်ထမ်း လူငယ်များ ဒုတိယအသုတ် စစ်တွေမြို့သို့ ရောက်ရှိ**


စာ-၉


**လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်တွေ အသိပညာ၊ အတတ်ပညာအပြင် အနုပညာစွမ်းရည်၊ အားကစားလှုပ်ရှားမှုတွေမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ကျင်းပခြင်းဖြစ်**


စာ-၁၀


**ယီမင်ပြည်သူတွေကို အသက်ရှုချောင် စေမယ့် အထောက်အပံ့ ပစ္စည်းများ ရောက်ရှိ**


စာ-၁၅







မြန်မာ့အလင်း

# လက်ဆင့်ကမ်းပေး လွတ်လပ်ရေးအမွေ

"ကျွန်ုပ်တို့၏ကံကြမ္မာကို ကျွန်ုပ်တို့ဖန်တီးဖို့အရေးသည် ကျွန်ုပ်တို့၏ လက်တွင်းမှာပင်ရှိ၏။ ကျွန်ုပ်တို့အင်အားကို ကျွန်ုပ်တို့ယုံကြည်လျှင် ကောင်းကင်တမွတ် ကြယ်ကိုပင် ဆွတ်နိုင်ကြပေမည်။ ကြယ်ကိုပင်ဆွတ်နိုင်ကြလျှင် ကမ္ဘာမြေပေါ်မှာ အဘယ်ကြောင့် လွတ်လပ်ရေးအောင်ပန်းကို မဆွတ်နိုင်ဘဲ ရှိအံ့နည်း။ ကျွန်ုပ်တို့သည် ညီညွတ်စွာ ကျွန်ုပ်တို့၏ ကာယဗလ၊ ဉာဏဗလ၊ သတ္တိဗျတ္တိနှင့် ကျွန်ုပ်တို့၏ ရာဇဝင်တွင် စာတင်နိုင်မည့် လွတ်လပ်ရေးအောင်မြင်မှုအတွက် ဆက်လက်ကြိုးပမ်းကြမည်။"

လွတ်လပ်ရေးအကြိုကာလ ၁၉၄၆ခုနှစ် ဇန်နဝါရီလအတွင်း ရွှေတိဂုံ အလယ်ပစ္စယံပြည်သူ့ညီလာခံကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းက အထက်ပါအတိုင်းတိုက်တွန်းခဲ့သည်။ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရန်နှင့် ကိုယ့်အင်အားကို ကိုယ်ယုံကြည်ရန်၊ လွတ်လပ်ရေးအတွက် ကာယအား၊ ဉာဏအား၊ လက်ရုံးရည်၊ နှလုံးရည်တို့ကို ညီညီညွတ်ညွတ်အသုံးချကြရန်လည်း နှိုးဆော်ခဲ့သည်။ ဗိုလ်ချုပ်၏ ဦးဆောင်မှုနောက်တွင် တစ်ခဲနက်လိုက်ပါကာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ မကြုံစဖူးသော ညီညွတ်မှုစွမ်းအားဖြင့် ကိုလိုနီနယ်ချဲ့လက်အောက်မှလွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်နိုင်ငံဘဝကို ပြန်လည်ရောက်ရှိခဲ့ရသည်။

စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် မိမိတို့နိုင်ငံလွတ်လပ်ရေးရခဲ့သည်မှာ လာမည့် ၂၀၁၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် နှစ်ပေါင်း ၇၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ လွတ်လပ်သည့်နိုင်ငံဘဝဖြင့် ဖြတ်သန်းခဲ့ရသည့် ဆယ်စုနှစ်များစွာတို့မှာ သမိုင်းသင်ခန်းစာယူစရာ များစွာတို့ရှိခဲ့သည်။ အမှားအယွင်း များစွာတို့ရှိခဲ့သည်။ အဟောသိကံ များစွာတို့ရှိခဲ့သည်။ ပဋိပက္ခ များစွာတို့ရှိခဲ့သည်။ ရလဒ်မှာ မိမိတို့ နိုင်ငံနှင့်ခေတ်ပြိုင်နိုင်ငံများ၊ တစ်ချိန်က မိမိတို့နိုင်ငံနောက်မှနိုင်ငံများ တစ်နိုင်ငံပြီးတစ်နိုင်ငံ ကျော်တက်သွားကြပြီး မိမိတို့မှာမူ ဖွံ့ဖြိုးတိုးတက်မှုတန်းစီဇယားတွင် အောက်ဆုံးခပ်ကျကျဆီသို့ရောက်ခဲ့ရသည်။ ပြည်တွင်းပဋိပက္ခများ၊ ပြည်တွင်းပြဿနာများဖြင့်သာ ထွေးလုံးရစ်ပတ်ကာ တလိမ့်ခေါက်ကွေးကျခဲ့ရပြီး ကမ္ဘာက ငုံ့ကြည့်ခံရသည့် ဘဝသို့ရောက်ခဲ့ရသည်ကို အတိတ်သမိုင်း၏ သင်ခန်းစာအဖြစ်မှတ်ယူပြီး အနာဂတ်တွင် မိမိတို့မျှော်မှန်းသည့် ရွှေနိုင်ငံဘဝရောက်ရန်အတွက် ပစ္စုပ္ပန်တွင် လုပ်ရမည့်အလုပ်များကို မှန်မှန်ကန်ကန်လုပ်နိုင်ကြရန်လိုသည်။

၂၀၁၈ခုနှစ် နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်များအဖြစ်-

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ရေး။

(၂) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးအတွက် ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်နှင့် သင့်တော်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်ရန် ကြိုးပမ်းဆောင်ရွက်ရေး။

(၃) ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

(၄) နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် "ထာဝရငြိမ်းချမ်းရေး" ပန်းတိုင်သို့ရောက်ရှိအောင် ပြည်ထောင်စုတိုင်းရင်းသားအားလုံးမှနိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ရေး။

(၅) စီးပွားရေး၏ အဓိကမောင်းနှင်အားဖြစ်သည့် ပုဂ္ဂလိကကဏ္ဍကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်ကောင်းမွန်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးဟူ၍ ချမှတ်ထားသည်။

အဆိုပါဦးတည်ချက်များသည် မိမိတို့နိုင်ငံ၏ ပစ္စက္ခအခြေအနေများနှင့်ကိုက်ညီသော ၊မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သော လုပ်ငန်းလမ်းညွှန်များ၊ အမျိုးသားရေးတာဝန်များလည်း ဖြစ်သည်။ အမိနိုင်ငံတော်၏ ပစ္စုပ္ပန်မျိုးဆက်တို့အနေဖြင့် မိမိတို့ခေတ်၏တာဝန်များကို ဦးလည်မသုန်ထမ်းရွက်ကြပြီး အနာဂတ်မျိုးဆက်သစ်များထံ အမွေခံကောင်းများလက်ဆင့်ကမ်းပေးအပ်နိုင်ရေးအတွက် စွမ်းဆောင်နိုင်ကြပါစေကြောင်း။ ။

# မန်းရွှေစက်တော်ဘုရားပွဲတော်အတွက် ရွှေချပ်ရေ ၁၂ သိန်းကျော် ဝယ်ယူသွားမည်



ယမန်နှစ်က မန်းရွှေစက်တော်ဘုရားပွဲ ကျင်းပနေသည့်မြင်ကွင်းအား တွေ့ရစဉ်။ ဓာတ်ပုံ-မေမိုးသဲ

**မကွေး နိုဝင်ဘာ ၂၉**

၂၀၁၈ခုနှစ်တွင် ကျင်းပမည့် မန်းရွှေစက်တော် ဘုရားပွဲတော်တွင် ဘုရားဖူးပြည်သူများ ရွှေဆိုင်း ကပ်လှူပူဇော်နိုင်ရန်အတွက် ရွှေဆိုင်းတစ်ဆိုင်းလျှင် ရွှေချပ်ရေ ၁၀၀ ပါ ရွှေဆိုင်းပေါင်း ၁၂၉၆၀ ကို မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့မှ ဝယ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

တင်ဒါအောင်မြင်ပြီး ရွေးချယ်ထားသော ရွှေဆိုင်းလုပ်ငန်းရှင် ၂၇ ဦးထံမှ ရွှေချပ် ၁၀၀ ပါ ရွှေဆိုင်း တစ်ဆိုင်းကို ငွေကျပ် ၂၃၅၀၀ နှုန်းဖြင့် ဝယ်ယူရန်စာချုပ်ချုပ် ဆိုပြီးဖြစ်ကာ ရွှေဆိုင်းလုပ်ငန်းရှင် ၂၇ ဦးထံမှ ရွှေဆိုင်း တစ်ဆိုင်းလျှင် ရွှေချပ်ရေ ၁၀၀ ပါ ရွှေဆိုင်းပေါင်း ၁၂၉၆၀ စုစုပေါင်း ရွှေချပ်ရေ ၁၂၉၆၀၀၀ ကို ဝယ်ယူသွားမည်ဖြစ်ကြောင်း မန်းရွှေစက်တော်ဘုရား ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

ယမန်နှစ်က ရွှေချပ် သုံးချပ်ပါ ရွှေဆိုင်းတစ်ဆိုင်းလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ရောင်းချခဲ့ပြီး ရွှေဆိုင်း ရောင်းရငွေမှ အမြတ်ငွေကျပ်သိန်းပေါင်း ၃၃၀၀ ကျော်ရရှိခဲ့ပါသည်။ လာမည့် ၂၀၁၈ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်တွင် အကြွေးပြဿနာကြောင့် ရွှေချပ်လေးချပ်ပါ ရွှေဆိုင်းတစ်ဆိုင်းကို ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ရောင်းချသွားရန်စီစဉ်လျက်ရှိကြောင်းနှင့် ၂၀၁၈ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲတော်အား ဇန်နဝါရီ ၂၁ ရက်မှ ဧပြီ ၁၇ ရက်အထိ နှစ်လကျော်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျ**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**ကန်ပက်လက် နိုဝင်ဘာ ၂၉** - ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ကန်ပက်လက်မြို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် နိုဝင်ဘာလ ဒုတိယပတ်က အထက ဇလပ်ဝါခန်းမ၌ တွေ့ဆုံပွဲပြုလုပ်ခဲ့သည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ဒေသခံပြည်သူများကလည်း အတွေးသစ်၊ အမြင်သစ်များဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန်လိုကြောင်းပြောကြားပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာအစိုးရအဖွဲ့ဝင်များက ရှင်းလင်းဖြည့်ဆည်းပေးကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အထကကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သစ္စာလမ်းနှင့်ခရေလမ်းဖွင့်ပွဲသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

# သီပေါမြို့မရဲစခန်းအနီးရှိ နှစ်လရှည်စွာ ရပ်တန့်ထားသော ယာဉ်တန်းရှည်ကြီး ပြောင်းရွှေ့ပေးစေလို

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်တွင် ဥပဒေနှင့်မလွတ်ကင်းသော ပစ္စည်းများ တင်ဆောင်လာ၍ အရေးယူခံရသော ယာဉ်၊ ယာဉ်အချင်းချင်းတိုက်မိ၍ အမှုရင်ဆိုင်နေရသော ယာဉ်၊ စာရွက်စာတမ်းအထောက်အထား မရှိ၍ အရေးယူခြင်းခံရသော ယာဉ် (လိုင်စင်မဲ့)၊ လေလံတင်မည့်ယာဉ်နှင့် နေပြည်တော်သို့ ပို့ဆောင်ရမည့် ယာဉ်အစရှိသဖြင့် ယာဉ်ကြီး၊ ယာဉ်ငယ်များသည် ရုံးပေါင်းစုံရှိရာ အများပြည်သူသွားလာနေရသည့် နမ့်ပေါ့ချောင်းတံတားအနီး မိုင်းပွန်လမ်းနှင့် မြို့မရဲစခန်းမြောက်ဘက် ဇာတ်စုရပ်လမ်းမကြီးဘေးတွင် နှစ်ရှည်လများ ရပ်တန့်ထားသည်။



ထိုသို့ရပ်တန့်ထားခြင်းကြောင့် မြို့၏ ဥပဓိရုပ်ကို ပျက်ပြားစေသည့်အပြင် ယာဉ်များသွားလာရာတွင်လည်း လမ်းကြောကျဉ်းကာ အန္တရာယ်ရှိနိုင်သဖြင့် အခြားတစ်နေရာသို့ ပြောင်းရွှေ့ပေးရန် ဒေသခံများက လိုလားလျက်ရှိကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၉-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ . ၃ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ . ၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ . ၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ . ၈၀ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ကမာကူရ ဗုဒ္ဓမြတ်စွာဘုရားအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဖူးမြော်





ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ကမာကူရဗုဒ္ဓမြတ်စွာဘုရားအား ဖူးမြော်ကြည်ညိုစဉ်။ သတင်းစဉ်

**ရန်ကုန် နိုဝင်ဘာ ၂၉**

ဂျပန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr.Tadamori Oshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဦးဆောင်သော လွှတ်တော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကမာကူရ ဗုဒ္ဓမြတ်စွာဘုရားအား ရောက်ရှိဖူးမြော်ကြည်ညိုသည်။

ယင်းနောက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ကမာကူရ မြို့တော်ဝန် Mr. Matsuo Takashi အား တွေ့ဆုံနှုတ်ဆက်ပြီး ကမာကူရ မြို့တော်ဝန်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာ စားပွဲသို့ တက်ရောက်သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ကမာကူရမြို့မှ ထွက်ခွာလာရာ ကျိုတိုမြို့သို့ ဒေသစံတော်ချိန် ညနေ ၅ နာရီ ၂၇ မိနစ်တွင် ရောက်ရှိခဲ့သည်။

**သတင်းစဉ်**

# ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၃၀/၂၀၁၇
၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်)

**ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေ ပုဒ်မ ၄၅ နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၈၊ ပုဒ်မခွဲ(ဃ)တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါ်စဝ်ဉမ္မာကြည်ကို ကယားပြည်နယ် တရားလွှတ်တော် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်

# မြန်မာ-ကိုရီးယားနှစ်နိုင်ငံချစ်ကြည်ရေး လွှတ်တော်ချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ဆိုးလ် နိုဝင်ဘာ ၂၉

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ H.E.Mr. Chung Sye Kyun ၏ ဖိတ်ကြားချက်အရ ကိုရီးယားသမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ရန် နိုဝင်ဘာ ၂၇ ရက် ညပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာရာ ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြသည်။**



အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ H.E.Mr.Chung Sye Kyun တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် H.E. Mr. Lee Won Ook နှင့် တာဝန်ရှိသူများ၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုကြသည်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်သို့ ရောက်ရှိကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌH.E.Mr.Chung Sye Kyun နှင့် ကိုရီးယားလွှတ်တော်အဆောက်အအုံဧည့်ခန်းမဆောင်၌ တွေ့ဆုံပြီး မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး၊ လွှတ်တော်အချင်းချင်း ပူးပေါင်းလက်တွဲဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမအတွင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဆိုးလ်မြို့ရှိ ချန်းဒေါ့ နန်းတော်သို့ သွားရောက်လေ့လာရာ ဂျိုဆောင်းခေတ် ၁၄၀၅ ခုနှစ်တွင် တည်ထောင်ခဲ့သည့် မြတ်နိုးဖွယ်ရာ နေရာတစ်ခုဖြစ်ကြောင်း၊ ချန်းဒေါ့ နန်းတော်သည် ၁၉၉၇ ခုနှစ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်ခဲ့ကြောင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**




# မဲခေါင်ဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစီမံကိန်း၏ (၁၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း COMMIT ၏ (၁၂) ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး (SOM -12) ကို ယနေ့နံနက် ၉နာရီတွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

အစည်းအဝေးဖွင့်ပွဲ၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံများ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ နောက်ဆုံးအခြေအနေနှင့် အောင်မြင်မှုများကို တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ COMMIT ဒေသတွင်း လုပ်သားစုဆောင်းမှုမူဝါဒများ၊ လူကုန်ကူးမှုအား တုံ့ပြန်ရာတွင် ပုဂ္ဂလိကကဏ္ဍများ၊ လူမှုအသင်းအဖွဲ့များ၊ လူငယ်များ၏ ပူးပေါင်းဆောင်ရွက်မှုများအား ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ် ၁၃ ဦး၊ SOM-12 အဖွဲ့ဝင် နိုင်ငံများဖြစ်သော ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ တရုတ်မှ ကိုယ်စားလှယ် ၅၁ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*❋ ကျောဖုံးမှ*

များရှိပြီး ခေါင်းစဉ်များ ချန်လှပ်ခဲ့သည့်အတွက် ဆက်လက်ဆွေးနွေးရမည့် ကိစ္စများ ကျန်ရှိပါကြောင်း။

ယနေ့ ဆွေးနွေးမည့် အချက်များနှင့် ပတ်သက်ပြီး ရရှိသည့်အချက်များကို မှတ်တမ်းတင်ထားပြီး ဖြန့်ဝေပေးမည်ဖြစ်ပါကြောင်း၊ ဆွေးနွေးချက်များကို မိမိတို့၏ အစုအဖွဲ့အသီးသီး၌ ပြန်လည်ညှိနှိုင်းဆွေးနွေးကြရန် ဖြစ်ပါကြောင်း။

ရရှိလာသည့် အချက်များကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်အစုအဖွဲ့အသီးသီးတွင် ပြန်လည်ဆွေးနွေးပြီးသည့်အခါ လုပ်ငန်းကော်မတီအစည်းအဝေး မကျင်းပမီ ယခုကဲ့သို့ အစည်းအဝေးပြန်လည်ခေါ်ယူမည်ဖြစ်ပါကြောင်း၊ ထိုအခါ အစုအဖွဲ့ ကိုယ်စားပြုအနေဖြင့် စုစည်းမှုများကို တင်ပေးရန်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ကော်မတီအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပထမတစ်ကြိမ် Round Table တွင် အစုအဖွဲ့အလိုက် သဘောထားများ၊ စုစည်းချက်များ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးတွင် အစုအဖွဲ့အလိုက် စုစည်းချက်များ မလုပ်ပါကြောင်း၊ ဆွေးနွေးမှုများသည်လည်း အစုအဖွဲ့အလိုက်တွင် ပါဝင်သည့် တစ်ဦးချင်း၏ ဆွေးနွေးချက်များသာ ဖြစ်ပါကြောင်း၊ Round Table ၏ မှတ်တမ်းသည် ဆွေးနွေးချက် မှတ်တမ်းဖြစ်ပါကြောင်း၊ အစုအဖွဲ့အလိုက် သဘောထား မဟုတ်ပါကြောင်း၊ ထွက်ပေါ်လာသည့် ဆွေးနွေးချက်များအပေါ် အစုအဖွဲ့အလိုက် ပြန်လည်ဆွေးနွေးပြီး နောက်တစ်ကြိမ် အစည်းအဝေး ပြုလုပ်မည် ဖြစ်ပါကြောင်း၊ သို့မဟုတ် မိမိတို့အစုအဖွဲ့တွင် ပြန်လည်ဆွေးနွေးပြီးပါက ဘုံသဘောထားရရှိပါက ဘုံသဘောထား အဖြစ်ပေးပို့၍ ရပါကြောင်း၊ ယင်းအပေါ်တွင် ယခုလို ဆွေးနွေးပွဲတစ်ခု ခေါ်ယူကာ ပြန်လည်ဆွေးနွေးမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသူများက ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။

ယနေ့ ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူးများ၊ အစိုးရအစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ ပါဝင်သင့်ပါဝင်ထိုက်သူများအစုအဖွဲ့နှင့် တိုင်းရင်းသားအစုအဖွဲ့တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ စားပွဲဝိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားသို့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကက်သလစ်ဘာသာဝင်များအား စကြံ်လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လှည့်လည်၍ ရင်းနှီးချစ်ကြည်စွာ နှုတ်ဆက်စဉ်။ သတင်းစဉ်

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကြီးမှူး၍ မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကြီးမှူး၍ သန့်ရှင်းသော မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ကျိုက္ကဆံကွင်းအတွင်းရှိ ပူဇော်ဆုတောင်းခြင်း အခမ်းအနားကျင်းပရာ ပရိဝုဏ်အတွင်းသို့ ကြွရောက်လာရာ ပရိသတ်က သာသနာ့အလံများ ဝှေ့ယမ်းကာ ရွှင်လန်းဝမ်းမြောက်စွာ ကြိုဆိုနှုတ်ခွန်းဆက်ကြသည်။

ယင်းနောက် ပုပ်ရဟန်းမင်းကြီးက ပရိသတ်အတွင်း သတ်မှတ်စကြံ်လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းနှီးချစ်ကြည်စွာ နှုတ်ဆက်သည်။

ထို့နောက် သန့်ရှင်းသော မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ပထမကျမ်းစာကို ဖတ်ကြားခြင်း၊ ဆာလံသီချင်း သီဆိုကျေးျခြင်းတို့ ပြုလုပ်သည်။

ယင်းနောက် ဧဝံဂေလိကျမ်းစာအား ဖတ်ကြားခြင်း ပြုလုပ်ပြီး ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ဩဝါဒစကားတော်များ မြွက်ကြားရာတွင် အဆင်မပြေဖြစ်သော်လည်း စိတ်ဓာတ်မကျရန်၊ ကလဲ့စားမချေကြရန်၊ ရန်ကိုရန်ချင်း မတုံ့ပြန်ကြရန်၊ ခွင့်လွှတ်ခြင်းနှင့် နေထိုင်ကြရန်နှင့် ဆင်းရဲသားများအတွက် ကရုဏာလုပ်ငန်းတွေ ပိုလုပ်ကြရန် မိန့်ကြားခဲ့သည်။

ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်သိထားသည်မှာ မြန်မာပြည်သူပြည်သားအများစုသည် ကြမ်းတမ်းခက်ထန်မှု၏ သားကောင်များ၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ ရရှိခံစားကြရသူများ ဖြစ်ပါကြောင်း၊ ယခု ကျွန်ုပ်တို့ခံစားရသည့် နာကျင်မှု၊ နာကြည်းမှုတွေအတွက် ပြန်လည်တုံ့ပြန်သည့်အခါ လက်စားချေခြင်း၊ ဒေါသနှင့် အကြမ်းဖက်တုံ့ပြန်ခြင်းအားဖြင့် ကျွန်ုပ်တို့ခံရသည့်ဒဏ်ရာများကို ကုသပျောက်ကင်းမှု ရရှိလိမ့်မည်လို့ ထင်တတ်ကြပါကြောင်း၊ သို့သော် လက်စားချေခြင်း၊ လက်တုံ့ပြန်ခြင်း လမ်းစဉ်သည် ယေရှုခရစ်တော်၏ လမ်းစဉ်မဟုတ်ပါကြောင်း။

ခရစ်တော်သည် မုန်းတီးမှု၊ ငြင်းပယ်မှုများ၏ အကျိုးဆက်အနေဖြင့် ဒုက္ခဝေဒနာခံစားခြင်း၊ ကားလ်တိုင်ပေါ်တွင် တင်၍ သတ်ခံရခြင်းများကို ရင်ဆိုင်တွေ့ကြုံရသည့်အချိန်တွင် ခွင့်လွှတ်ခြင်းနှင့် သနားကြင်နာခြင်းကိုသာ လက်ကိုင်ထားပြီး တုံ့ပြန်ခဲ့ပါကြောင်း မိန့်ကြားခဲ့သည်။

ဆက်လက်၍ ပုပ်ရဟန်းမင်းကြီးက ဤနေရာတွင် ခရစ်တော်ပေးမည့် ဉာဏ်ပညာဆိုသည်မှာ သန့်ရှင်းသော ဝိညာဉ်တော်ဘုရားကို ရည်ညွှန်းမိန့်ဆိုလိုက်ခြင်း ဖြစ်ပါကြောင်း၊ ဝိညာဉ်တော်အားဖြင့် ဘုရားသခင်သည် သူ၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်းသို့ သွန်းလောင်းချပေးသနားတော်မူသည်ဟု ဩဝါဒတွင် ဖော်ပြထားပါကြောင်း။

ဝိညာဉ်တော်ဘုရား၏ ကျေးဇူးတော်အားဖြင့် ယေရှုခရစ်တော်သည် ကျွန်ုပ်တို့ တစ်ဦးစီကို လောကီသားများ၏ ပညာဉာဏ်ထက်သာလွန်သော သူ၏ ဉာဏ်ပညာတော်ကို ပေါ်လွင်အောင် ဖော်ဆောင်ပေးနေသည့် သက်သေခံများ ဖြစ်လာစေပါကြောင်း၊ ဝိညာဉ်တော်ဘုရား၏ ကျေးဇူးတော်အားဖြင့် ကျွန်ုပ်တို့ တစ်ဦးစီကို အဆိုးရွားဆုံး နာကျင်မှု၊ နာကြည်းမှုဒဏ်ရာများကို သက်သာပျောက်ကင်းစေသည့် ဘုရားရှင်၏ ကြီးမားသော သနားကြင်နာခြင်းကို ဖော်ဆောင်သက်သေခံနေသော သက်သေခံများ ဖြစ်လာစေပါကြောင်း၊ ယေရှုခရစ်တော်သည် ဒုက္ခဝေဒနာခံထားအံ့ဆဲဆဲအချိန်တွင် မိမိကိုယ်ကို လူသားအားလုံးအတွက် ပူဇော်ခဲ့ပါကြောင်း မိန့်ကြားသည်။

ထို့ပြင် ပုပ်ရဟန်းမင်းကြီးက ကျွန်ုပ်သိရှိရသည်မှာ မြန်မာပြည် ကက်သလစ်အသင်းတော်ကြီးသည် ဘုရားသခင်၏ ချစ်ခြင်း၊ သနားကြင်နာခြင်းဖြစ်သည့် ကုသခြင်းဆီသို့ သူတစ်ပါးထံ အထူးသဖြင့် အလွန်လိုအပ်နေသည့် ညီရင်းအစ်ကို မောင်နှမများထံ သယ်ဆောင်သွားပြီး လိမ်းကျံကုသပေးနေကြပါကြောင်း၊

*စာမျက်နှာ ၅ သို့*



**ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မဏ္ဍား တရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားတွင် ဩဝါဒစကားတော်များ မြွက်ကြားစဉ်။**

သတင်းစဉ်



စာမျက်နှာ ၄ မှ

ထင်ရှားသည့်သာဓကအနေဖြင့် အဖွဲ့အစည်းတော်တော်များများက အခက်အခဲအတားအဆီးတွေကြားမှ လူနည်းစုဖြစ်သည့် လူမျိုးစုများထံ သွားရောက်ပြီး ဧဝံဂေလိ၏ သတင်းကောင်းကို ဟောပြောသက်သေခံနေကြပါကြောင်း၊ ယခုလို ဟောပြောသက်သေခံသည့် နေရာတွင်လည်း အဓမ္မဆွဲဆောင်မှုမျိုးကို လုံးဝရှောင်ရှားပြီး ဖိတ်ခေါ်ကြိုဆို လက်ခံခြင်းဖြင့်သာ အမြဲဆောင်ရွက်နေကြပါကြောင်း။

ခရစ်တော်သည် သားသမီးတို့၏ ညီရင်းအစ်ကို မောင်နှမများဖြစ်သည့် အခြားသော ခရစ်ယာန်အဖွဲ့အစည်းများနှင့်လည်း အတူတူရှိနေပါကြောင်း၊ သားသမီးတို့ အားလုံး ရရှိပိုင်ဆိုင်ထားကြသည့် ဒီတန်ဖိုးမဖြတ်နိုင်သော ပညာနှင့် ယေရှုခရစ်တော်၏ နှလုံးတော်မှ ယိုစီးလာသော ဘုရားရှင်၏ ချစ်ခြင်းမေတ္တာ၊ သနားကြင်နာခြင်းကို တစ်ပါးသူတို့အား ဆက်လက်မျှဝေကြပါဟု ကျွန်ုပ်တိုက်တွန်းအားပေးပါကြောင်း။

ယေရှုခရစ်တော်သည် ဒီဉာဏ်ပညာကို အတိုင်းအတာမရှိ၊ အကန့်အသတ်မရှိ ပေးချင်ပါကြောင်း၊ သားသမီးတို့၏ မိသားစုအတွင်း၊ အဖွဲ့အစည်းအတွင်း ဤတိုင်းပြည်၏ ကျယ်ပြန့်လှသည့် လူ့အဖွဲ့အစည်း အသိုင်းအဝိုင်းအတွင်း ကုသမှုပေးခြင်း၊ ရင်ကြားစေ့ရေး ဆောင်ရွက်ပေးခြင်းများကို လုပ်ဆောင်နေကြသည့် သားသမီးတို့၏ အားထုတ်မှုများအတွက် ယေရှုခရစ်တော်သည် ဆုလာဘ်များ ပေးသနားတော်မူမည်မှာ မလွဲကေန်ပင်ဖြစ်ပါကြောင်း မိန့်ကြားခဲ့သည်။



ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မစ္ဆားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားတွင် ဆုတောင်းမေတ္တာစကား ပြောကြားစဉ်။ သတင်းစဉ်

နိဂုံးချုပ်အနေဖြင့် ပုပ်ရဟန်းမင်းကြီးက ဘုရားသခင်သည် သင်တို့အားလုံးကို ကောင်းချီးပေးတော်မူပါစေ၊ မြန်မာပြည် ကက်သလစ်အသင်းတော်ကြီးကို ကောင်းချီးပေးတော်မူပါစေ၊ ဘုရားသခင်၏ ငြိမ်းချမ်းခြင်း၊ ကောင်းချီးတော်များ ဤမြေပေါ် ဝယ် သွန်းလောင်းချပေးတော်မူပါစေ၊ ဘုရားသခင်သည် မြန်မာပြည်ကြီးကို ကောင်းချီးပေးတော်မူပါစေဟု ဆုတောင်းမေတ္တာပို့သခဲ့သည်။

ဆက်လက်၍ ငြိမ်းချမ်းသာယာရေးအတွက် အထွေထွေ ဆုတောင်းခန်းကို ပြုလုပ်ပြီး ပူဇော်သက္ကာရ အစီအစဉ်အရ မစ္ဆားပူဇော်ခြင်းကိုပြုလုပ်ကာ ကိုယ်တော်မြတ်ပင့်ခြင်း၊ ဆုတောင်းမေတ္တာပေးပို့ခြင်း၊ လူထုပရိသတ်များအား ကောင်းချီးတော်ပေးခြင်းတို့ကို ဆောင်ရွက်တော်မူသည်။

မစ္ဆားတရားတော် ပူဇော်ဆုတောင်းခြင်း အခမ်းအနားသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ တာဝန်ရှိသူများ မြန်မာနိုင်ငံ ကက်သလစ်အသင်းတော်၏ ရန်ကုန်ဂိုဏ်းချုပ်ဆရာတော်ကြီး ကာဒီနယ်ချားလ်ဘို၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများမှ ကက်သလစ်သာသနာဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်ဆရာတော်ကြီးများနှင့် ဘုန်းတော်ကြီးများ၊ သစ္စာသုံးပါးခံ ကိုရင်များနှင့် သီလရှင်များ၊ ညီအစ်ကိုခရစ်ယာန်ဂိုဏ်းအသီးသီးမှ သိက္ခာရဆရာတော်များ၊ မြန်မာနိုင်ငံတစ်ဝန်းမှ တက်ရောက်လာကြသော ကက်သလစ်ဘာသာဝင်များနှင့် ဓမ္မမိတ်ဆွေများ အပါအဝင် ပရိသတ်နှစ်သိန်းခန့် တက်ရောက်ကြသည်။ **သတင်းစဉ်**



မစ္ဆားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနား၌ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကက်သလစ်ဘာသာဝင်များအား စကြံလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် လှည့်လည်ကာ ရင်းနှီးချစ်ကြည်စွာ နှုတ်ဆက်စဉ်။ သတင်းစဉ်

# ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံရှိ ကက်သလစ်ဆရာတော်ကြီးများအား သီးသန့်တွေ့ဆုံ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ယနေ့ ညနေ ၅ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီကာသီဒြယ်ဘုရားကျောင်း၌ မြန်မာနိုင်ငံရှိ ကက်သလစ် ဆရာတော်ကြီးများအား သီးသန့်တွေ့ဆုံသည်။

ရှေးဦးစွာ ပုပ်ရဟန်းမင်းကြီးသည် မြန်မာနိုင်ငံ ကက်သလစ် ဘုန်းတော်ကြီးများ၊ အိမ်နီးချင်းနိုင်ငံများမှ ကက်သလစ် ဘုန်းတော်ကြီးများ၊ သစ္စာသုံးပါးခံ သူတော်စင်များအား စိန့်မေရီ ကာသီဒြယ်ဘုရားကျောင်းဝင်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်နှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံပွဲကို ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ကက်သလစ် ဆရာတော်များ အဖွဲ့ချုပ်ဥက္ကဋ္ဌဆရာတော် ဖဲလစ်လျန်ခင်ထန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် မြန်မာနိုင်ငံရှိ ကက်သလစ်ဆရာတော်ကြီးများအား တွေ့ဆုံသည်။

**သတင်းစဉ်**



**ပုပ်ရဟန်းမင်းကြီး ဖရန်စစ် မြန်မာနိုင်ငံ ကက်သလစ် ဘုန်းတော်ကြီးများ၊ အိမ်နီးချင်းနိုင်ငံများမှ ကက်သလစ် ဘုန်းတော်ကြီးများ၊ သစ္စာသုံးပါးခံ သူတော်စင်များအား စိန့်မေရီကာသီဒြယ် ဘုရားကျောင်းဝင်းအတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်နှုတ်ဆက်စဉ်။** သတင်းစဉ်

# ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာ ကျွန်မတို့ နိုင်ငံက ရရှိမယ်လို့ ခံစားမိပါတယ်

## မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းပွဲလာ ရန်ကုန်မြို့မှ ဖရော်လာရိုစီ

**တွေ့ဆုံမေးမြန်း-နန္ဒာဝင်း၊ ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**တစ်ခေတ်တစ်ခါက နိုင်ငံတော်အခမ်းအနားများ၊ လူထုအစည်းအဝေးများ ကျင်းပရာ ရန်ကုန်မြို့ရှိ ကျိုက္ကဆံကွင်းတွင် နိုဝင်ဘာ ၂၈ ရက် ညနေပိုင်းကတည်းကပင် အနယ်နယ် အရပ်ရပ်မှ ပြည်သူများဖြင့် စည်ကားသက်ဝင်လျက်ရှိသည်။**

**နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင်မူ ကက်သလစ်ဘာသာ ဓမ္မတေးသံများက ကျိုက္ကဆံကွင်းတစ်ခုလုံး ပျံ့လွင့်နေသလို ကွင်းလုံးပြည့်ပရိသတ်များက မြန်မာနိုင်ငံ အလံနှင့် ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာ လိုဂိုတံဆိပ်ပါဝင်သည့် အလံများကို ဝှေ့ယမ်းလျက်ရှိကြသည်။**

အဆိုပါ ပရိသတ်များသည် မြန်မာနိုင်ငံသို့ ပထမဆုံး သမိုင်းဝင်ခရီးစဉ် ရောက်ရှိနေသည့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ သန့်ရှင်းသော မဏ္ဍား တရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားသို့ တက်ရောက်လာကြခြင်း ဖြစ်သည်။

ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာ လက်ဆောင်ယူလာသော ပုပ်ရဟန်းမင်းကြီးသည် ရှေးဦးစွာ ကျိုက္ကဆံကွင်းအတွင်း အမိုးဖွင့်ကားဖြင့် လှည့်လည်၍ ပရိသတ်များကို ကြိုဆိုနှုတ်ခွန်းဆက်ခဲ့သည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကြီးမှူး၍ မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားကို ကျင်းပသည်။


ကိုအာဂျား


ဒေါ်ဇင်မာ


မအေးမြတ်မြတ်မင်း

ပရိသတ်များက ဓမ္မတရားတော်များကို ရွတ်ဆိုပြီး ပုပ်ရဟန်းမင်းကြီးနှင့် အတူတကွ ဝတ်ပြုဆုတောင်းကြသည်။ ထို့နောက် ပုပ်ရဟန်းမင်းကြီးသည် ဘုရားသခင်၏ ဂုဏ်တော် ကျေးဇူးတော်များ မြန်မာနိုင်ငံတော်အပေါ် ကောင်းချီး မင်္ဂလာပြု ဆုတောင်းပေးပြီး ၎င်းပရိသတ်များက ကောင်းချီး မင်္ဂလာကို လက်ခံရယူသည်။

မဏ္ဍားတရားတော်မြတ် ပူဇော်ဆုတောင်းခြင်း အခမ်းအနားသို့ ပုပ်ရဟန်းမင်းကြီးနှင့်အတူ ပါလာသည့် ကာဒီနယ် ရဟန်းအမတ်ကြီးများ၊ အိန္ဒိယ၊ ဗီယက်နမ်၊ ဂျပန်၊ ကိုရီးယား၊ ထိုင်းနှင့် လာအိုနိုင်ငံတို့မှ ကာဒီနယ်ရဟန်းအမတ်ကြီးများ၊ မြန်မာနိုင်ငံ အပါအဝင် အာရှနိုင်ငံများမှ ဆရာတော်များ၊ ရဟန်းတော်များ၊ မြန်မာနိုင်ငံ အနှံ့အပြားမှ ကက်သလစ် ဘာသာဝင်များ၊ ၎င်းပရိသတ် နှစ်သိန်းခန့် တက်ရောက်ခဲ့ကြသည်။

သန့်ရှင်းသော မဏ္ဍား တရားတော်မြတ် ပူဇော်ဆုတောင်းခြင်းအခမ်းအနား အပြီးတွင် တက်ရောက်လာကြသည့် မြန်မာနိုင်ငံမှ ကက်သလစ်ဘာသာဝင်အချို့ကို မြန်မာ့ သတင်းစဉ်က ဤသို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါ်မေရီနွဲ့ (ကချင်ပြည်နယ်၊ ဗန်းမော်မြို့)**

ပုပ်ရဟန်းမင်းကြီးက တစ်သက်မှာ တစ်ခါသာ ကျွန်မတို့အတွက် ဖူးမြော် ခွင့်ရတာဖြစ်ပါတယ်။ ဝမ်းမြောက်ဝမ်းသာနဲ့ မိသားစုတွေ လာကြတာပါ။ မြန်မာနိုင်ငံသူ နိုင်ငံသား၊ ကမ္ဘာသူ ကမ္ဘာသားအားလုံးအတွက်လည်း ဆုတောင်းပေးပါတယ်။

**ဦးကျန်းတင် (ရှမ်းပြည်နယ်၊ လားရှိုးမြို့)**

မနေ့ ည ၁၀ နာရီကတည်းက ကွင်းထဲမှာ လာစောင့်နေတာပါ။ ယေရှုရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ပုပ်ရဟန်းမင်းကြီးက နှစ်ပေါင်း နှစ်ထောင်ကျော်မှာ အခုမှ လာတာဖြစ်တဲ့အတွက် ဖူးမြော်ချင်လို့ လာတာပါ။ ဒီနေ့ဝတ်ပြုပွဲမှာ ရန်ကြွေးဆပ်မှု၊ ကလဲ့စားချေမှု စိတ်ပြေမယ်ဆိုတာ ခံယူချက်အမှားတွေဆိုတာ သိလာတယ်၊ အချင်းချင်း ခွင့်လွှတ်ခြင်းနဲ့ ငြိမ်းချမ်းခြင်း ဘက်ကို ဦးတည်ရအောင်ဆိုတာ ကျွန်တော် နားလည်ခဲ့တယ်။ အချင်းချင်း ခွင့်လွှတ်သည်းခံပြီး တက်ညီလက်ညီနဲ့ လက်တွဲပြီး တိုင်းပြည်တိုးတက်ရေးအတွက် ကြိုးစားသွားပါလို့ အားလုံးကို တိုက်တွန်းချင်ပါတယ်။

**ဒေါ်ဂျူးလီဆန်းမိုင် (ကချင်ပြည်နယ်၊ ဗန်းမော်မြို့)**

ဒီနေ့ပွဲကို လာရောက်တဲ့ ကျွန်မတို့ ဘာသာတူတွေ အကုန်လုံး ပျော်ရွှင်ဝမ်းမြောက်ကြလိမ့်မယ်လို့ ထင်ပါတယ်။ ပုပ်ရဟန်းမင်းကြီးရဲ့ ဩဝါဒတွေထဲမှာ ပါသလို ဘုရားသခင်ရဲ့ ချစ်ခြင်းမေတ္တာဟာ ကိုယ့်ကိုရန်ပြုထားတဲ့သူကို ရန်ကိုရန်ချင်း မတုံ့ပြန်ရပါဘူး၊ အဲဒီလိုတုံ့ပြန်ခြင်းက အကျိုးမရှိပါဘူး၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ခြင်းမေတ္တာနဲ့ ဖေးမကူညီတာဟာ လောကမှာ စိတ်ချမ်းသာဆုံး၊ အမွန်မြတ်ဆုံးပါပဲ။ ငြိမ်းချမ်းခြင်းကို ခံစားရတဲ့ အကျိုးကျေးဇူးတွေရရှိမှာပါလို့ ပြောချင်ပါတယ်။ ကမ္ဘာလောကကြီးမှာ လူသားတွေအတွက် သခင်ယေရှုရောက်လာပြီး အေဒီ ၂၀၀၀ ကျော် ဒီနေ့ ဒီအခါကျမှ မြန်မာပြည်ကို ပုပ်ရဟန်းမင်းကြီး ကြွလာတာသည် မြန်မာပြည် တစ်ခုလုံးအတွက် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းရဲ့ နိမိတ် လက္ခဏာတစ်ခုလို့လည်း ပြောလို့ရပါတယ်။

**ဒေါ်ဇင်မာ(ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်)**

ကျွန်မတို့ဘာသာရဲ့အကြီးအကျယ်ဆုံး ပုပ်ရဟန်းမင်းကြီး ကြွရောက်လာတယ်။ မဏ္ဍားတရား နာရတယ်ဆိုတာ ကြုံတောင့်ကြုံခဲပါပဲ၊ တစ်သက်မှာ ဒီတစ်ခါပဲ ကြုံဖူးပါတယ်။ အတော့်ကို ဝမ်းသာပါတယ်။ ဘာသာတိုင်းက သူ့ဘာသာနဲ့သူ အကုန်ကောင်းပါတယ်။ အားလုံးကလည်း ငြိမ်းချမ်းချင်ကြတယ်၊ ချစ်ချစ်ခင်ခင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူလက်တွဲပြီး နေချင်ကြမှာပါ၊

> **"အားလုံးကလည်း ငြိမ်းချမ်းချင်ကြတယ်၊ ချစ်ချစ်ခင်ခင် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူလက်တွဲပြီး နေချင်ကြမှာပါ၊ ပုပ်ရဟန်းမင်းကြီး ပြောသွားသလိုပဲ ဘယ်ပြဿနာကိုမဆို လက်တုံ့မပြန်တဲ့ မေတ္တာတရားနဲ့ ဖြေရှင်းဖို့လိုပါတယ်၊ ကလဲ့စားချေခြင်းက မကောင်းပါဘူး၊ ဘုရားသခင် ချမှတ်တဲ့ လမ်းကြောင်းအတိုင်း အေးအေးချမ်းချမ်း နေသွားသင့်ပါတယ်"**


ဦးစောဝေါလ်တာ


ဦးကျန်းတင်


ဒေါ်မေရီနွဲ့

ပုပ်ရဟန်းမင်းကြီး ပြောသွားသလိုပဲ ဘယ်ပြဿနာကိုမဆို လက်တုံ့မပြန်တဲ့ မေတ္တာတရားနဲ့ ဖြေရှင်းဖို့လိုပါတယ်၊ ကလဲ့စားချေခြင်းက မကောင်းပါဘူး၊ ဘုရားသခင်ချမှတ်တဲ့ လမ်းကြောင်းအတိုင်း အေးအေးချမ်းချမ်းနေသွားသင့်ပါတယ်။

**ဦးစောဝေါလ်တာ(ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့)**

ကျွန်တော်တို့တစ်သက်မှာ တစ်ခါသာ ပုပ်ရဟန်းမင်းကြီးက ကြွလာတာလေ၊ အတော့်ကို ဝမ်းသာတယ်။ ကိုယ်တိုင်မြင်တွေ့ချင်လို့ အခုလို လာခြင်းဖြစ်ပါတယ်။ အဓိကကတော့ ချစ်မေတ္တာပေါ့။ ဘယ်ဘာသာမှာမဆို ချစ်ခြင်း၊ ခွင့်လွှတ်ခြင်းကိုပဲ အဓိက သွန်သင်ကြတာပါပဲ၊ ဒီနေ့ပွဲမှာလည်း ပုပ်ရဟန်းမင်းကြီးက ချစ်မေတ္တာတရား၊ ချစ်ခြင်း၊ ခွင့်လွှတ်ခြင်း၊ သည်းခံခြင်း၊ အချင်းချင်း ရိုင်းပင်းကူညီခြင်းဆိုတာတွေကို အဓိကထား ဟောပြောသွားခဲ့တယ်။

**ကိုအာဂျား (ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်)**

ပုပ်ရဟန်းမင်းကြီးကို အခုလိုမြင်တွေ့ခွင့်ရဖို့ဆိုတာ တစ်ခါမှ တွေးတောင် မတွေးဖူးပါဘူး၊ ဒီနေ့ ဝတ်ပြုဆုတောင်းပွဲမှာ ငြိမ်းချမ်းရေးကို အဓိကထားတယ်။ အတော်ကောင်းပါတယ်၊ ချစ်ခြင်းမေတ္တာနဲ့ ခွင့်လွှတ်သည်းခံဖို့ဆိုတာတွေက ဘာသာတိုင်းမှာပါသလို လိုက်နာဖို့လည်း လိုတယ်လို့ ထင်ပါတယ်။

**မအေးမြတ်မြတ်မင်း (ရန်ကုန်မြို့၊ ဒဂုံမြို့နယ်)**

ကျွန်မက ကက်သလစ်ဘာသာဝင်ဖြစ်တဲ့အတွက် ဒီနေ့ ဝတ်ပြုဆုတောင်းပွဲကို တက်ရောက်လာတာ ဖြစ်ပါတယ်။ နောက်ပြီး ပုပ်ရဟန်းမင်းကြီးက အာရှတိုက်ကို သိပ်မလာဖြစ်ဘူး၊ အဲဒါကြောင့် အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံတွေက ဝတ်ပြုဆုတောင်းပွဲကို တလေးတစားလာကြတယ်။ ညီမတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးကတော့ အဓိကလိုအပ်နေတယ်။ ပုပ်ရဟန်းမင်းကြီးကတော့ အချင်းချင်း ချစ်ခြင်းမေတ္တာထားဖို့ စည်းစည်းလုံးလုံးနေဖို့ ပြောတယ်။ ညီမတို့ ဘာသာဝင်တွေ သာမက ဘာသာအားလုံး ချစ်ချစ်ခင်ခင်နဲ့ နေနိုင်ပါစေ၊ မြန်မာပြည်ကြီး အေးချမ်းသာယာပါစေ။

**မအန်းမေရီ(ရန်ကုန်မြို့၊ လှိုင်မြို့နယ်)**

ကျွန်မတို့ မနက် ၄ နာရီက ဒီကိုရောက်ပါတယ်၊ ရောက်တော့ လူတွေကလည်း အလွန်များနေပြီ။ ကျွန်မတို့ တစ်သက်မှာ တစ်ခါ ကြုံတောင့်ကြုံခဲပါပဲ။ ကျွန်မတို့ ဗာတီကန်မြို့ကို သွားရင်တောင်မှ ပုပ်ရဟန်းမင်းကြီး ကိုယ်တိုင်ပူဇော်တဲ့ မဏ္ဍားကိုတက်ဖို့ မဖြစ်နိုင်ပါဘူး။ ဒီလိုကြုံတွေ့ရတော့ အတော့်ကို ဝမ်းသာပါတယ်။ ပုပ်ရဟန်းမင်းကြီး လိုက်လံနှုတ်ဆက်တဲ့အချိန်မှာ မျက်ရည်ကျ ရလောက်အောင် ဝမ်းသာပီတိဖြစ်ခဲ့ရပါတယ်။ မြန်မာကို ကမ္ဘာက သိသွားပြီလို့တော့ ကျွန်မ ယူဆမိပါတယ်။

**ဖရော်လာရိုစီ (ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်လေး)**

ည ၁၁ နာရီကတည်းက လာစောင့်နေခဲ့တာပါ။ ဒါကတော့ ကျွန်မတို့အတွက် မဟာအခွင့်အရေးပါပဲ၊ ပုပ်ရဟန်းမင်းကြီးက တစ်ကမ္ဘာလုံးမှာ ဘာသာရေး ခေါင်းဆောင်တစ်ယောက်ပါ။ သူ့ရဲ့ဝတ်ပြုဆုတောင်းပွဲကို တက်ရတာ အလွန်ပဲကောင်းချီး ခံစားရသလို ပီတိလည်း ဖြစ်ရတယ်။ ဘုရားသခင်ရဲ့ ကောင်းချီးမင်္ဂလာလည်း ကျွန်မတို့ နိုင်ငံက ရရှိမယ်လို့ ခံစားမိပါတယ်။

**ကိုဆမ်းဆန် (တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့)**

ဒီနေ့က ကျွန်တော့်ရဲ့မွေးနေ့ဖြစ်သလို အလွန်မြင့်မြတ်တဲ့ သူတော်စင် ပုပ်ရဟန်းမင်းကြီးရဲ့ ဝတ်ပြုခြင်းအစီအစဉ်မှာ ပါဝင်ခွင့်ရတဲ့အတွက် မမေ့နိုင်တဲ့ နေ့ရက်တစ်ရက် ဖြစ်ပါတယ်။ အတိုင်းမသိ ဝမ်းမြောက်ခြင်းလည်း ခံစားရပါတယ်။ အခုလို လာရောက်တဲ့အတွက် မြန်မာနိုင်ငံအတွက် အလွန်အကျိုးထူး သွားလိမ့်မယ်လို့ ကျွန်တော်ထင်တယ်။ ပုပ်ရဟန်းမင်းကြီးက ရှင်ပေတရု အရိုက်အရာကို ဆက်ခံခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဥသျှောင်ကြီးဖြစ်တယ်။ သူသွားခဲ့တဲ့ ခရီးစဉ်တိုင်းမှာလည်း ထူးခြားမှုတွေ ဖြစ်ခဲ့တယ်လို့ ကျွန်တော် ခံစားမိတယ်။ ဒါကြောင့် သူက ငြိမ်းချမ်းရေးကို အဓိက လုပ်ဆောင်နေတယ်။ ဒီနေ့ အခမ်းအနားတွေမှာ သူပြောခဲ့တာကလည်း ဖွံ့ဖြိုးတိုးတက်ရေးတွေ လူသားအကျိုးပြု လုပ်ငန်းတွေကို ရဟန်း မင်းကြီးရဲ့ သွန်သင်မှုနဲ့ ကျွန်တော်တို့ ကက်သလစ်အသင်းတော်က လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ လုပ်ဆောင်ဖို့ ခွန်အားတွေရှိလာပြီး အတူတကွ ပူးပေါင်းခြင်းအားဖြင့် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေ အများကြီး လုပ်ဆောင်နိုင်မယ်လို့ မျှော်လင့်တယ်။ ဒီနေ့ဟာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ခံစားတဲ့နေ့ဖြစ်တယ်။ လာမယ့်နေ့ရက်တွေမှာလည်း ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ခံစားပြီး မြန်မာပြည်ကြီး အစဉ်မပြတ် ဝမ်းမြောက်ပျော်ရွှင်တဲ့ နိုင်ငံဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။ ။


မအန်းမေရီ


ကိုဆမ်းဆန်


ဒေါ်ဂျူးလီဆန်းမိုင်

❍ *ရှေ့ဖုံးမှ*

ကိုးကွယ်ရာဘာသာတွေဟာ လူသားကောင်းကျိုးချမ်းသာကို ညွှန်ပြကြသောကြောင့် အဆိုပါ အကြမ်းဖက်ဝါဒနဲ့ အစွန်းရောက်ဝါဒတွေဟာ ဘာသာရေးယုံကြည် ကိုးကွယ်ကျင့်သုံးမှုကိုအခြေခံတယ်ဟု ကျွန်ုပ်တို့ ယူဆ လက်ခံခြင်းမရှိပါ။

ကိုးကွယ်ရာဘာသာအယူဝါဒရဲ့ မူရင်းသင်ကြားချက်တွေကို ကိုးကွယ်သူတို့က မိမိတို့ရဲ့ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟဟူသော အဂတိတရားတို့နဲ့ ရောနှောလျက် ပြုပြင်ဖန်တီးကြသောကြောင့်သာလျှင် အကြမ်းဖက်မှုနဲ့ အစွန်းရောက်မှုတို့ ဖြစ်ပေါ်လာရတယ်ဟု ကျွန်ုပ်တို့ ယုံကြည်ထားပါတယ်။

**တာဝန်ရှိ**

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့ ဘာသာရေးခေါင်းဆောင်များအားလုံးဟာ မိမိတို့ရဲ့ ဘာသာဝင်တွေအား ဘာသာတရားရဲ့ လမ်းညွှန်ချက် အစစ်အမှန်တွေကို အဂတိတရားမလိုက်စားဘဲ သင်ကြားပေးရမယ့် တာဝန်ရှိပါတယ်။

ကမ္ဘာတစ်ဝန်းလုံးရှိ လူသားတွေကလည်း စိုးရိမ်ထိတ်လန့်မှုကင်းရှင်းစွာဖြင့် အတူတကွပူးပေါင်းလက်တွဲလျက် ဘဝလုံခြုံမှု အပြည့်အဝရရှိနိုင်သော ညီညွတ်သည့် လူမှုဘဝရရှိဖို့ ကြိုးပမ်းအားထုတ်ကြရပါမယ်။

၎င်းအပြင် ဘာသာရေးကိုခုတုံးလုပ်၍ အမုန်းစကားပြောဆိုခြင်း၊ မမှန်မကန်ဝါဒဖြန့်ခြင်း၊ ယင်းတို့ကြောင့် ခိုက်ရန်ဖြစ်ပွားခြင်း၊ ဆူပူသောင်းကျန်းခြင်း၊စစ်မက်တိုက်ခိုက်ခြင်းမှန်သမျှနှင့် ယင်းတို့ဖြစ်ပေါ်အောင် ထောက်ပံ့ကူညီကြသူတွေကို ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြရပါမယ်။

ကမ္ဘာ့ဘာသာရေးခေါင်းဆောင်အားလုံးသည် မိမိတို့ဘာသာတရား၏အဆုံးအမတွေကို အတိအကျလိုက်နာခံယူပြီး ပြည့်ဝသော လူ့ဘောင်ဘဝ တည်ဆောက်သူများအနေနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို ပိုမိုတိုးတက်ခိုင်မာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရပါမယ်။

မတူကွဲပြားသည့်ဘာသာဝင်တွေအကြား အပြန်အလှန်နားလည်မှု၊ လေးစားမှုနှင့် ယုံကြည်မှုတည်ဆောက်လျက် ငြိမ်းချမ်းလုံခြုံသာယာသော လူ့ဘောင်ဘဝ တည်ဆောက်နိုင်ရန်လွန်စွာအရေးတကြီး လိုအပ်ပါတယ်။

အခြားကိုးကွယ်မှုဘာသာတရားများရဲ့ အရေးကိစ္စတွေမှာ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုမပြုရေးကို ထိန်းသိမ်းဆောင်ရွက်လျက် ငြိမ်းချမ်းရေးကို ပူးပေါင်းဆောင်ရွက်ကြရပါမယ်။

ဘာသာတရားအသီးသီးရဲ့ လမ်းစဉ်နဲ့အစဉ်အလာများကို တန်းတူညီမျှစွာ အသိအမှတ်ပြုကြရပါမယ်။

ဘာသာရေးကိုလွဲမှားစွာ အသုံးချမှုမှန်သမျှ အများပြည်သူသိရှိစေရန်အတွက် ဆန့်ကျင်ကြောင်း ပြသထုတ်ဖော်ရန် ကျွန်ုပ်တို့အားလုံးတွင် တာဝန်ရှိပါတယ်။

**ယုံကြည်ထား**

အထက်ပါအဆိုပြုချက်များကို မတူညီသော ဘာသာဝင်အားလုံးက လိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် အနာဂတ်ကာလတွင် ဤကမ္ဘာကြီး ငြိမ်းချမ်းသာယာဖွံ့ဖြိုးတိုးတက်မည်ဟု ကျွန်ုပ်တို့ခိုင်မာစွာ ယုံကြည်ထားပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းမှာ ဗုဒ္ဓဘာသာ ရဟန်းသာမဏေတွေ၊ သာသနာ့အနွယ်ဝင်သီလရှင်များနှင့်ဗုဒ္ဓဘာသာဝင်အပေါင်းတို့ဟာ ဗုဒ္ဓမြတ်စွာဘုရားရှင်ဟောကြားညွှန်ပြ ဆိုဆုံးမခဲ့သော ဓမ္မဒေသနာတော်တွေကို သံဂါယနာ ၆ တန် တင်ထားခဲ့သည့် ပိဋကတ်တော်များအတိုင်း တစ်သဝေမတိမ်း သင်ယူလိုက်နာကျင့်ကြံ၍ ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြပါတယ်။ မြန်မာနိုင်ငံမှာ ဗုဒ္ဓဘာသာရဟန်းသာမဏေတွေနဲ့ သာသနာ့နွယ်ဝင် သီလရှင်ပေါင်းခြောက်သိန်းခန့်ရှိပြီး ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းကြီးအောက်မှာ အယူဝါဒမကွဲ ထေရဝါဒဗုဒ္ဓသာသနာအဆုံးအမများနှင့်အညီ ကျင့်သုံးနေထိုင်လျက်ရှိကြပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက ဗုဒ္ဓဘာသာအား နိုင်ငံတော်ရဲ့နိုင်ငံသားအများဆုံး ကိုးကွယ်သည့် ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသော ဘာသာအဖြစ် အသိအမှတ်ပြုထားသကဲ့သို့ အခြားဘာသာတွေဖြစ်သည့် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် နတ်ကိုးကွယ်မှုဘာသာတွေကိုလည်း နိုင်ငံတော်အတွင်း တည်ရှိနေသော ဘာသာများအဖြစ် အသိအမှတ်ပြုကာ တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးလျက်ရှိပါတယ်။

“ဗုဒ္ဓဘာသာအပါအဝင် ဘာသာအသီးသီး၏ အခြေခံသဘောတရားဟာ မေတ္တာတရား လက်ကိုင်ထားခြင်းပင် ဖြစ်ပါတယ်၊ လူသားများအနေနဲ့ မေတ္တာရှေ့ထားပြီး ပြောဆို၊ လုပ်ကိုင်နေထိုင်ကြခြင်းအားဖြင့် မိသားစုတစ်စု၊ အဖွဲ့အစည်း တစ်ဖွဲ့ချင်းသော်လည်းကောင်း၊ တိုင်းနိုင်ငံအတွင်း၌ သော်လည်းကောင်း၊ နိုင်ငံအချင်းချင်းသော် လည်းကောင်း ငြိမ်းချမ်းစွာ အတူ ယှဉ်တွဲနေထိုင်နိုင်ကြလိမ့်မယ်လို့ ယုံကြည်ပါတယ်၊ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲ ဆက်ဆံနေထိုင်ခြင်းအားဖြင့် ကမ္ဘာ့ငြိမ်းချမ်းရေးကို မလွဲကေန်ရရှိမှာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်” ဟု နှုတ်ခွန်းဆက်စကား မိန့်ကြားတော်မူသည်။



**နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာ ဘိဝံသနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။** သတင်းစဉ်

ယင်းနောက် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က “ယခုတွေ့ဆုံခြင်းဟာ ကက်သလစ် ခရစ်ယာန်များနှင့် ဗုဒ္ဓဘာသာဝင်များကြားမှာ တည်ရှိနေတဲ့ လေးစားခင်မင်မှု၊ မိတ်သဟာယဖွဲ့မှုတွေ ကို ပိုမိုခိုင်မာသစ်လွင်စေတဲ့ တွေ့ဆုံခြင်းဖြစ်ပါတယ်၊ ထိုမျှသာမက ငြိမ်းချမ်းခြင်းနဲ့ လူသားတိုင်းအတွက် တရားမျှတခြင်း၊ လူ့ဂုဏ်သိက္ခာကို လေးစားတန်ဖိုးထားခြင်းတို့အတွက် တပည့်တော်တို့အားလုံးမှာ တာဝန်ရှိကြောင်း အတည်ပြုဖို့ အခွင့်အရေးတစ်ခုလည်း ဖြစ်ပါတယ်၊ ယခုကဲ့သို့ အတူတကွ အတည်ပြုထောက်ခံခြင်းမျိုးကို မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်းလုံးရှိ လူသားများလိုအပ်နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ တရားမျှတခြင်း၊ ငြိမ်းချမ်းခြင်း၊ လူတစ်ဦးစီရဲ့အခြေခံဂုဏ်သိက္ခာတို့ကို တပည့်တော်တို့ အတူတကွ တစ်သံတည်းအတည်ပြုခြင်းအားဖြင့် လူသားများအတွက် မျှော်လင့်ချက်စကားတစ်ခွန်းကို လက်ဆောင်ပေးခြင်း ဖြစ်ပါတယ်၊ လူ့အသိုင်းအဝိုင်းအတွင်း သင့်မြတ်မှု၊ သဟဇာတရှိမှုများကို တိုးပွားဖို့ ကြိုးစားနေကြတဲ့ ဗုဒ္ဓဘာသာဝင်များဖြစ်စေ၊ ကက်သလစ်ခရစ်ယာန်များဖြစ်စေ၊ အခြားသူများကိုဖြစ်စေ တပည့်တော်တို့ ဝိုင်းဝန်းကူညီပေးကြပါစို့။

ခေတ်ကာလတိုင်းမှာ လူသားထုဟာ မတရားမှုများ၊ ပဋိပက္ခဖြစ်မှုများ၊ မညီမျှမှုများကို ရင်ဆိုင်ကြရပါတယ်။ တပည့်တော်တို့ရဲ့ခေတ်ကာလမှာလည်း ဤကဲ့သို့သော ဒုက္ခများဟာ ပိုကြီးမားလာသယောင်မြင်တွေ့နေရပါတယ်။

လူ့အဖွဲ့အစည်းက နည်းပညာပိုင်းမှာ ပိုတိုးတက်လာသလို ကမ္ဘာလူသားများအနေနှင့်လည်း တူညီသော ဦးတည်ချက်နှင့် လူ့သဘာဝတို့ကို ပိုမိုနားလည်လာကြပါတယ်။ ဒါပေမယ့်လည်း ပဋိပက္ခဖြစ်မှု၊ ဆင်းရဲမွဲတေမှု၊ ဖိနှိပ်မှုများ၏ ဒဏ်ချက်များ ဆက်လက်တည်ရှိနေပြီး ယင်းတို့က ကွဲပြားမှုများကို ထပ်မံဖြစ်ပွားစေပါတယ်။

**ဦးတည်သောလမ်းဖြစ်**

တပည့်တော်တို့အနေနဲ့ ဤကဲ့သို့ ကြုံတွေ့ရသော်လည်း လက်လျှော့မသွားသင့်ပါ။ တပည့်တော်တို့ ကိုယ်စီရဲ့ ဘာသာရေး ထုံးတမ်းစဉ်လာများကို အခြေခံပြီး ရှေ့ဆက်ရန်အတွက် နည်းလမ်းတစ်ခုရှိနေတယ်ဆိုတာကို အားလုံးက သိနားလည်ထားကြပါတယ်။ ထိုဒဏ်ရာတွေကို ပျောက်ကင်းစေမယ့်လမ်းဟာ သနားကြင်နာခြင်းနဲ့ မေတ္တာတရားကို အခြေခံပြီး အပြန်အလှန်နားလည်မှုနဲ့ လေးစားမှုဆီ ဦးတည်သောလမ်းဖြစ်ပါတယ်။

ဗုဒ္ဓတရားတော်ရဲ့ အဆုံးအမအတိုင်း ကျင့်ကြံနေထိုင်ကြသော မြန်မာပြည်သူ ပြည်သားများအားလုံးကို တပည့်တော်အနေနဲ့ လေးစားကြောင်း ဖော်ပြလိုပါတယ်။ သံဃာတော်များ၊ သီလရှင်များစွာတို့ရဲ့ အကျင့်ပုံစံကောင်းများနဲ့အတူ စိတ်ရှည်ခြင်း၊ သည်းခံခြင်း၊ ဇီဝအသက်နှင့် သဘာဝပတ်ဝန်းကျင်ကို လေးစားတန်ဖိုးထားခြင်း စသော ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဓမ္မတရားရတနာများဖြင့် မြန်မာ ပြည်သူ ပြည်သားများဟာ သွန်သင်လမ်းညွှန်ခြင်းများနဲ့ ပြည့်စုံစွာ ရရှိနေသူများဖြစ်ပါတယ်။

ဗုဒ္ဓတရားဓမ္မများဟာ လူမှုအဖွဲ့အစည်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော အဖိုးတန်ရတနာဖြစ်ပါတယ်။ ထိုတရားဓမ္မတွေအားဖြင့် အိမ်ထောင်စု စည်းလုံးညီညွတ်ခြင်းမှသည် ပြည်ထောင်စု စည်းလုံးညီညွတ်ခြင်း၊ ယင်းမှတစ်ဖန် ပို၍ကြီးကျယ်သော ကမ္ဘာ့လူသားစုတွင် ပါဝင်ခြင်းအထိ ဆက်နွှယ်မှုများရှိပါတယ်။

အထက်ပါ အဖိုးတန်တရားဓမ္မများသည် တပည့်တော်တို့ရဲ့ လူမှုအသိုင်းအဝိုင်းကို အင်အားရှိစေပြီး လူ့အဖွဲ့အစည်းအတွက် အရေးကြီးသော အလင်းရောင်ကို သယ်ဆောင်ဖို့ရာ အထောက်အကူဖြစ်စေပါတယ်။

တပည့်တော်တို့ နေ့စဉ်ပြုလုပ်ကြတဲ့ တာဝန်ကြီးတစ်ခုကတော့ လူသားများကို တရားဘာဝနာပွားများဖို့ ကူညီပေးကြရတာ ဖြစ်တယ်။

မိမိတို့ရဲ့အဇ္ဈတ္တသန္တာန်ကို လေးနက်မှန်ကန်စွာ ကြည့်မြင်နိုင်တဲ့အခါ အတ္တရဲ့အနတ္တသဘောကိုသိပြီး ပရဟိတအများနှင့် ဆက်နွှယ်နေခြင်းကို နားလည်လာနိုင်ပါတယ်၊ ဝိနည်းအားဖြင့် တပည့်တော်တို့ဟာ တစ်သီးပုဂ္ဂလနေလို့မရဘူးဆိုတာ သိလာရပါတယ်၊ တပည့်တော်တို့ရဲ့ တရားဓမ္မများက ချစ်ကြည်ရင်းနှီးစွာနေထိုင်ဖို့ တိုက်တွန်းထားတဲ့အတွက် နားမလည်မှု၊ သည်းမခံနိုင်မှု၊ အထင်လွဲမှုနှင့် အမုန်းပွားမှုများကို ကျော်လွှားနိုင်အောင် ကြိုးစားကြရမှာဖြစ်ပါတယ်။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ဒေသနာတော်က ဘယ်လိုကျော်လွှားသွားနိုင်မလဲဆိုတာကို လမ်းပြထားပါတယ်။ “ဒေါသကိုစိတ်ရှည်ခြင်းနဲ့ အနိုင်ယူပါ။ အဆိုးကို အကောင်းနဲ့ အနိုင်ယူပါ။ လောဘကို စေတနာနဲ့ အနိုင်ယူပါ၊ လိမ်လည်မှုကို အမှန်တရားနဲ့ အနိုင်ယူပါ”လို့ ဓမ္မပဒမှာ ပြောထားတာကို မှတ်သားခဲ့ရဖူးပါတယ်။ (ဓမ္မပဒ ၁၇၊ ၂၂၃) ဒီ အဆုံးအမများဟာ စိန့်ဖရန်စစ်အစီစီရဲ့ ဆုတောင်းပတ္ထနာနဲ့ ဆင်တူတာကို တွေ့ရပါတယ်။” “သခင်ဘုရား၊ တပည့်တော်ကို ငြိမ်းချမ်းခြင်းအတွက် လက်သုံးတန်ဆာဖြစ်စေပါ။ အမုန်းရှိသည့်နေရာတွင် မေတ္တာတရားကို လည်းကောင်း၊ ထိခိုက်စော်ကားမှုများရှိသည့်နေရာတွင် ခွင့်လွှတ်ခြင်းကိုလည်းကောင်း၊ မှောင်မိုက်သည့်နေရာတွင် အလင်းကိုလည်းကောင်း၊ စိတ်ဆင်းရဲခြင်းနေရာတွင် ပျော်ရွှင်ခြင်းကိုလည်းကောင်း သယ်ဆောင်နိုင်ရန် ကူညီတော်မူပါ” လို့ သူဆုတောင်းခဲ့ပါတယ်။

ဤကဲ့သို့သော တရားသဘောက ဘာသာမတူ၊ လူမျိုးမတူ၊ ယဉ်ကျေးမှု မတူသောသူများကြားမှာ နှစ်ပေါင်းများစွာက ရှိခဲ့တဲ့ ခွဲခြားမှု၊ ပဋိပက္ခဒဏ်ရာများကို ကုသပေးပြီးနားလည်မှု၊ စိတ်ရှည်မှုများအတွက် ကြိုးစားအားထုတ်ရာမှာ ဉာဏ်အလင်းခွန်အား ရစေပါတယ်။

ဒီလိုကြိုးစားအားထုတ်ဖို့ဆိုတာ ဘာသာရေးခေါင်းဆောင်များအတွက် သက်သက်မဟုတ်သလို နိုင်ငံခေါင်းဆောင်များအတွက် သီးသန့်ဆောင်ရွက်ရမယ့် အရာမဟုတ်ပါဘူး၊ လူမှုအဖွဲ့အစည်းတစ်ခုလုံးထဲမှာပါဝင်တဲ့ လူတစ်ယောက်စီတိုင်းက ကြိုးစားပြီး မတရားမှုများ၊ ရန်ပွဲများ ရပ်စဲသွားဖို့ ဝေမျှပါဝင်လုပ်ဆောင်ကြရမှာဖြစ်ပါတယ်။ အထူးသဖြင့် လူမှုအဖွဲ့အစည်းခေါင်းဆောင်များနှင့် ဘာသာရေးခေါင်းဆောင်များအနေနဲ့ အသံမဲ့သူများရဲ့အသံကို ကြားနိုင်ဖို့ ကြိုးစားပေးရမှာ ဖြစ်ပါတယ်။

**အထောက်အကူဖြစ်**

ဒီလိုကြိုးစားပေးခြင်းအားဖြင့် မျက်မှောက်ကာလရဲ့ လိုအပ်ချက်တွေကို ရှင်းလင်းစွာသိရှိပြီး ဘက်မလိုက်ခြင်းနှင့် တစ်လုံးတစ်ဝတည်းရှိခြင်းတို့ကို နားလည်လာမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ပင်လုံငြိမ်းချမ်းရေးညီလာခံရဲ့ လုပ်ဆောင်ချက်များအတွက် ဂုဏ်ပြုချီးမွမ်းလိုပါတယ်။ မြန်မာပြည်တွင်မှီတင်းနေထိုင်ကြသူများအားလုံးပို၍ အားတက်သရော ပါဝင်နိုင်ပါစေကြောင်း၊ ဆုတောင်းပေးပါတယ်။ ဒီလိုတာဝန်သိစိတ်ဖြင့် ပါဝင်ခြင်းဟာဆိုရင် ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် လူသားအားလုံး၏ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရာမှာ အမှန်တကယ် အထောက်အကူဖြစ်စေပါတယ်။

ဤကြိုးပမ်းအားထုတ်မှုက အခွန့်ရှည်သော အသီးအပွင့်များ ပေါ်ထွက်လာမှာ သေချာပြီး ဘာသာရေးခေါင်းဆောင်များရဲ့ လက်တွဲပါဝင်ဆောင်ရွက်ခြင်းကိုလည်း လိုအပ်လာမှာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ရင် ကက်သလစ်သာသနာတော်ကလည်း ကူညီဆောင်ရွက်ဖို့ရန် အသင့်ရှိနေပါတယ်။ မြန်မာပြည်ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် ဘာသာရေးခေါင်းဆောင်များအချင်းချင်း နှီးနှောဖလှယ်ခြင်း၊ တွေ့ဆုံခြင်းတို့ဟာ အလွန်အရေးပါကြောင်း သက်သေပြနေပါတယ်။ ပြီးခဲ့တဲ့ ဧပြီလထဲမှာ ကက်သလစ်ဆရာတော်ကြီးများအဖွဲ့ချုပ်က ဦးဆောင်ပြီး ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးအတွက် နှစ်ရက်တာ စုပေါင်းတွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါတယ်။ အဲဒီမှာ ဘာသာပေါင်းစုံမှ ခေါင်းဆောင်များ၊ သံတမန်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ခဲ့ပါတယ်။ အချင်းချင်းသိကျွမ်းခင်မင်မှုကို ပိုပြီးလေးနက်စေဖို့၊ အချင်းချင်းဆက်နွှယ်နေမှုနဲ့ တူညီသော ပန်းတိုင်ရှိကြောင်း အတည်ပြုထောက်ခံဖို့အတွက် ဒီလိုဆွေးနွေးပွဲမျိုးဟာ မရှိမဖြစ် လိုအပ်သောအရာဖြစ်ပါတယ်။ တရားမျှတမှုနဲ့ ငြိမ်းချမ်းရေးတို့ဟာ အားလုံးအတွက်ဖြစ်ပါမှ စစ်မှန်သော တရားမျှတမှုနဲ့ အခွန့်ရှည်သော ငြိမ်းချမ်းရေးတို့ကို ရရှိနိုင်မှာဖြစ်ပါတယ်။

**မိန့်မှာခဲ့**

လေးစားခင်မင်ရပါသော ဆရာတော်အပေါင်းတို့ ဗုဒ္ဓဘာသာဝင်များနှင့် ကက်သလစ်ဘာသာဝင်များသည် ဤဒဏ်ရာများကို ကုစားနေသော လမ်းခရီးတစ်လျှောက် အတူတကွ လျှောက်လှမ်းနိုင်ကြပါတယ်။ မိမိတို့နေထိုင်သော တစ်ထောင့်တစ်နေရာသာယာလှပဖို့ အတူတကွ လက်တွဲဆောင်ရွက်နိုင်ပါတယ်။ ခရစ်ယာန်တို့ရဲ့ သမ္မာကျမ်းစာထဲမှာ တမန်တော်ရှင်ပေါလုက သူ၏ တပည့်များကို ပျော်ရွှင်ဝမ်းမြောက်သူများနှင့်အတူ ပျော်ရွှင်ပြီး ငိုကြွေးတဲ့သူတွေနဲ့အတူ ငိုကြွေးဖို့ မိန့်မှာ ခဲ့ပါတယ်။ (ရောမသြဝါဒ စာ၁၂း၁၅) အချင်းချင်းရဲ့ ဝန်ထုပ်များကို ကူညီထမ်းရွက်ပေးဖို့ မိန့်မှာခဲ့ပါတယ်။ (ဂလာသြဝါဒ စာ ၆း၂)

ဤမြေပေါ်မှာ ငြိမ်းချမ်းခြင်း၊ ပြန်လည်သင့်မြတ်ခြင်း၊ ချစ်ခြင်း၊ မျှော်လင့်ခြင်းမျိုးစေ့များ စိုက်ပျိုးရန်အတွက် ဆရာတော်တို့နဲ့အတူတကွ ဒီခရီးကို လျှောက်လှမ်းလိုကြောင်း တပည့်တော်ရဲ့ကက်သလစ် ညီအစ်ကိုမောင်နှမများကိုယ်စား လျှောက်ထားလိုပါတယ်။

ဆရာတော်တို့နဲ့အတူ ယနေ့ ဤနေရာမှာ ဆုံတွေ့နိုင်ဖို့ ဖိတ်ခေါ်ခဲ့တဲ့အတွက်လည်း ကျေးဇူးဥပကာယတင်ရှိပါကြောင်း ထပ်လောင်းလျှောက်ထားလိုပါတယ်။ အားလုံးအပေါ်သို့ ဝမ်းမြောက်ခြင်း၊ ငြိမ်းချမ်းခြင်း ကောင်းချီးမင်္ဂလာတော်များ သက်ရောက်စေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါတယ်” ဟု နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တ ကုမာရာ ဘိဝံသနှင့် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

ယင်းနောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် တာဝန်ရှိသူများက ပုပ်ရဟန်းမင်းကြီး ဖရန်စစ်နှင့် အဖွဲ့အား လည်းကောင်း၊ ဧည့်သည်တော်အဖွဲ့မှ တာဝန်ရှိသူက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား လည်းကောင်း အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ **သတင်းစဉ်**

# သဘောကွဲလွဲမှုများ ရှိနေစေကာမူ မိမိတို့အနေဖြင့် အခွင့်အလမ်းအဖြစ်သို့ ပြောင်းလဲရမည်သာဖြစ် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရိုင်းပင်းကူညီကြရန်မှာ အလွန်ပင်အရေးကြီး

ရန်ကုန် နိုဝင်ဘာ ၂၉

**မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ သုံးရက်ကြာ ခရီးစဉ်နှင့်ပတ်သက်၍ ပုပ်ရဟန်းမင်းကြီး၏ ပြောရေးဆိုခွင့်ရှိသူ Mr.Gerg Burk၊ မြန်မာနိုင်ငံ၏ ကက်သလစ်ဆရာတော်ကြီးများ၊ ပုပ်ရဟန်းမင်းကြီး၏ မြန်မာနိုင်ငံ ခရီးစဉ်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဖာသာမာရီယာနို စိုးနိုင်တို့က နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာများမှ သတင်းသမားများနှင့် ယနေ့ည ၇ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်၌တွေ့ဆုံကာ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။** (အောက်ပုံ)



အဆိုပါရှင်းလင်းပွဲတွင် ပုပ်ရဟန်းမင်းကြီး၏ ပြောရေးဆိုခွင့်ရှိသူ Mr.Gerg Burk က ခရီးစဉ်နှင့် ပတ်သက်၍ ရှေးဦးစွာခြုံငုံပြောကြားရာတွင် ပုပ်ရဟန်းမင်းကြီး၏ ခရီးစဉ်ကို မိမိတို့အနေဖြင့် အကျစ်လျစ်ဆုံး စကားလုံးတစ်လုံးတည်းဖြင့် ပြောနိုင်ပါကြောင်း၊ ယင်းစကားလုံးမှာ စည်းလုံးညီညွတ်ခြင်းဟူသော စကားလုံးပင်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှုနှင့် လူမျိုးပေါင်းစုံ ပေါင်းစည်းနေထိုင်မှုတို့ကို ရည်ညွှန်းလိုခြင်းဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံ၏ တူညီသောရည်မှန်းချက်မှာလည်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ရေးသာလျှင်ဖြစ်ကြောင်း၊ ပုပ်ရဟန်းမင်းကြီးမိန့်ကြားခဲ့သောစကားများ အထူးသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် တွေ့ဆုံရာတွင် မိန့်ကြားခဲ့သော စကားများအရ ဘာသာတရားအချင်းချင်း စည်းလုံးညီညွတ်မှုရှိကြရန် အထူးအလေးပေး ပြောဆိုခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် မေးမြန်းချက်များကို ဖြေကြားရာ၌ နေပြည်တော်၌ ပုပ်ရဟန်းမင်းကြီး မြွက်ကြားခဲ့ရာတွင်လည်း စည်းလုံးညီညွတ်မှု အရေးကြီးပုံကို ဖော်ပြခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ ကက်သလစ်အသင်းတော်သည် လူနည်းစု၏ အသင်းတော် ဖြစ်သော်လည်း မြန်မာနိုင်ငံ၏ မြေပုံပေါ်တွင် အသင်းတော်မှာ နေရာတစ်ခုရရှိနေခြင်းမှာ ထင်ရှားပါကြောင်း၊ မြန်မာနိုင်ငံ၌ရှိနေစဉ် ပုပ်ရဟန်းမင်းကြီးနှင့် ဘာသာတရားပေါင်းစုံမှ ခေါင်းဆောင်များ တွေ့ဆုံခွင့် ရရှိခဲ့ပါကြောင်း။

သဘောကွဲလွဲမှုများ ရှိနေစေကာမူ မိမိတို့အနေဖြင့် အခွင့်အလမ်းအဖြစ်သို့ ပြောင်းလဲရမည်သာ ဖြစ်ကြောင်း၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ကြပြီး တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ရိုင်းပင်းကူညီကြရန်မှာ အလွန်ပင်အရေးကြီးကြောင်း၊ ဘာသာတရားဟူသည် လူသားတို့ခံစားနေကြရသော ဝေဒနာများကို ကုစားပေးရန်သာ ရည်ရွယ်ကြောင်း၊ ပုပ်ရဟန်းမင်းကြီးအနေဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သို့ သွားရောက်ရန် ၎င်း၏ သံတမန်များကို စေခိုင်းခြင်းမရှိဘဲ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တည်ဆောက်နိုင်ရန် ကိုယ်တိုင်ကိုယ်ကျ လာရောက်ခြင်းဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအရ ဖြစ်ပေါ်လာသော ခရီးစဉ်သာလျှင်ဖြစ်ပါကြောင်း၊ နိုင်ငံအကြီးအကဲနှင့် ပုပ်ရဟန်းမင်းကြီးတို့ တွေ့ဆုံခြင်း မရှိမီမှာပင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မေတ္တာရပ်ခံချက်အရ အလွတ်သဘောတွေ့ဆုံရန် စီစဉ်ခြင်းကို ပုပ်ရဟန်းမင်းကြီးက လက်ခံခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသို့ ပုပ်ရဟန်းမင်းကြီး ကြွရောက်သည့် ခရီးစဉ်ကိုအကြောင်းပြု၍ မည်သည့်ပဋိပက္ခမျှလည်း ဖြစ်ပေါ်ခြင်းမရှိကြောင်း၊ မြန်မာနိုင်ငံသည် အနောက်အုပ်စု နိုင်ငံများ၏ ဖိအားပေးမှုကို တွေ့ကြုံနေရပြီး ဝေဖန်မှုမျိုးစုံ ကြုံဆုံနေရချိန်တွင် ဗာတီကန်အနေဖြင့် မြန်မာအစိုးရ၏ ရပ်တည်ချက်ဘက်မှ ထောက်ခံရခြင်းမှာ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခ ပိုမိုဆိုးရွား မလာစေရန်သာဖြစ်ကြောင်း၊ ဒီမိုကရေစီ အသွင်ကူးပြောင်းနေသော မြန်မာနိုင်ငံသည် ပြည်သူတို့၏ လူနေမှုဘဝ ပိုမိုတိုးတက်စေရေးအတွက် ဦးတည်ကြိုးပမ်းနေသည်ကို ပုပ်ရဟန်းမင်းကြီးက သိရှိပါကြောင်း၊ မည်သည့်နိုင်ငံတွင်မဟု ဒီမိုကရေစီကျင့်သုံးနေသည်ဆိုတိုင်း ပြည်သူ့အရေးအတွက် အပြည့်အဝ ကာကွယ်စောင့်ရှောက် ပေးနိုင်ခြင်းမရှိသည်ကို အလေးမူသင့်ပါကြောင်း၊ ဒီမိုကရေစီစနစ်ဟူသည် ပြည်သူ့ဘဝ မြင့်မားတိုးတက်စေရေးအတွက်သာ ဦးတည်ကြောင်း။

> **“မြန်မာနိုင်ငံသည် အနောက်အုပ်စု နိုင်ငံများ၏ ဖိအားပေးမှုကို တွေ့ကြုံနေရပြီး ဝေဖန်မှုမျိုးစုံ ကြုံဆုံနေရချိန်တွင် ဗာတီကန်အနေဖြင့် မြန်မာအစိုးရ၏ ရပ်တည်ချက်ဘက်မှ ထောက်ခံရခြင်းမှာ လက်ရှိဖြစ်ပေါ်နေသော ပဋိပက္ခ ပိုမိုဆိုးရွား မလာစေရန်သာဖြစ်**
>
> **အမြင်မတူ သဘောထားကွဲလွဲမှုများ မည်သို့ပင်ရှိစေကာမူ ချစ်ကြည်ခြင်းနှင့် ငြိမ်းချမ်းခြင်းတို့အတွက် မိမိတို့ ပေါင်းကူးတံတားများ တည်ဆောက်လျက်ရှိ”**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၌ ဒီမိုကရေစီထွန်းကားရေးအတွက် ဦးတည်ကြိုးပမ်းခဲ့ရာတွင် များစွာသော စွန့်လွှတ်အနစ်နာခံမှုများ ပြုလုပ်ခဲ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏သမိုင်းကို ကြည့်လျှင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေ၏ အရင်းအမြစ်ကို တွေ့မြင်နိုင်ကြောင်း၊ မြန်မာနိုင်ငံသည် ဗြိတိသျှ ကိုလိုနီ နယ်ချဲ့အောက်သို့ကျရောက်ခဲ့ရသည့် နိုင်ငံဖြစ်ပြီး လက်ရှိတွေ့ကြုံနေရသော ပဋိပက္ခဆိုသည်မှာလည်း ကောက်ကာငင်ကာဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ တရွေ့ရွေ့တငွေ့ငွေ့ စုစည်းလာခဲ့သော အခြေအနေ၏ ရလဒ်သာလျှင်ဖြစ်ကြောင်း၊ နိုင်ငံတကာက မြန်မာနိုင်ငံကို ပုံရိပ်ဖော်လိုလျှင် မြန်မာ့သမိုင်းကြောင်းကိုလည်း လေ့လာသိရှိရန် လိုအပ်မည်ဖြစ်ကြောင်း။

သီတဂူဆရာတော်ကြီးသည် နိုင်ငံတော်၏ အထင်ကရ ပုဂ္ဂိုလ်ကြီးဖြစ်သဖြင့် ပုပ်ရဟန်းမင်းကြီးက ပုဂ္ဂိုလ်ရေးအရ အလေးပေး တွေ့ဆုံခဲ့ခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အရေးတကြီး လုပ်ဆောင်နေကြချိန်တွင် အနောက်အုပ်စုနိုင်ငံများ၏ ဖိအားပေးမှုများနှင့်ပတ်သက်၍ သတင်းသမားများက မေးမြန်းကြပုံများမှာ အတော်ပင်တူညီလျက်ရှိနေကြောင်း၊ ဗာတီကန်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ အနောက်နိုင်ငံအချို့၏ စွပ်စွဲချက်များ ပေါ်ထွက်နေချိန်တွင် တုံ့ပြန်ပြောဆိုလိုခြင်း မရှိကြောင်း၊ လတ်တလော အနေအထားများအရလည်း ယင်းသို့ တုံ့ပြန်ပြောဆိုရန်မှာ စောသေးသည်ဟုဆိုနိုင်ကြောင်း၊ ပုပ်ရဟန်းမင်းကြီး မြန်မာနိုင်ငံသို့ လာရောက်ခြင်းမရှိမီက ခရီးစဉ်အတွင်း အထိအရှမခံသော စကားလုံးများကို သုံးနှုန်းခြင်းမပြုရန် မြန်မာနိုင်ငံ၏ ကက်သလစ်သာသနာ ပုပ်ရဟန်းမင်း အမတ်ကာဒီနယ်ချားလ်စ်ဘိုက ကြိုတင် အသိပေးခဲ့ရခြင်းသည် လတ်တလောဖြစ်ပေါ်နေသော မြန်မာ့နိုင်ငံရေး ဖြစ်စဉ်တွင် ပိုမိုရှုပ်ထွေးမှု မဖြစ်ပေါ်စေချင်၍ ဖြစ်ကြောင်း။

အမြင်မတူ သဘောထားကွဲလွဲမှုများ မည်သို့ပင်ရှိစေကာမူ ချစ်ကြည်ခြင်းနှင့်ငြိမ်းချမ်းခြင်းတို့အတွက် မိမိတို့ ပေါင်းကူးတံတားများ တည်ဆောက်လျက်ရှိပါကြောင်း၊ ပုပ်ရဟန်းမင်းကြီးသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၏ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များကို ဂဃနဏ လေ့လာသိရှိပြီးဖြစ်သဖြင့် ယင်းအကြံပြုချက်များအတိုင်း မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အပြုသဘောဆောင်စွာ ပြောကြားခဲ့ခြင်းဖြစ်ပါကြောင်း စသည်ဖြင့် တာဝန်ရှိသူများက ဖြေကြားခဲ့သည်။ **သတင်းစဉ်**

# (၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် (၁၀) ကြိမ်မြောက် အာဆီယံ+၃ သတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၉**

(၆)ကြိမ်မြောက် အာဆီယံ သတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးနှင့် ဆက်စပ် အစည်းအဝေးဖြစ်သော (၁၀) ကြိမ်မြောက် အာဆီယံ+၃ သတ္တုကဏ္ဍ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ M Gallery Hotel, Irrawaddy Grand Ballroom ၌ ကျင်းပရာ မြန်မာနိုင်ငံမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တု ရှာဖွေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲမြင့်ဆွေ၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးနှင့် အာဆီယံ+၃ နိုင်ငံများဖြစ်ကြသော တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံတို့မှ Mr.Yue Fei, Deputy Division Director, Ministry of Learn and Resources of China၊ Mr. Yasukuni Okubo, Techincal Counsellor, Japan Space System၊ Mr.Kim In Joon, Principal Researcher, Korea Institute of Geoscience and Mineral Resources (KIGAM) တို့က အမှာစကား ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ဥက္ကဋ္ဌအဖြစ် တာဝန်ယူ၍ အာဆီယံဒေသတွင်း နိုင်ငံများသာမက အာဆီယံ+၃ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံများတွင် ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို လေ့လာ၍ ဓာတ်သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်လည်းကောင်း၊ အာဆီယံ+၃ နိုင်ငံများ ဓာတ်သတ္တု ပုဂ္ဂလိကကဏ္ဍလုပ်ငန်းများတွင် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရန် လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အထိ အာဆီယံနိုင်ငံများနှင့် +၃ ဆွေးနွေးဖက်နိုင်ငံများ ဓာတ်သတ္တုကဏ္ဍ ဆက်လက်ပူးပေါင်း ဆောင်ရွက်ရန် အစီအစဉ်များကို လည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြသည်။

5[th] Private Sector Forum ကို နေ့လယ်ပိုင်းတွင် ဆက်လက်ကျင်းပရာ အာဆီယံ သတ္တုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံသတ္တုလုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်း၍ ပုဂ္ဂလိကကဏ္ဍမှ စာတမ်းလေးစောင်၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးကဏ္ဍမှ စာတမ်းတစ်စောင် ဖတ်ကြားတင်သွင်းပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။

(၆)ကြိမ်မြောက် အာဆီယံသတ္တုကဏ္ဍ ဝန်ကြီးအဆင့် အစည်းအဝေးကို အဆိုပါဟိုတယ်၌ နိုဝင်ဘာ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများအား အသုတ်လိုက်ခွဲ၍ အနီးကပ်နှင့် စာမေးပွဲများ စစ်ဆေးကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၁၇ ပညာသင်နှစ် အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် ခွဲ၍ အသုတ်လိုက် အနီးကပ်နှင့် စာမေးပွဲစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့သည်။

ပထမအသုတ်တွင် သိပ္ပံအထူးပြုများအားလုံး၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်နှင့် စတုတ္ထနှစ် ကျောင်းသား၊ ကျောင်းသူများအား စာမေးပွဲကို ၂-၁၀-၂၀၁၇ ရက်မှ ၁၂-၁၀-၂၀၁၇ ရက်အထိ လည်းကောင်း၊ ဒုတိယအသုတ်တွင် ဝိဇ္ဇာအထူးပြုများ (အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ)၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် ကျောင်းသား၊ ကျောင်းသူများအတွက် အနီးကပ် သင်တန်းများကို ၁၅-၁၀-၂၀၁၇ ရက်မှ ၂၄-၁၀-၂၀၁၇ ရက်ထိ ပို့ချခဲ့ပြီး စာမေးပွဲများကို ၂၇-၁၀-၂၀၁၇ ရက်မှ ၇-၁၁-၂၀၁၇ ရက်အထိ လည်းကောင်း၊ တတိယအသုတ် ဝိဇ္ဇာအထူးပြုများ(မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအရေးအသား၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ) များအတွက် အနီးကပ်သင်တန်းများကို ၉-၁၁-၂၀၁၇ ရက်မှ ၁၉-၁၁-၂၀၁၇ ရက်အထိ ပို့ချခဲ့ပြီး စာမေးပွဲများကို ၂၂-၁၁-၂၀၁၇ ရက်မှ ၃၀-၁၁-၂၀၁၇ ရက်အထိ ကျင်းပခဲ့သည်။

အဝေးသင်တက္ကသိုလ် စာမေးပွဲကာလအတွင်း မတော်တဆဖြစ်ပွားမှုနှင့် အရေးပေါ်ကျန်းမာရေးအခြေအနေအရ ဆေးရုံ၌ ဖြေဆိုနိုင်ရေးအတွက် အဆင်ပြေအောင် ဆောင်ရွက်ပေးခဲ့သည်။ စစ်တွေမြို့သက္ကယ်ပြင်ကျေးရွာတွင်လည်း သီးခြားစာစစ်ဌာနဖွင့်လှစ်၍ အနီးကပ်သင်တန်းများပို့ချခြင်း၊ စာမေးပွဲဖြေဆိုခြင်းများ ဆောင်ရွက်ခဲ့ရာ သက္ကယ်ပြင်ကျေးရွာ စာစစ်ဌာနတွင် စာရင်းရှိ ရှစ်ဦး ရာနှုန်းပြည့်ဖြေဆိုခဲ့သည်။ **(သတင်းစဉ်)**

ကျင်းပခဲ့သော စာမေးပွဲများတွင် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ဖြေဆိုမှုစာရင်း-

| စဉ် | အသုတ် | စာရင်းရှိ | ဖြေဆိုသူ |
|---|---|---|---|
| ၁။ | ပထမအသုတ် | ၅၅၀၈၀ | ၄၅၅၅၁ |
| ၂။ | ဒုတိယအသုတ် | ၁၉၈၂၂၀ | ၁၇၃၉၁၇ |
| ၃။ | တတိယအသုတ် | ၂၆၁၃၇၁ | ၂၂၉၅၆ |
| | **စုစုပေါင်း** | **၅၁၄၆၇၁** | **၄၄၉၃၂၄** |

# လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ နောက် ၂၄ နာရီအတွင်း ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်။ **မိုး/ဇလ**

# ရခိုင်ပြည်နယ် UEHRD လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရေး ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှု

**မောင်တော နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) လုပ်ငန်းစဉ်များ အဆင်ပြေချောမွေ့စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် တစ်ဖက်နိုင်ငံမှ ပြန်လည် ရောက်ရှိလာမည့်သူများကို လက်ခံစိစစ်ပေးမည့် ငါးခူရ(**ယာပုံ**)နှင့် တောင်ပြိုလက်ဝဲ စိစစ်ရေးစခန်းတို့အား အကောင်အထည်ဖော် ဆောင်ရွက်နေမှု လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြေပြင်ကွင်းဆင်းကြည့်ရှုသည်။



ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တစ်ဖက်နိုင်ငံမှ ရေလမ်းကြောင်းဖြင့် ပြန်လည်ရောက်ရှိလာလျှင် လက်ခံမည့် ငါးခူရနယ်စပ် လက်ခံစိစစ်ရေးစခန်းသို့ရောက်ရှိကာ စိစစ်လက်ခံပေးမည့် ရုံးဝန်ထမ်းများ နေထိုင်မည့် အဆောက်အအုံများ၊ စိစစ်လက်ခံမှုပြုမည့် စခန်းနေရာများနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ရောက်ရှိလာမည့် သူများကို ယာယီခိုလှုံထားရှိနိုင်ရန် တည်ဆောက်ပေးမည့် အဆောက်အအုံနေရာများအား လိုက်လံကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဆောင် သော အဖွဲ့သည် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုကာ ပြီးစီးမှုအခြေအနေများကို မေးမြန်းပြီး လောင်းတုံ- ငါးခူရလမ်းပိုင်းနှင့် ကျီးကန်းပြင်-ကြိမ်ချောင်း- ငါးခူရလမ်းပိုင်းအဆင့်မြှင့် ပြုပြင်မှုလုပ်ငန်းများ အကောင်အထည် ဖော်ဆောက်ရွက်ရန် ဒေသခံ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ကုန်းတွင်းလမ်းကြောင်းဖြင့် တစ်ဖက်နိုင်ငံမှ ပြန်လည် ရောက်ရှိလာမည့်သူများကို စိစစ်လက်ခံပေးမည့် စခန်းတည်ဆောက်ရာ တောင်ပြိုလက်ဝဲမြို့သို့ သွားရောက်ကာ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အခြေခံအဆောက်အအုံ တည်ဆောက်ရေး လုပ်ငန်းအဖွဲ့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်နေမှုအပိုင်းနှင့်ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Modular House များ ဆောက်လုပ်နေမှုအခြေအနေများနှင့်ပတ်သက်၍လည်းကောင်း ပေါင်းစပ်ညှိနှိုင်းပေးသည်။ ဆက်လက်ပြီး မောင်တောဒေသဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် ကျီးကန်းပြင်-ဇင်ပိုင်ညာ- လှဖိုးခေါင်လမ်းပိုင်း အဆင့်မြှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မြေပြင်ကွင်းဆင်းကြည့်ရှုကာ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံအားပေးစကား ပြောကြားသည်။

**သတင်းစဉ်၊ သတင်းအဖွဲ့**
**ဓာတ်ပုံ- မင်းထက်**

# ရခိုင်ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း စက်မှုလယ်ယာဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူ၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကေ ကျေးရွာများ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ စုစုပေါင်း ဧက ၃၇၅၀ ကို ရိတ်သိမ်းပြီးဖြစ်သည်။

ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၂၈ ရက်အထိ စုစုပေါင်း ဧက ၂၀၀ ကို ရိတ်သိမ်းပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလှ၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်ဈေး ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၂၈ ရက် အထိ စုစုပေါင်း ဧက ၃၁၀ ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက် ၊ ငပုကွကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၂၈ ရက် အထိ စုစုပေါင်း ၁၅၈ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၈ ရက် အထိ စုစုပေါင်း ၁၈၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၂၈ ရက်အထိ စုစုပေါင်း ၁၉၇ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

ဘူးသီးတောင်မြို့နယ် အတွင်းရှိ သပြုချောင်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၂၈ ရက် အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူသားချင်းစာနာထောက်ထားမှု အကူအညီအထောက်အပံ့များ ပေးအပ်ရန် စေတနာ့ဝန်ထမ်းလူငယ်များ ဒုတိယအသုတ် စစ်တွေမြို့သို့ရောက်ရှိ

**စစ်တွေ နိုဝင်ဘာ ၂၉**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း( UEHRD) ၏လုပ်ငန်းစဉ်များအနက်မှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိထိရောက်ရောက် ပေးအပ်ဆောင်ရွက်နိုင်ရေးအတွက် တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်းလူငယ်များသည် ဒုတိယအသုတ်အဖြစ် ယနေ့ နံနက် ၁၁ နာရီခွဲတွင် ကစ္ဆပမော်တော်ယာဉ်များဖြင့် စစ်တွေမြို့သို့ရောက်ရှိပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးသက်လှိုင်ထွန်း၊ တာဝန်ရှိသူများနှင့် ဒေသခံများကကြိုဆိုကြသည်။



ဆက်လက်ပြီး စေတနာ့ဝန်ထမ်းလူငယ်များသည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ အမြန်ရေယာဉ်ဖြင့် ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ ဆက်လက် ထွက်ခွာသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဖွဲ့အစည်းများတွင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိန်း၊ လူမှုဝန်ထမ်းဦးစီးဌာနမှညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် HCYI ၊ ဖြတ်စိုက်ရလူမှုကူညီရေးအသင်း၊ Regional ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံ စေတနာ့ဝန်ထမ်း လူငယ်များ စုစုပေါင်း ၆၅ ဦး ပါရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# စိတ်ကြွရူးသွပ်ဆေးပြား ၁၂၇၁၅၀၀ အား သယ်ဆောင်လာသူ ငါးဦးနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် နံနက် ၄ နာရီတွင် မူးယစ်ဆေးဝါးများအား အငူမော်-မောင်တောကားလမ်းအတိုင်း သယ်ဆောင်၍ မောင်တောမြို့နယ် ဇူလကျေးရွာသို့ ပို့ဆောင်မည်ဟု သတင်းအရ မောင်တော-ကြိမ်ချောင်းကားလမ်း နေရာတစ်ဝိုက်၌ ပိတ်ဆို့စောင့်ဆိုင်းခဲ့ကြောင်း သိရသည်။

ထိုသို့စောင့်ဆိုင်းနေစဉ် နံနက် ၆ နာရီခွဲတွင် မောင်တောမြို့နယ် သရေကုန်းဘောင်(နတလ) ရွာနေ ယာဉ်မောင်း မောင်ဝင်းတင်(၁၈ နှစ်)၊ ယာဉ်နောက်လိုက် မောင်ကျော်ကျော်လင်း(၁၆ နှစ်)နှင့် မောင်သိန်း(၁၉ နှစ်) တို့ မောင်းနှင်လာသည့် ဟိုက်ဂျက် အမျိုးအစားယာဉ်မှာ ဇူလရွာအနီး ရပ်တန့်ပြီး မသင်္ကာဖွယ်အထုပ်များအား လမ်းဘေးတွင်ချကာ ဇူလရွာဘက်မှ ရွာသား ၁၅ ဦးခန့်က အဆိုပါ အထုပ်များကို လာရောက် သယ်ဆောင်၍ ဇူလရွာဘက်သို့ထွက်ပြေးသွားသည်ကို တွေ့ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံ ဖမ်းဆီးခဲ့ရာ အထုပ်များကို လယ်ကွင်းအတွင်းသို့ချ၍ ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ လိုက်လံ ဖမ်းဆီးရာတွင် WY/R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၉၅၅၅၀၀၊ တန်ဖိုးငွေကျပ်သိန်းပေါင်း ၁၉၁၁၀ အား ဟိုက်ဂျက်ယာဉ်၊ ယာဉ်မောင်း မောင်ဝင်းတင်နှင့် ယာဉ်နောက်လိုက် နှစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။



မောင်တောမြို့နယ် ဇူလကျေးရွာအနီး အငူမော်-မောင်တော ကားလမ်း၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသူများ။

### သွားရောက်စစ်ဆေး

အလားတူ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် နံနက် ၇ နာရီတွင် ပရိဘောက် အဖြူရောင်ယာဉ်တစ်စီးသည် ဘူးသီးတောင်မြို့အနောက်ရပ်ကွက် ဂန္ဓာရီပရဟိတ ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံဟောင်းအနီးသို့ ရောက်ရှိလာပြီး မူးယစ်ဆေးဝါးဟု ယူဆရသည့် ဆာလာအိတ် နှစ်အိတ်လာရောက်ထားသွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးစဉ် ဘုန်းကြီးကျောင်းဝင်းအတွင်းရှိ ဓမ္မာရုံဟောင်းအတွင်း၌ ဆာလာအိတ်နှစ်အိတ်ဖြင့် ထည့်ထားသည့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၆၀၀၀ တန်ဖိုးငွေကျပ်သိန်းပေါင်း ၆၃၂၀ အား သိမ်းဆည်းရမိခဲ့သည်။

သယ်ဆောင်လာသူများအား ဖမ်းဆီးရမိရေး စုံစမ်းရှာဖွေခဲ့ရာ ပရိဘောက်ယာဉ်နှင့်အတူ ဘားအံမြို့နေသူ ခန့်အောင်(၄၀ နှစ်)နှင့် လှိုင်သာယာမြို့နယ်နေသူ နေစိုးဦး(၄၆ နှစ်)တို့ နှစ်ဦးအား ဘူးသီးတောင်မြို့နယ် မီးရထားဆိပ်ရပ်ကွက် ဗိုလ်ချုပ်လမ်းမပေါ်တွင် တွေ့ရှိသဖြင့် စစ်ဆေးခဲ့ကြောင်း သိရသည်။

### အမှုဖွင့်စစ်ဆေးလျက်ရှိ

ထိုသို့ စစ်ဆေးမေးမြန်းရာတွင် အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများအား ၎င်းတို့ကိုယ်တိုင် သယ်ဆောင်လာခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် ဥပဒေနှင့်အညီ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဘူးသီးတောင်မြို့ အနောက်ရပ်ကွက် ဂန္ဓာရီပရဟိတ ဘုန်းကြီးကျောင်း ဓမ္မာရုံဟောင်းအတွင်း လာရောက်ထည့်သွင်းထားသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လာရောက်ဝှက်သိမ်းသူနှစ်ဦး။

# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်တွေ အသိပညာ၊ အတတ်ပညာအပြင် အနုပညာစွမ်းရည်၊ အားကစားလှုပ်ရှားမှုတွေမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်


ဦးရဲနိုင် (ညွှန်ကြားရေးမှူးချုပ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန)


ဒေါက်တာဖိုးကောင်း (ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်)


ဒေါက်တာကေသီကျော် (ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)


ဦးလှိုင်ဝင်းမောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန)


ဦးသိန်းစိုး (သိန်းစိုးသီဟရတနာ)

မြန်မာလူငယ်များအတွက် ကြုံတောင့်ကြုံခဲ တစ်သက်တာအမှတ်ရစေမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပချိန်က နီးသထက် နီးလာခဲ့ချေပြီ။

ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်အတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည့် သုံးရက်တာ ပွဲတော်ကာလအတွင်း စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုများပါဝင်ပြီး စာအုပ်ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှုများ စသည့်အစီအစဉ်များကို ကဏ္ဍအလိုက် ဆောင်ရွက်သွားမည်ဖြစ်ရာ တာဝန်ရှိသူအဆင့်ဆင့်၏ ပွဲမဝင်ခင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုများကို သတင်းစဉ်က သွားရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

**ဦးရဲနိုင် (ညွှန်ကြားရေးမှူးချုပ်)**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**
**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး**

ဒီဘက်စုံပွဲတော်မှာ လူငယ်တွေအတွက် အသိပညာ၊ အတတ်ပညာ၊ တီထွင်မှုစွမ်းရည်၊ ဖျော်ဖြေရေး စသဖြင့် ကဏ္ဍပေါင်းစုံပါဝင်အောင် ဆောင်ရွက်ထားပါတယ်။ ကဏ္ဍအလိုက် ဆောင်ရွက်ထားမှုက ၉၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။

ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအတွင်းက အထက်တန်းကျောင်းသားတွေ၊ တက္ကသိုလ်တွေက ကျောင်းသားတွေကို ဦးစားပေးပြီး အင်အား ၄၀၀ ခန့် ဖိတ်ကြားပြီး ဖွင့်လှစ်သွားဖို့ စီစဉ်ထားပါတယ်။ ကျန်တဲ့ရက်တွေမှာ ပညာရေးဝန်ကြီးဌာနက စီစဉ်တဲ့ တက္ကသိုလ်အလိုက် လာရောက်ကြည့်ရှုနိုင်အောင် မော်တော်ယာဉ်တွေ စီစဉ်ပေးထားတာရယ်၊ ကျောင်းသားတွေ စာရင်းပေးတာရယ်၊ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ကြောင်းကို မီဒီယာကနေ ကြော်ငြာထားတာရယ်ကြောင့် နေ့စဉ် အင်အား တစ်သောင်းအထက် ကျော်မယ်လို့ ထင်ပါတယ်။

လုံခြုံရေးအနေနဲ့ လွတ်လပ်စွာ ပါဝင်ကြည့်ရှုလေ့လာနိုင်အောင်လည်း သက်ဆိုင်ရာ စစ်ဆေးရေးဂိတ်တွေမှာ လူနဲ့ပစ္စည်းကို စစ်ဆေးတာတွေ တပ်ဆင်ဆောင်ရွက်ထားတယ်။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့ပြီး ထင်သာမြင်သာရှိအောင် လုပ်ထားပါတယ်။

အဓိကလူငယ်တွေ ပွဲမှာဝင်ရောက် ကြည့်ရှုရင်း ပျော်ရွှင်အောင် ဆောင်ရွက်ထားမှာ ဖြစ်တာကြောင့် ပျော်ရွှင်မှုနဲ့ လုံခြုံရေးကို မျှတအောင် စီစဉ်ဆောင်ရွက်ထားပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ စာပေဆိုင်ရာ လှုပ်ရှားမှုတွေကို အဓိကထားဆောင်ရွက်မှာဖြစ်ပါတယ်။ ECO မှာ လူငယ်တွေနဲ့ ဆွေးနွေးပွဲတွေ၊ RC မှာ ထင်ရှားကျော်ကြားတဲ့ အနုပညာရှင်တွေနဲ့ လူငယ်တွေ တွေ့ဆုံပွဲတွေ၊ ဒါ့အပြင် စာပေလှုပ်ရှားမှုအနေနဲ့ သစ်ပုပ်ပင်တစ်ဝိုက်မှာ ခင်းကျင်းပြသမှုတွေအပြင် ကဗျာရွတ်ဆိုပွဲတွေလည်း ပြုလုပ်မှာဖြစ်ပါတယ်။ စာပေဆိုင်ရာပေါင်းစပ်မှုအနေနဲ့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကတီးဝိုင်းနဲ့ ဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။

သစ်ပုပ်ပင်နဲ့မျက်နှာချင်းဆိုင်မှာ သာသနာရေးနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက ဝိဇ္ဇာခန်းမမှာ ဖျော်ဖြေရေးအစီအစဉ်တွေ တင်ဆက်ထားပါတယ်။ ပွဲတော်ကို ဝင်လာကတည်းက ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ၊ မိမိနှစ်သက်ရာနေရာ ကြည့်ရှုနိုင်ဖို့ စီစဉ်ထားပါတယ်၊ အထူးသဖြင့် အနုပညာခန်းမမှာ ဖျော်ဖြေရေးပိုင်းကို စီစဉ်ထားပါတယ်၊ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနက အားကစားလှုပ်ရှားမှုကို အဓိကတာဝန်ယူပါတယ်။ စစ်ကိုင်းဆောင်နဲ့ အဓိပတိလမ်း ဝဲ၊ ယာမှာ အားကစားကွင်းနေရာသတ်မှတ်ထားပြီး ပြိုင်ပွဲတွေ သတ်မှတ်ပေးထားပါတယ်။ ဒီဇင်ဘာ ၂ ရက် မနက် ၆ နာရီမှာ စုပေါင်းလမ်းလျှောက်ပွဲကို အားလုံးပါဝင်ဆင်နွှဲဖို့ စီစဉ်ထားပါတယ်။

အထိမ်းအမှတ် လိုဂိုပါတဲ့ တီရှပ်အင်္ကျီ နှစ်ထောင် ဝေငှဖို့စီစဉ်ထားတယ်။ ဝတ်စုံတူနဲ့ လမ်းလျှောက်ဖို့စီစဉ်ထားတာ ဖြစ်ပါတယ်။ အဓိပတိလမ်းကနေ စတင်တာထွက်မှာ ဖြစ်ပြီး အဓိပတိမုခ်ဦးမှာ ပန်းဝင်ဖို့စီစဉ်ထားပါတယ်။ လမ်းကြောင်းအနေနဲ့ အဓိပတိ လမ်းကနေ တက္ကသိုလ်ရိပ်သာလမ်းအတိုင်း လှည်းတန်းလမ်းဆုံ၊ အင်းလျားလမ်း၊ ပြည်လမ်းအတိုင်း ဖြစ်ပါတယ်။ ဒီဘက်စုံပွဲတော်မှာ လူငယ်တွေ ပူးပေါင်းပါဝင်ပြီး စုပေါင်းလုပ်ဆောင်နိုင်တဲ့ အလေ့အကျင့်တွေ ရသွားမယ်လို့ မျှော်လင့်ပါတယ်။ လူငယ်တွေအနေနဲ့ ကြုံတောင့်ကြုံခဲ အခွင့်အရေးပါ။ တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို လူငယ်တွေ အသိပညာ၊ အတတ်ပညာအပြင် အနုပညာစွမ်းရည်၊ အားကစား လှုပ်ရှားမှုတွေမှာ ဘက်စုံဖွံ့ဖြိုးတိုးတက်လာဖို့ ရည်ရွယ်ချက်နဲ့ ကျင်းပခြင်းဖြစ်ပါတယ်။ ပွဲတော်ရဲ့အစီအစဉ်တွေကို MOI က လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် လူမှုကွန်ရက် စာမျက်နှာ ထားရှိတယ်။ ကြည့်ရှုသူ ဦးရေ ခြောက်သောင်းကျော်ရှိပြီး စိတ်ပါဝင်စားသူတွေရဲ့ မေးမြန်းမှုတွေကိုလည်း ဖြေကြားပေးနေပါတယ်။ ဒီစာမျက်နှာမှာ အသေးစိတ် ဝင်ရောက်ကြည့်ရှုပြီး လိုအပ်သလို မေးမြန်းနိုင်ပါတယ်။

**ဒေါက်တာဖိုးကောင်း (ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်)**

ဒီပွဲတော်မှာ ပြခန်းကျင်းပရေးကော်မတီအတွင်းရေးမှူးတာဝန် ယူထားပါတယ်။ နည်းပညာပြခန်းအနေနဲ့ ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမနဲ့ စီးပွားရေးတက္ကသိုလ်ကြားက ကွက်လပ်မှာ ပြခန်းပေါင်း ၁၅ ခုထားရှိပါတယ်၊ တက္ကသိုလ် ကောလိပ်တွေရဲ့ ပြခန်း ၁၃ ခုနဲ့ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ပြခန်း နှစ်ခု၊ စုစုပေါင်း ၁၅ ခု ပြသထားမှာ ဖြစ်ပါတယ်၊ တက္ကသိုလ် ကောလိပ်အနေနဲ့ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်တွေလည်း ပါတယ်။ ရန်ကုန်တက္ကသိုလ်အပါအဝင် ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ရန်ကုန်ပတ်ဝန်းကျင်မှာရှိတဲ့ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တွေလည်း ပါပါတယ်၊ ဝိဇ္ဇာ၊ သိပ္ပံဘက်ကတော့ သိပ္ပံဆိုင်ရာပြကွက်တွေကို ပြသမှာဖြစ်ပြီး နည်းပညာတက္ကသိုလ်အနေနဲ့ တီထွင်ထားတဲ့စက်တွေ၊ ကွန်ပျူတာနည်းပညာတွေကို ပြသသွားမှာဖြစ်ပါတယ်။

ပြသမယ့်ပွဲက လူငယ်တွေနဲ့သက်ဆိုင်ပြီး လူငယ်တွေအထူးစိတ်ဝင်စားမယ့် ပြကွက်တွေ ပြသသွားမှာဖြစ်တာကြောင့် စိတ်ဝင်စားစေမယ့်ပွဲပါ။ ပြပွဲရဲ့ရည်ရွယ်ချက်ကိုက ဗလငါးတန်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုတဲ့ အတိုင်း အားကစားပြိုင်ပွဲတွေလည်း ပါဝင်တာကြောင့် လာရောက်ကြည့်ရှုခြင်းဖြင့် အချင်းချင်းဗဟုသုတတွေ လေ့လာဖလှယ်နိုင်မယ်၊ ချိတ်ဆက်နိုင်မှုအားတွေလည်း ရစေမယ်၊ ဒါကြောင့် ပိုပြီးကောင်းမွန်တဲ့ ရလဒ်တွေရလာမယ်၊ အကျိုးကျေးဇူးတွေရမယ်။

ရန်ကုန်တက္ကသိုလ်ကို ၁၉၂၀ ဒီဇင်ဘာ ၁ ရက်မှာ စတင်တည်ထောင်တာဖြစ်ပြီး ပထမဆုံးအကြိမ်လုပ်တဲ့ ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်မွေးနေ့ဖြစ်တဲ့ ဒီဇင်ဘာ ၁ ရက်မှာ စတင်ကျင်းပမှာဖြစ်တဲ့အတွက် ရန်ကုန်တက္ကသိုလ်အနေနဲ့ ဂုဏ်ယူပါတယ်။

**ဒေါက်တာကေသီကျော် (ညွှန်ကြားရေးမှူး၊**
**လူမှုဝန်ထမ်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး)**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဝန်ကြီးဌာန ငါးခု ပူးပေါင်းပြီး လုပ်ကြတဲ့အခါ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက လူငယ်တွေအတွက် လူငယ်ရေးရာမူဝါဒရေးရာ ရေးဆွဲတဲ့နေရာမှာ အဓိကအနေနဲ့ တာဝန်ယူထားရတာကြောင့် ပွဲတော်မှာ ပြခန်းတွေ၊ ဖျော်ဖြေရေးကဏ္ဍ၊ ဟောပြောပွဲတွေ ပါဝင်ပြသသွားမှာ ဖြစ်ပါတယ်။

ပြခန်းပိုင်းမှာ လူမှုဝန်ထမ်းဦးစီးဌာနက အသိအမှတ်ပြုထားတဲ့ တောင်ကြီး မင်္ဂလာဦးစံပြလူငယ်ရိပ်သာရဲ့ သမိုင်းကြောင်း၊ မီးပုံးပျံပြုလုပ်နည်း၊ ရှမ်းရိုးရာဝတ်စုံ၊ ရိုးရာကြာချည်လုပ်တဲ့နည်း၊ ရှမ်းစက္ကူလုပ်တဲ့နည်းတွေ ပြသပေးမယ့်အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ လှုပ်ရှားမှုတွေ၊ ရခိုင်ဒေသနဲ့ပတ်သက်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထောက်ပံ့ခြင်းမှာ လူငယ်တွေပါဝင်မှုကို ပြသတဲ့ပြခန်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီရဲ့အောက်မှာ လုပ်ဆောင်နေတဲ့ အမျိုးသမီးများအကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေးပြခန်း၊ မွေးကင်းစကလေးစွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးပြခန်းတွေ ပါဝင်မှာဖြစ်တယ်။

ဒါ့အပြင် လူမှုဝန်ထမ်း ဦးစီးဌာနအောက်မှာရှိတဲ့ အမျိုးသမီးများကျောင်းက အထည်တွေ၊ ရက်ကန်းထည်၊ ပန်းထိုးတာတွေကို သရုပ်ပြသခြင်းနဲ့ ရောင်းချမှုတွေလည်း ပြုလုပ်မှာဖြစ်တယ်၊ အိမ်တွင်းမှုကျောင်းက ထုတ်လုပ်တဲ့ မြန်မာ့ရိုးရာအစားအစာတွေကို ပြုလုပ်ပုံတွေပြသမှာဖြစ်တဲ့အပြင် ရောင်းချသွားမှာလည်းဖြစ်ပါတယ်၊ လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ မူးယစ်ဆေးစွဲပြီးတဲ့သူတွေကို ပြန်လည်ထူထောင်ရေးပြခန်းတွေ၊ လူငယ်မူဝါဒရေးဆွဲတဲ့အခါ လှုပ်ရှားမှုတွေလည်း ပါဝင်ပြသမှာဖြစ်တယ်၊ လူမှုဝန်ထမ်းဦးစီးဌာနရဲ့ လက်အောက်မှာ စောင့်ရှောက်ပေးထားတဲ့ လူငယ်တွေရဲ့ လှုပ်ရှားမှုတွေကိုလည်း ပြသသွားမှာဖြစ်ပါတယ်။

မသန်စွမ်းကလေးများကျောင်းနဲ့ လူငယ်ကျောင်းတွေရဲ့သတင်းအချက်အလက်တွေ ပေးမယ်။ အမေးအဖြေနဲ့ ဆုပေးတဲ့ အစီအစဉ်တွေလည်း ပါဝင်မယ်၊ ဟောပြောပွဲအနေနဲ့ဆိုရင် အပန်းဖြေရိပ်သာမှာ ဒီဇင်ဘာ ၂ ရက်နဲ့ ၃ ရက်မှာ မနက် ၉ နာရီက ၁၂ နာရီ အတွင်း အမျိုးသမီးများအကြမ်းဖက်ခြင်းအကြောင်းနဲ့ မွေးကင်းစကလေးစွန့်ပစ်ခြင်းအကြောင်းကို သက်ဆိုင်ရာလူမှုဝန်ထမ်းဦးစီးဌာနရဲ့ချိတ်ဆက်ဆောင်ရွက်နေတဲ့ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းတင်ဆက်မှာဖြစ်တယ်။ လူကုန်ကူးမှုနဲ့ပတ်သက်တဲ့ အကြောင်းအရာကို ခိုင်နှင်းဝေ ဦးစီးတဲ့အဖွဲ့က ဟောပြောပွဲနဲ့ သရုပ်ဆောင်တာတွေ၊ အမေး၊ အဖြေကဏ္ဍတွေ ပါဝင်မှာဖြစ်ပါတယ်။

ဖျော်ဖြေရေးအနေနဲ့ဆိုရင် ဝိဇ္ဇာခန်းမမှာ လူမှုဝန်ထမ်းဦးစီးဌာနမှာရှိတဲ့ မသန်စွမ်းကလေးတွေ၊ မျက်မမြင်ကျောင်းသား ကျောင်းသူတွေရဲ့သီဆိုကပြ ဖျော်ဖြေမှုတွေ ပါဝင်မှာဖြစ်တယ်။

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရဲ့ ပြခန်းတွေမှာ အပန်းဖြေရိပ်သာရဲ့မျက်နှာချင်းဆိုင်တက္ကသိုလ်များ စာကြည့်တိုက်နှင့် သိပ္ပံဆောင်ဘက်ခြမ်းမှာ ရှိပါတယ်။

လူမှုဝန်ထမ်းဦးစီးဌာနရဲ့ပြခန်းကို အချိန်အပိုင်းအခြားနဲ့ ပြုလုပ်မှာဖြစ်ပါတယ်။ နားမကြားကျောင်းဆိုရင် လက်သင်္ကေတဆိုင်ရာ သတင်းအချက်အလက်တွေ အရင်ပေးမယ်၊ မေးခွန်းလေးတွေမေးမယ်၊ ဆုချီးမြှင့်မယ့်အပိုင်းတွေပါဝင်တယ်။ သက်ငယ်သင်တန်းကျောင်းက ကလေးတွေဆိုရင်လည်း ကွန်ပျူတာအသုံးပြုပြီး ဓာတ်ပုံရိုက်ပေးမယ်၊ ပြီးရင် ကင်မရာရိုက်ပေးမယ့်အစီအစဉ်ကို သက်ဆိုင်ရာ ရက်တွေမှာ ထည့်သွင်းပေးသွားမှာ ဖြစ်ပါတယ်။

ဒီပွဲတော်က ကျောင်းသား ကျောင်းသူ လူငယ်တွေတင်မက ရပ်ရွာလူထုအတွင်းက လူငယ်အားလုံးကို ရည်ရွယ်တာဖြစ်ပါတယ်။

သက်ဆိုင်တဲ့ဝန်ကြီးဌာနအားလုံးကလည်း ကဏ္ဍအလိုက် ပြည့်ပြည့်စုံစုံ တင်ပြတင်ဆက်သွားမှာဖြစ်တဲ့အတွက် လူငယ်တွေအတွက်လည်း တစ်နေ့တည်းမှာ ပြည့်စုံစွာလေ့လာသွားနိုင်မှာဖြစ်ပါတယ်။

*စာမျက်နှာ ၁၁ သို့*

**“ဒီ ဘက်စုံပွဲတော်မှာ လူငယ်တွေ ပူးပေါင်း ပါဝင်ပြီး စုပေါင်း လုပ်ဆောင်နိုင်တဲ့ အလေ့အကျင့်တွေ ရသွားမယ်လို့ မျှော်လင့်ပါတယ်၊ လူငယ်တွေအနေနဲ့ ကြုံတောင့်ကြုံခဲ အခွင့်အရေးပါ၊ တက်တက်ကြွကြွ ပါဝင် ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်၊”**




# လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။


## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား အသိအမှတ်ပြုလက်မှတ်များ ခွင့်ပြုပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်း လုပ်ငန်း နည်းဥပဒေများနှင့်အညီ စိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၂၃-၁၀-၂၀၁၇ ရက်နေ့မှ ၁-၁၁-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကို လည်းကောင်း၊ ထုတ်ဝေခြင်း လုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် သုံးဦး၊ အထွေထွေ ခုနစ်ဦး စုစုပေါင်း ၁၀ ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူ နှစ်ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၄၆၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၂၄၄ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၉၀ ဦး၊ စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၈၀၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပမည်

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့မှ ၃ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ်တွင် ပြုလုပ်မည့် **"လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်"**တွင် လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများကို ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပွဲတော်တွင် လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများကို အောက်ပါအတိုင်း ကျင်းပသွားမည်ဖြစ်ပါသည် -

(က) **၁-၁၂-၂၀၁၇ ရက်နေ့**

(၁) နံနက် (၁၀း၃၀) အချိန်မှ (၁၁း၃၀)အချိန်တွင် RC ခန်းမ၌ ကိုကို (စက်မှု တက္ကသိုလ်)၊ ဦးမျိုးမြတ်သူ၊ ဦးမြင့်ထွန်း (Quality)၊ ကိုဝင်းလှိုင် (ဝန်ဇင်း) တို့က **"သမားရိုးကျစာအုပ်ခေတ်မှ အီလက်ထရွန်နစ်စာအုပ်ခေတ်သို့"**ခေါင်းစဉ်ဖြင့် ဆွေးနွေးပါမည်။

(၂) မွန်းလွဲ(၁၃း၀၀)အချိန်မှ (၁၅း၁၅)အချိန်ထိ စီးပွားရေးတက္ကသိုလ်နီလာရတုခန်းမတွင် **"လူငယ်နှင့် လူမှုရေးမျှော်မှန်းချက်"** ခေါင်းစဉ်အား ဦးရန်ထိုက်စံ၊ မခင်နှင်းကြည်သာ၊ မစိမ်းလဲ့မော်၊ ဦးထက်အောင်လင်းနှင့် ဦးသန့်စင်စိုး တို့ကလည်းကောင်း၊ **"စွန့်ဦးတီထွင် လူငယ်များ"** ခေါင်းစဉ်အား ဦးရန်ထိုက်စံ၊ မရင်ရင်ဖြူ၊ မသက်မွန်အေး၊ ဦးပြည့်ဖြိုးသန့်နှင့် ဦးကျော်မျိုးသက်တို့က ဆွေးနွေးပါမည်။

(၃) မွန်းလွဲ (၁၄း၀၀) နာရီတွင် ရန်ကုန်တက္ကသိုလ် RC ခန်းမတွင် **"အနုပညာလိုက်စား လူငယ်များ"** ခေါင်းစဉ်အား ဆရာမပုညခင်နှင့် လူငယ် ဒါရိုက်တာ အောင်မြတ်တို့က ဆွေးနွေးပါမည်။

(ခ) **၂-၁၂-၂၀၁၇ ရက်နေ့**

(၁) မွန်းလွဲ(၁၃း၀၀)မှ (၁၅း၁၅)အချိန်အထိ စီးပွားရေးတက္ကသိုလ်နီလာရတု ခန်းမတွင် **"ဖြန့်ကြက်စဉ်းစား လူငယ်များ"** ခေါင်းစဉ်အား ဦးထူးကျော်ဝင်း၊ မိနှင်းမြတ်လွင်၊ မထူးထက်နိုင်၊ ဦးမောင်မောင်ပြည့်စုံ၊ ဦးဇေယျာလွင်တို့က လည်းကောင်း၊ **"လူငယ်နှင့် ပညာသင်ဆုအခွင့်အလမ်း"** ခေါင်းစဉ်အား ဦးအောင်ပြည့်ထွန်း၊ မနွယ်နွယ်လွင်၊ မထက်သီရိရွှေ၊ ဦးမော်ထွန်းအောင်တို့က ဆွေးနွေးပါမည်။

(၂) မွန်းလွဲ ၁၄း၀၀ အချိန်တွင် ရန်ကုန်တက္ကသိုလ်RC ခန်းမတွင် **"အနုပညာလိုက်စား လူငယ်များ"** ခေါင်းစဉ်အား ဆရာမပုညခင်နှင့် အဆိုတော် အောင်ထက်တို့က ဆွေးနွေးပါမည်။

(ဂ) **၃-၁၂-၂၀၁၇ ရက်နေ့**


(၁) မွန်းလွဲ ၁၃း၀၀ အချိန်မှ ၁၅း၁၅ အချိန်အထိ စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမတွင် **"Digital Literacy"** ခေါင်းစဉ်အား ဦးရန်နိုင်ဦး၊ မဇင်မာစိုး၊ ဦးသာထက်အောင်၊ ဦးမျိုးသန့်ထွန်းတို့က လည်းကောင်း၊ **"စာပေလိုက်စား လူငယ်များ"** ခေါင်းစဉ်အား မယမင်းမြတ်အေး၊ ရွှေပိုးအိမ် (ပဲခူး)၊ ဦးဝဏ္ဏကျော်စွာ၊ ညီမိုးဆွေ၊ လင်းဦးနိုင်တို့က ဆွေးနွေးပါမည်။

(၂) မွန်းလွဲ ၁၄ း ၀၀ အချိန်တွင် ရန်ကုန်တက္ကသိုလ် RC ခန်းမတွင် **"အနုပညာလိုက်စားလူငယ်များ"** ခေါင်းစဉ်အား ဆရာမပုညခင်နှင့် အဆိုတော် မိစန္ဒီတို့က ဆွေးနွေးပါမည်။

အထက်ပါဆွေးနွေးပွဲများသို့ မည်သူမဆို တက်ရောက်ဆွေးနွေးနိုင်သည်။

**ပွဲတော်ကျင်းပရေးလုပ်ငန်းကော်မတီ**

## ဘဏ္ဍာနှစ်အလိုက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ




*စာမျက်နှာ ၁၀ မှ*

**ဦးလှိုင်ဝင်းမောင် (ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန )**

ဒီပွဲတော်မှာ အနုပညာလှုပ်ရှားမှုဆပ်ကော်မတီ အတွင်းရေးမှူးတာဝန်ထမ်းဆောင်ပါတယ်။ ဖျော်ဖြေရေးကဏ္ဍ၊ ပန်းချီရေးဆွဲခြင်းဆိုင်ရာကဏ္ဍ၊ ပညာပေးကဏ္ဍဆိုပြီး ပါဝင်ပါတယ်။ ဖျော်ဖြေရေးကဏ္ဍအနေနဲ့ ဒီဇင်ဘာ ၁ ရက်မှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)က ကျောင်းသား ကျောင်းသူတွေက ဖျော်ဖြေမှာဖြစ်တယ်။ ဒီဇင်ဘာ ၂ရက်၊ ၃ရက်မှာဆိုရင် အနုပညာ အထက်တန်းကျောင်း(ရန်ကုန်)က ကျောင်းသား ကျောင်းသူတွေအပြင် အနုပညာဦးစီးဌာနက လူငယ်ဝန်ထမ်းတွေရယ်၊ အနုပညာရှင်တွေရယ် ဖျော်ဖြေမှာ ဖြစ်ပါတယ်။ သုံးရက်လုံးမှာ လူမှုဝန်ထမ်းက မသန်စွမ်းကလေးလူငယ်တွေ ထည့်သွင်းဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။

ပန်းချီရေးဆွဲခြင်းမှာဆိုရင် ဒီဇင်ဘာ ၁ ရက်မှာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်က ကျောင်းသား ကျောင်းသူတွေ၊ ဒီဇင်ဘာ ၂ ရက်နဲ့ ၃ ရက်မှာ အနုပညာအထက်တန်းကျောင်းက ကျောင်းသား ကျောင်းသူတွေက လူပုံတူရေးဆွဲရာမှာ ခဲ၊ ရေဆေး၊ရုပ်ပြောင်၊ ပို့စကတ်တွေပါမယ်၊ ပို့စကတ်ဆိုရင် တက္ကသိုလ်နဲ့ပတ်သက်တဲ့ ကဗျာတွေချပေးမယ်။ ဒါတွေကို သူတို့ကရွေးပြီး သူတို့ကြိုက်တဲ့ပုံစံကို ချက်ချင်း ရေးဆွဲတဲ့ ပုံစံမျိုးတွေလုပ်ပေးမယ်။ ပညာပေးအစီအစဉ်ဆိုရင် မြန်မာနိုင်ငံအတွင်းက တိုင်းရင်းသားလူမျိုးစုတွေရဲ့ ရိုးရာအထိမ်းအမှတ်၊ ယဉ်ကျေးမှု၊ အစားအစာ၊ ဝတ်စားဆင်ယင်မှုတွေကို ပြတိုက်ပုံသဏ္ဍာန် ရုပ်တုတွေခင်းကျင်းပြီး ဓာတ်ပုံတွေ၊ LED၊ Video နဲ့ပါ ပြသမှာဖြစ်တယ်။

ယဉ်ကျေးမှုနဲ့ပတ်သက်တဲ့၊ လူငယ်နဲ့ပတ်သက်တဲ့ ဉာဏ်စမ်းပဟေဠိ အစီအစဉ်တွေကို ဖျော်ဖြေရေးခန်းမထဲမှာ လုပ်မယ်။ လက်ဆောင်ပေးမယ့် အစီအစဉ်တွေလည်း ပါတယ်။ တိုင်းရင်းသားရိုးရာဝတ်စုံဝတ်ပြီး ဓာတ်ပုံရိုက်ချင်သူတွေအတွက် ဓာတ်ပုံစတူဒီယိုလေးလုပ်ပေးထားတယ်၊ မြက်ခင်းပြင်မှာဆိုရင် တိုင်းရင်းသားဝတ်စုံ ဝတ်ထားတဲ့ လူငယ်တွေပုံမှာ ကိုယ့်မျက်နှာလေးတွေဝင်ပြီး ရိုက်ရင်ရတဲ့အစီအစဉ်တွေလည်း လုပ်ပေးထားတယ်။ အပြင်မှာလည်း ပန်းချီကားတွေ၊ ယဉ်ကျေးမှုရိုးရာအမွေအနှစ်နဲ့ ပတ်သက်တဲ့ ရိုးရာပစ္စည်းတွေလည်း ချပြထားတယ်။

ကလေးတွေပျော်ပျော်ရွှင်ရွှင် မက်ခ်ကော့ရုပ်ကြီးတွေနဲ့ ဓာတ်ပုံရိုက်လို့ရအောင်လည်း လုပ်ပေးတယ်။ ဝိဇ္ဇာခန်းမအတွင်းမှာ ဉာဏ်စမ်း ပဟေဠိတွေ ဖျော်ဖြေပွဲတွေ လုပ်မယ်။ အပြင်ဘက်မှာ ပန်းချီ၊ ပန်းပု၊ ရုပ်တုတွေ၊ အနုပညာပစ္စည်းတွေ၊ ဓာတ်ပုံရိုက်တဲ့ အစီအစဉ်တွေပြုလုပ်မယ်၊ လာရောက်ကြည့်ရှုသူတွေအနေနဲ့ အားလုံးပါဝင်လို့ရပါတယ်၊ ဖျော်ဖြေရေးမှာ ပါဝင်ချင်တယ်ဆိုရင် စိစစ်ပြီး တီးနိုင် ဆိုနိုင်အောင်လုပ်ပေးမယ်၊ ပန်းချီဆွဲတဲ့နေရာမှာ ထိုင်ပြီးဆွဲချင်တယ်ဆိုရင် နေရာလေးလုပ်ပေးမယ့်အစီအစဉ်တွေ ဆောင်ရွက်ထားပါတယ်၊ ဒီပွဲက ပညာပေးရုံတင်မကဘဲ စိတ်ပိုင်းဆိုင်ရာ လန်းဆန်းစေမယ်၊ အတွေးအမြင်သစ်တွေလည်း ရနိုင်မယ်လို့ ထင်ပါတယ်။

**ဦးသိန်းစိုး(သိန်းစိုးသီဟရတနာ)**

၂၀ ရာစု မြန်မာစာရေးဆရာ၊ ဆရာမကြီးတွေရဲ့ ပုံကိုပြသဖို့ တာဝန်ယူထားပါတယ်။ စာရေးဆရာမကြီးတွေရဲ့ ဓာတ်ပုံတွေနဲ့ သူတို့ရဲ့ဆောင်ရွက်ချက်တွေကို ဓာတ်ပုံနဲ့တွဲပြီး ပြသဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ပြခန်းသုံးခန်းမှာ ဓာတ်ပုံ ၃၀၀ လောက်ပြသဖို့ စီစဉ်နေပါတယ်။

မြန်မာနိုင်ငံစာပေထုတ်ဝေသူများအသင်းက ဦးဆောင်ပြီး စာပေတိုက်တွေက ဆိုင်ခန်း ၇၀ ကျော်ကနေ အထူးဈေးနှုန်းအနေနဲ့ လျှော့ဈေးနဲ့ စာအုပ်စာပေ အစုံအလင်ကို ရောင်းချမှာဖြစ်ပါတယ်၊ ရှားပါးစာအုပ်တွေလည်း ပြသသွားမယ်။ စာပေဝါသနာပါတဲ့လူငယ်တွေအနေနဲ့ လာရောက်ကြည့်ရှုသင့်တဲ့ပွဲဖြစ်တာကြောင့် လာရောက်ကြည့်ရှု ဖို့ ဖိတ်ခေါ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဝင်းဝင်းမော်**
**ဓာတ်ပုံ - မော်ကြီး**

❖ *ကျောဖုံးမှ*

AFC Cup ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ကလပ်အသင်းနှစ်သင်း အုပ်စုအဆင့်မှ ကစားခွင့်ရမည်ဖြစ်ပြီး အာဆီယံဇုန်တွင် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

**တက်ရောက်ကစားခွင့် ရမည်**

အာရှဘောလုံးအဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ အာဆီယံဇုန်ကို အုပ်စုသုံးခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အသင်း ၁၂ သင်း ပါဝင်ကာ နှစ်သင်းသာ ထွက်ပေါ်ရန် ကျန်ရှိတော့သည်။ အာဆီယံဇုန်တွင် ဗီယက်နမ်၊ မလေးရှား၊ အင်ဒိုနီးရှား၊ မြန်မာနှင့် ဖိလစ်ပိုင်တို့မှ နှစ်သင်းစီ ယှဉ်ပြိုင်ခွင့်ရထားပြီး စင်ကာပူမှ တစ်သင်းနှင့် လက်ကျန် တစ်နေရာအတွက် စင်ကာပူနှင့် လာအိုအသင်းတို့၏ Play-off ပွဲမှ အနိုင်ရသည့်အသင်း တက်ရောက်ကစားခွင့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ ရှမ်းယူနိုက်တက်နှင့် ရန်ကုန် အသင်းတို့ ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်း သည် အာရှချန်ပီယံလိဂ် အကြိုခြေစစ်ပွဲ ပထမအဆင့်မှ ကစားရမည်ဖြစ်ကာ ခြေစစ်ပွဲမအောင်ပါက AFC Cup ပြိုင်ပွဲတွင် ပြန်လည် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ရန်ကုန်အသင်းသည် AFC Cup ပြိုင်ပွဲတွင် ငါးကြိမ်မြောက် ယှဉ်ပြိုင်ခွင့်ရခြင်းဖြစ်ပြီး ပြီးခဲ့သည့် လေးကြိမ်တွင် အမြင့်ဆုံးအဖြစ် ရှုံး၊ ထွက်အဆင့်သာ တက်ရောက်ဖူးကြောင်း သိရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ရာသီ အာရှချန်ပီယံလိဂ်နှင့် AFC Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၉**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက် ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည် ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည် ဖြစ်ပြီး ပြပွဲအရောင်း စာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာ ကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည် ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၇ ရက် နောက်ဆုံးထား၍ သတ်မှတ်ပုံစံ ဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း- ၀၆၇-၄၁၂၂၂၅ နှင့် ၄၁၂၂၂၆တို့သို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း- ၀၆၇-၄၁၄၄၉၇ နှင့် ၄၁၄၄၉၈ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ANA လေကြောင်းလိုင်း စပွန်ဆာစာချုပ် ချုပ်ဆို

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဂျပန်နိုင်ငံမှ All Nippon Airways (ANA) လေကြောင်းလိုင်းတို့ စပွန်ဆာစာချုပ်ချုပ်ဆိုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက အမှာစကားပြောကြားပြီး All Nippon Airways (ANA) လေကြောင်းလိုင်း မြန်မာပြည်ရုံးခွဲ အထွေထွေမန်နေဂျာ မစ္စတာ ဆူဇူကီးက စပွန်ဆာပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် စီအီးအို ဦးဘုန်းနိုင်ဇော်၊ All Nippon Airways (ANA) လေကြောင်းလိုင်း အထွေထွေ မန်နေဂျာ မစ္စတာ ဆူဇူကီးနှင့် တာဝန်ရှိသူများက စပွန်ဆာစာချုပ်အား လက်မှတ်ရေးထိုးပြီး မြန်မာအသင်း ဂျာစီအား အမှတ်တရ လက်ဆောင်ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသည့် မီဒီယာများက စပွန်ဆာနှင့် ပတ်သက်သည့် ကိစ္စရပ်များအား မေးမြန်းကြသည်။ ANA လေကြောင်းလိုင်းသည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အား ၂၀၁၇ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလအထိ တစ်နှစ်စပွန်ဆာပေးမည်ဖြစ်ပြီး စာချုပ်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ နှစ်သိန်းခွဲဖြစ်ကြောင်း သိရသည်။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-ဖိုးသော်ဇင်




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ANA လေကြောင်းလိုင်းတို့ စပွန်ဆာစာချုပ် ချုပ်ဆိုပွဲ ကျင်းပစဉ်။

# Asian Challenge Cup ဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၇ Asian Challenge Cup ဟော်ကီပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့မွန်းလွဲပိုင်းမှစ၍ ရန်ကုန်မြို့ရှိ သိမ်ဖြူ မြက်ခင်းတု ဟော်ကီကွင်း၌ ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

စတုတ္ထနေ့တွင် အိမ်ရှင်မြန်မာအသင်းသည် တရုတ်(တိုင်ပေ) အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ တရုတ်(တိုင်ပေ) အသင်းသည် ၁၆၊ ၃၃၊ ၅၄ မိနစ်တွင် ဂိုးများသွင်းယူခဲ့ပြီး မြန်မာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို မိနစ် ၆၀ တွင် သန်းထွဋ်ဝင်းက သွင်းယူခဲ့သည်။ အခြားပွဲတွင် ဟောင်ကောင်အသင်းက ဘရူနိုင်းအသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် တရုတ်(တိုင်ပေ) အသင်းက လေးပွဲစလုံးအနိုင်ရကာ ၁၂ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး မြန်မာနှင့် ဟောင်ကောင်အသင်းက ခြောက်မှတ်စီ၊ ဘရူနိုင်းအသင်းက အမှတ်မရသေးပေ။ အုပ်စုပဥ္စမနေ့ကို ဒီဇင်ဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တရုတ်(တိုင်ပေ) နှင့် ဟောင်ကောင်၊ မြန်မာနှင့် ဘရူနိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ကာ လေးပွဲဆက် အနိုင်ရထားသည့် တရုတ်(တိုင်ပေ) အသင်းသည် ယင်းပွဲအနိုင်ရပါက ချန်ပီယံဆု ရယူနိုင်မည် ဖြစ်သည်။

ဖိုးသော်ဇင်

# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ တရားဝင် စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၇၃ စီး ၊ သွင်းကုန် အစီး ၉၀၀၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၆ စီး၊ သွင်းကုန် ၁၃၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၂၈ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅ ဒသမ ၂၂၇ သန်းခန့်၊ မရမ်းချောင် အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂ ဒသမ ၁၇၅ သန်းခန့် စုစုပေါင်းတားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၇ ဒသမ ၄၀၂ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၂၈ ရက်တွင် မန္တလေးမြို့သို့ သွားရောက်မည့် ခရီးသည်တင်ယာဉ် တစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် MI Note 4X (1×20) ၁၄ ဖာ၊ (1×19) တစ်ဖာ၊ MI Note 5X (1×20) ၁၅ ဖာ၊ DLNA G 500 Mini အလုံး ၃၀၊ XP 200 အလုံး ၂၀၊ SYX Since 2005(1×40) ကိုးဖာ၊ SYH FLUSH DISH ၃၀၊ SYH SMART CARD ၂၅၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆ ဒသမ ၁၈၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မိုင်းကိုင်မြို့ အထက ကျောင်းသား ကျောင်းသူများ ရေခဲချောင်းစား၍ အစာအဆိပ်သင့်မှုဖြစ်ပွား

**မိုင်းကိုင် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် နိုဝင်ဘာ ၂၉ ရက်က မိုက်ကယ်တံဆိပ်ပါ ရေခဲချောင်းအား စားမိ၍ အစာအဆိပ်သင့်ကာ မိုင်းကိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည်။

အဆိုပါဖြစ်စဉ်တွင် သီပေါမြို့မှ ကားဖြင့်သယ်ဆောင်ကာ လာရောက်ရောင်းချသော (မိုက်ကယ် အဆင့်မြင့် နို့မလိုင်ချောင်း နို့ချဉ်နှင့် အားဖြည့်အချိုရည်) တံဆိပ်ပါ ရေခဲချောင်းအား စားမိသော ကလေးများမှာ ရုတ်တရက်ခေါင်းမူးခြင်း၊ အော့အန်ခြင်း၊ ဗိုက်နာခြင်းနှင့် သွေးတိုးခြင်းများဖြစ်၍ တာဝန်ရှိ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများက မိုင်းကိုင်မြို့နယ် ဆေးရုံသို့ အချိန်မီပို့ဆောင် ဆေးကုသမှု ခံယူစေခဲ့ရာ မူလတန်းအရွယ်ကျောင်းသား ကျောင်းသူ ၁၃ ဦး ဆေးကုသမှုခံယူလျက်ရှိပြီး အသက်အန္တရာယ်အထူးစိုးရိမ်ဖွယ်မရှိကြောင်းနှင့် ရေခဲချောင်းရောင်းချသူအား တာဝန်ရှိသူများက လိုက်လံရှာဖွေ၍ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နန်းလှိုင်လှိုင်ဦး(မိုင်းကိုင်)

# ကျောက်မီးသွေးတွင်း ပြိုကျမှုကြောင့် ပိတ်မိနေသည့် နှစ်ဦးကို သေဆုံးလျက် ထပ်မံတွေ့ရှိ

**မင်းဘူး နိုဝင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ဘုရားကျေးရွာအုပ်စု မန်းရွှေစက်တော်အနီး ဟန်ထက်ကျောက်မီးသွေးတူးဖော်ရေး ကုမ္ပဏီလီမိတက်မှ တူးဖော်လျက်ရှိသည့် ကျောက်မီးသွေးတွင်း၌ နိုဝင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက လေပိုက်ပေါက်ကွဲမှု ဖြစ်ပွားရာမှ တွင်းအတွင်း၌ ပိတ်မိနေသူ လူရှစ်ဦးမှ ကျန်နှစ်ဦးအနက် နိုဝင်ဘာ ၂၉ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် တရုတ်နိုင်ငံသား ချန်ချောင်းရွှေအား လည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ကိုဖိုးချမ်း (၃၃ နှစ်) အိုမြေတွင်းကျေးရွာ ငဖဲမြို့နယ်နေသူအား လည်းကောင်း သေဆုံးလျက် ထုတ်ယူနိုင်ခဲ့သည်။ အဆိုပါ ကျောက်မီးသွေးလုပ်ကွက်အား ပိတ်ထားကြောင်း သိရသည်။

ဖိုးပြည့်(မင်းဘူး)



# အရှိန်မထိန်းနိုင်သောယာဉ် ကျွဲလှည်းကိုဝင်တိုက် လှည်းမောင်းသူ သေဆုံး

**ပဲခူး နိုဝင်ဘာ ၂၉**

ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်းမိုင်တိုင် ၆၃/၀ နှင့် ၆၃/၁ အကြား အေးစေတီဘုန်းကြီးကျောင်းရှေ့၌ နိုဝင်ဘာ ၂၈ ရက် နံနက် ၁၂ နာရီ ၁၀ မိနစ်ခန့်က ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်ကို ဘုရားကြီးနယ်မြေရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးခဲ့ရာ ဘုရားလေးကျေးရွာ ခင်တန်းကြီးရပ်ကွက်နေ ဦးမြင့်နိုင်(၄၈ နှစ်)သည် ကျွဲလှည်းဖြင့် ကားလမ်းအနောက်ဘက်ဘေးအတိုင်း မောင်းနှင်လာပြီး အခင်းဖြစ်နေရာအရောက် လမ်းမကြီးပေါ်သို့ဖြတ်တက်စဉ် မြောက်မှတောင်သို့ ယာဉ်မောင်း(စိစစ်ဆဲ) မောင်းနှင်ပြီး ဦးထွန်းထွန်း(၅၀ နှစ်) ဟသ်ာကုန်း ၁၁ ရပ်ကွက် ပဲခူးမြို့နေသူ လိုက်ပါလာသည့် KYN-5H/---- CRV ယာဉ်မှ အရှိန်လွန်ပြီး ကျွဲလှည်းအား ဝင်ရောက်တိုက်မိခဲ့သည်။ ယာဉ်တိုက်မှုကြောင့် ကျွဲလှည်းမောင်းသူ ဦးမြင့်နိုင်သည် ရရှိသောဒဏ်ရာများဖြင့် နေရာတွင် သေဆုံးသွားခဲ့၍ ဘုရားကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ထွက်ပြေးတိမ်းရှောင်သွားသော ယာဉ်မောင်းအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

# ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဆိုင်ကယ်ခိုးမှု ကျူးလွန်သူများကို စစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ရှစ်မှု ထပ်မံဖော်ထုတ်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီးတွင် ဆိုင်ကယ်ခိုးမှုကျူးလွန်သူများကို တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိစစ်ဆေးရာမှ ဆိုင်ကယ်ခိုးမှု ရှစ်မှု ထပ်မံဖော်ထုတ်ရရှိခဲ့ကြောင်း သိရသည်။

အင်းစိန်မြို့နယ်နေ ကုမ္ပဏီဝန်ထမ်းဖြစ်သူ ကို----သည် နိုဝင်ဘာ ၂ ရက် ညက ကုမ္ပဏီပိုင်လိုင်စင်ရှိ ဆိုင်ကယ် သုံးစီး ကုမ္ပဏီရုံးခန်းအတွင်းမှ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် အင်းစိန်မြို့မရဲစခန်းတွင် အမှုဖွင့်တိုင်တန်းခဲ့သည်။

အမှုနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များက ခိုးမှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး သတင်းစုံစမ်းဆောင်ရွက်နေစဉ် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာနေ အောင်မျိုးနိုင်(ခ)ဘာဘူမှာ ဆိုင်ကယ်များ လိုက်လံရောင်းချနေကြောင်းနှင့် ၎င်းသည် သန့်ဇင်ဦး(ခ) ထွန်းထွန်း(ခ)ဖိုးခွားနှင့် မိုးကျော်အောင်(ခ) အလတ်ကောင်တို့နှင့်အတူ ပေါင်းသင်းနေကြောင်း သတင်းရရှိခဲ့ပြီး ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်စဉ် သန့်ဇင်ဦး(ခ) ထွန်းထွန်း(ခ)ဖိုးခွား (၂၃ နှစ်)နှင့် အောင်နိုင်မျိုး(ခ)ဘာဘူ (၂၂ နှစ်)တို့ နှစ်ဦးကို နိုဝင်ဘာ ၁၈ ရက် နံနက် ၄ နာရီက ရွှေပြည်သာမြို့နယ်အတွင်း ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာ တွေ့ရှိသဖြင့် ဖမ်းဆီးကာ ရွှေပြည်သာမြို့မရဲစခန်းတွင် ထပ်မံစစ်ဆေးဆောင်ရွက်ခဲ့သည်။

ဖမ်းဆီးရမိသူနှစ်ဦးအား ခရိုင်၊ မြို့နယ်များအတွင်း ပေါ်ပေါက်ခြင်းမရှိသေးသည့် အမှုများနှင့်ပတ်သက်၍ တိုက်ဆိုင်စစ်ဆေးခဲ့ရာ နိုဝင်ဘာ ၃ ရက် နံနက် ၁ နာရီခန့်တွင် မိုးကျော်အောင်(ခ)အလတ်ကောင်နှင့်အတူ အင်းစိန်မြို့နယ် ဂျပန်လမ်းရှိ ကုမ္ပဏီရုံးခန်းတံခါးသော့အား အသင့်ပါလာသည့် ကတ်တာဖြင့် ဖြတ်၍ အခန်းအတွင်းမှ ဆိုင်ကယ် သုံးစီးကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည်။

အလားတူ ၂၀၁၇ ခုနှစ် ဇွန်လ၊ ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလနှင့် အောက်တိုဘာလများအတွင်းက မင်္ဂလာဒုံမြို့နယ် တပ်မတော်အိမ်ထောင်သည် လိုင်းခန်းအတွင်းမှ Honda Wave-110 ဆိုင်ကယ်၊ လှိုင်သာယာမြို့နယ် သမကုန်းလမ်းဆုံအနီးမှ BOJIA ဆိုင်ကယ်၊ ငွေပင်လယ်ဘုရား အနီးမှ Johnson Wave-125 ဆိုင်ကယ်နှင့် ရွှေလင်ပန်းကျေးရွာ၊ တန်ဖိုးနည်းအိမ်ရာရှေ့မှ Cande CZI-125 ဆိုင်ကယ်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁)ရပ်ကွက် နေအိမ်ခြံဝင်းအပြင်မှ Aguo Wave ဆိုင်ကယ်နှင့် သာစုကန်ဘုရားအနီး လမ်းမပေါ်မှ Turbo Star-125 ဆိုင်ကယ်နှင့် မှော်ဘီမြို့နယ် ရန်ကုန်-ပြည်လမ်းမဘေးရှိ တန်ဖိုးနည်းအိမ်ရာအတွင်းမှ MSX Smart Drive ဆိုင်ကယ်တို့အား ခိုးယူရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သန့်ဇင်ဦး(ခ)ထွန်းထွန်း (ခ)ဖိုးခွားနှင့် အောင်နိုင်မျိုး(ခ)ဘာဘူတို့အား သက်ဆိုင်ရာ မြို့မရဲစခန်းများတွင် အမှုများအသီးသီးရေးဖွင့်ကာ အရေးယူ ဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသူ မိုးကျော်အောင်(ခ) အလတ်ကောင်အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

သတင်းစဉ်



ပြစ်မှုကျူးလွန်သူ အောင်နိုင်မျိုးနှင့် သန့်ဇင်ဦးတို့ နှစ်ဦးအား ခိုးယူဆိုင်ကယ်များနှင့်အတူ တွေ့ရစဉ်။

# အင်ဒိုနီးရှားနိုင်ငံတွင် ဆိုးရွားသည့် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၁ ဦးခန့် သေဆုံး



**ဂျာဗား (အင်ဒိုနီးရှား) နိုဝင်ဘာ ၂၉**
အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားတွင် ဆိုးရွားသည့် ရာသီဥတုကြောင့် ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၁၁ဦးခန့် သေဆုံးခဲ့ပြီး ထောင်နှင့်ချီသော နေအိမ်များ ရေမြုပ်ခဲ့ကြောင်း မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံသဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနက ဖော်ပြခဲ့သည်။

အရှေ့ဂျာဗားပြည်နယ် ပါစီတန်ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယမန်နေ့ကမြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် ဒေသနေပြည်သူ ကိုးဦးမြေပြိုမှု၌ ပါဝင်သွားကြောင်း၊ ထို့အတူ ရေကြီးမှုတွင်လည်း လူနှစ်ဦး ပျောက်ပါသွားကြောင်း၊ အရှေ့ဂျာဗားပြည်နယ်၌ ယခုအချိန်တွင် လူပေါင်း ၄၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပို့ဆောင်ပေးရန် လိုအပ်နေကြောင်း အင်ဒိုနီးရှားနိုင်ငံသဘာဝဘေးကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက မကြာသေးမီက ပြောခဲ့သည်။

အပူပိုင်းမုန်တိုင်း ချာပါကာသည် ဂျာဗားကျွန်းကို ရောက်ရှိလာချိန်တွင် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းတို့ ဖြစ်ပွားခဲ့သောကြောင့် မြို့နှင့် ခရိုင်ပေါင်း ၂၀ ခန့်ထိခိုက်ခဲ့ကြောင်း အဆိုပါပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် နှစ်စဉ် နိုဝင်ဘာလမှ ဧပြီလအထိ မိုးရာသီအချိန်ကာလဖြစ်ပြီး မြေပြိုမှုနှင့်ရေကြီးမှုများ အများဆုံးဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံတွင် ကွန်တိန်နာအတွင်း အသက်ရှုကျပ်သေဆုံးသူ ခြောက်ဦးကို တွေ့ရှိ

**နယူးဒေလီ နိုဝင်ဘာ ၂၉**
အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ ကွန်တိန်နာတစ်ခုအတွင်း အိပ်ပျော်နေရင်း အသက်ရှုကျပ်ကာအမျိုးသား ခြောက်ဦး သေဆုံးခဲ့ကြောင်းသက်ဆိုင်ရာရဲတပ်ဖွဲ့က နိုဝင်ဘာ ၂၉ ရက်တွင် ပြောခဲ့သည်။

သေဆုံးသူများမှာ စားသောက်ပွဲအတွက် လုပ်ကိုင်နေသူများဖြစ်ကာ



ကျောက်မီးသွေးမီးဖို တစ်ခုထည့်ထားသည့် ကွန်တိန်နာကြီးထဲတွင် အိပ်ပျော်နေရင်း အသက်ရှုကျပ်ကာ သေဆုံးခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

ယခုကဲ့သို့ဖြစ်ပွားမှုသည် ယင်းမြို့၏ တပ်ပိုင်မြေအတွင်း ဖြစ်ပွားခဲ့သည့် ပထမဆုံးသော လူသေဆုံးမှုဖြစ်သည်။ သေဆုံးသူများမှာ အဆိုပါနယ်မြေတွင် ပြုလုပ်မည့် မင်္ဂလာဆောင်အတွက် အစားအသောက်လာရောက်ပြင်ဆင်ပေးရန် လာကြသူများဖြစ်ကြောင်း သိရသည်။

ကွန်တိန်နာထဲရှိ အသက်ရှုကျပ်နေသော ခြောက်ဦးကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း လေးဦးမှာသေဆုံးနေခဲ့ကြောင်းသိရပြီး ကျန်နှစ်ဦးမှာ သတိမေ့လျက်ရှိကာ နောက်ပိုင်းတွင် သေဆုံးသွားခဲ့ကြောင်း သိရသည်။

သေဆုံးသူများမှာ ဥတ္တာပရာဒေ့ရှ်ပြည်နယ် ဂိုရက်ပါးရ်ပြည်နယ်တွင် နေထိုင်သူများဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# မီးတောင်မှ မီးခိုးပြာများ ရှင်းလင်းသွားပြီဖြစ်သည့်အတွက် ဘာလီလေဆိပ်ကို ပြန်လည်ဖွင့်လှစ်

**ဒန်ပါဆာ (အင်ဒိုနီးရှား) နိုဝင်ဘာ ၂၉**
အင်ဒိုနီးရှားနိုင်ငံတွင် လွန်ခဲ့သောရက်များအတွင်းက မီးတောင်ပေါက်ကွဲမှုကြောင့် မီးခိုးပြာများ ထွက်ပေါ်ခဲ့သည့်အတွက်ခေတ္တပိတ်ထားခဲ့သည့် ဘာလီ အပန်းဖြေကျွန်းပေါ်ရှိ ဘာလီလေဆိပ်ကို ဗုဒ္ဓဟူးနေ့တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ဒုတိယအလုပ်အများဆုံးနေရာဖြစ်သည့် လေဆိပ်သည် ဘာလီအရှေ့ပိုင်းရှိ အာဂန်းမီးတောင်ပေါက်ကွဲမှုကြောင့် ခရီးစဉ်များ အနှောင့်အယှက်ဖြစ်ခဲ့သည့်အတွက် ခေတ္တရပ်နားခဲ့ရသည်။ အာဏာပိုင်များက အကြီးစားပေါက်ကွဲမှုဖြစ်နိုင်သည့်အတွက် အမြင့်ဆုံးသတိပေးချက်အဆင့် သတ်မှတ်ခဲ့သည်။

ယခုအခါ ဘာလီရှိနိုင်ငံတကာလေဆိပ်ကို ပုံမှန်အတိုင်းလည်ပတ်ဆောင်ရွက်မှုများစတင်လျက်ရှိကြောင်းနှင့် မွန်းလွဲ ၂ နာရီ၂၈ မိနစ်တွင် ပြန်လည်စတင်ခဲ့ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

ပြန်လည် ဖွင့်လှစ်လိုက်သည့် လေဆိပ်သည် အာဂန်းမီးတောင်မှ ၆၀ ကီလိုမီတာ(၃၇မိုင်)အကွာခန့်တွင် တည်ရှိသည်။ လေကြောင်းဆိုင်ရာ သတိပေးချက်ထုတ်ပြန်မှုကို အန္တရာယ်အရှိဆုံးအဆင့်မှ တစ်ဆင့်လျှော့ချခဲ့ပြီး လေထုအတွင်း တိုက်လေကြောင့် မီးခိုးပြာများ သန့်စင် ရှင်းလင်းသွားပြီးနောက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် မီးတောင်အနီးတစ်ဝိုက်ရှိ အန္တရာယ်ရှိဇရိယာအတွင်းနေထိုင်ကြသည့်ပြည်သူများကို အရေးပေါ် ခိုလှုံရာဌာနများသို့ ရွှေ့ပြောင်းကြရန် မေတ္တာရပ်ခံခဲ့သည်။

လေဆိပ်၌အရေးပေါ်အစည်းအဝေး တစ်ရပ်ကျင်းပခဲ့ပြီးနောက် လေဆိပ်ကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

# သီရိလင်္ကာ ရထားပို့ဆောင်ရေး ခေတ်မီအောင် ဆောင်ရွက်မည်

**ကိုလံဘို နိုဝင်ဘာ ၂၉**
သီရိလင်္ကာတွင် နှစ်ကာလကြာရှည်စွာအသုံးပြုခဲ့၍ ဟောင်းနွမ်းနေပြီဖြစ်သည့် ရထားများကို ခေတ်မီဆန်းသစ်အောင်ပြုပြင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ခေတ်မီ ဆန်းသစ်ရေးအတွက် ရထားတွဲသစ်များနှင့် အင်ဂျင်သစ်ပေါင်း ၁၀၀ ခန့်ကို ဝယ်ယူသွားမည်ဖြစ်ပြီး ရထားဘူတာရုံများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီး နီမယ်သရီပါလာဒီစီလ်ဗာက ပြောကြားခဲ့မှုကို အင်္ဂါနေ့တွင် ဒေသမီဒီယာက ကိုးကားဖော်ပြခဲ့သည်။

ထိုသို့ ပြုပြင်ဆန်းသစ်မှုမှာ သီရိလင်္ကာ၏နေ့စဉ်ဆောင်ရွက်နေသည့် အများပြည်သူ သယ်ယူပို့ဆောင်ရေးကို မှီခိုအားထားနေရသည့် သီရိလင်္ကာနိုင်ငံသားအများစုကို အစိုးရက အာမခံချက်ပေးနိုင်ရန်ကူညီပေးလိမ့်မည် ဖြစ်ကြောင်း ဒီစီလ်ဗာက ပြောကြားခဲ့သည်။

ယင်းစီမံကိန်းများမှာ အာရှဖွံ့ဖြိုးရေးဘဏ်က ငွေကြေးထည့်ဝင်မည့် ကိုလံဘိုရထားလမ်းစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ဘဏ္ဍာရေးဝန်ကြီးရုံးကို ပစ်မှတ်ထား၍ ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ယီမင်ပြည်သူငါးဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိ

**အေဒင် (ယီမင်) နိုဝင်ဘာ ၂၉**
ယီမင်နိုင်ငံ တောင်ပိုင်း အေဒင်ဆိပ်ကမ်းမြို့ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနရုံးချုပ်အနီးတွင် ပေါက်ကွဲပစ္စည်းတင်ဆောင်ထားသည့် ကားတစ်စီး ပေါက်ကွဲမှုကြောင့် ယီမင်နိုင်ငံသား ငါးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာအာဏာပိုင်များကပြောကြားခဲ့သည်။



အေဒင်၌ အခြေစိုက်ထားသည့် အာဏာပိုင်များက စစ်သွေးကြွတစ်စုသည် အေဒင်မြို့ ခိုမတ်ဆာခရိုင်အတွင်းရှိ ဘဏ္ဍာရေးဝန်ကြီးရုံးအဆောက်အအုံကို ပစ်မှတ်ထားလျက် ကားဗုံးထောင်ထားခဲ့ကြောင်း ပြောကြားခဲ့သည်။

ဒေသခံများက ဆင်ဟွာသို့ပြောကြားသည်မှာ ပေါက်ကွဲမှုသည် အရှိန်အဟုန်ပြင်းထန်ပြီး မီးခိုးလုံးကြီးကောင်းကင်ပေါ်ထိုးတက်သွားခဲ့သည်။ ပေါက်ကွဲမှုကြောင့် အနီးအနားရှိ လူနေအဆောက်အအုံအချို့ ထိခိုက်ပျက်စီးခဲ့သည်။

လူငါးဦးသေဆုံးပြီး ဒေသခံပြည်သူအများအပြား ဆေးရုံသို့တက်ရောက်ကာ ကုသမှုခံယူရလျက်ရှိသည်။ အချို့မှာ ပေါက်ကွဲမှုမှ လွင့်စဉ်လာသည့်မှန်ကွဲစများကြောင့် ထိခိုက်ဒဏ်ရာရရှိကာ ထိခိုက်ဒဏ်ရာရရှိသူအများစုမှာ အရပ်သားများဖြစ်ကြောင်း ခိုမတ်ဆာရဲစခန်းမှ ဒါရိုက်တာ နာဆာဘာဘက်က ပြောကြားခဲ့သည်။

အစိုးရဝန်ထမ်းများနှင့် အလုပ်သမားများ ဝန်ကြီးရုံးအဆောက်အအုံသို့ မရောက်ရှိသေးသည့် နံနက်အစောပိုင်းအချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အခြားလုံခြုံရေးအင်အားစု သတင်းရင်းမြစ်များက ဖော်ပြသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ထိုင်ဝမ် လူ့အခွင့်အရေး လှုပ်ရှားသူတစ်ဦးကို တရုတ်တရားရုံးက ထောင်ဒဏ် ငါးနှစ်ချမှတ်

**ပေကျင်း နိုဝင်ဘာ ၂၉**

တရုတ်နိုင်ငံရှိ တရားရုံးတစ်ရုံးက ထိုင်ဝမ် လူ့အခွင့်အရေးလှုပ်ရှားသူ တစ်ဦးကို အင်တာနက်ပေါ်တွင် တရုတ်နိုင်ငံအပေါ် မကောင်းသော ဝေဖန်ပြောဆိုမှုများ ပြုလုပ်ခဲ့သည့်အတွက် ထောင်ဒဏ် ငါးနှစ်ကျခံစေရန် အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

ထိုင်ဝမ်မှ လီမင်ချီသည် ၂၀၁၂ ခုနှစ်ကတည်းက စတင်ကာ တရုတ်အစိုးရကို ဆန့်ကျင်သည့် ရေးသားဖော်ပြမှုများကို ဆက်တိုက်ပြုလုပ်ခြင်းဖြင့် အစိုးရကို ဖြုတ်ချရန်ကြိုးပမ်းခဲ့သည်ဟုဆိုကာ ၎င်းအား စွဲချက်တင်ခဲ့သည်ဟု ဖော်ပြထားသည်။

ထိုင်ဝမ်၏ အာဏာရ ဒီမိုကရက်တစ် တိုးတက်ရေးပါတီမှ အဖွဲ့ဝင်ဟောင်းတစ်ဦးဖြစ်သည့် လီသည် မတ်လအတွင်းက တရုတ်နိုင်ငံအတွင်းသို့ သွားရောက်ခဲ့စဉ် ဖမ်းဆီးထိန်းသိမ်းခြင်းခံခဲ့ရသည်။ ဟူနန်ပြည်နယ်အတွင်းရှိ တရားရုံးက အင်္ဂါနေ့တွင် စီရင်ချက်ချခဲ့သည်။ ပထမအကြိမ် ကြားနာစစ်ဆေးမှုပြုလုပ်ခဲ့သည့် စက်တင်ဘာလကတည်းက လီကို အပြစ်ရှိကြောင်း ဆုံးဖြတ်ခဲ့သည့်အတွက် လျှော့ပေါ့လဲချက် တင်စေခဲ့သည်။

**ဆင်ဟွာ**

### တရုတ်နိုင်ငံတောင်ပိုင်း၌ နစ်မြုပ်သင်္ဘောအတွင်း ပိတ်မိနေသူ ငါးဦးကို ကယ်ဆယ်နိုင်

**ကွမ်ကျိုး နိုဝင်ဘာ ၂၉**

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ကမ်းခြေအနီး၌ တနင်္လာနေ့က ကုန်တင်သင်္ဘောတစ်စင်း နစ်မြုပ်သွားခဲ့ရာ နစ်မြုပ်သင်္ဘောအတွင်း ပိတ်မိနေခဲ့သည့် သင်္ဘောအမှုထမ်း ငါးဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

သင်္ဘောအတွင်း၌ ပိတ်မိနေသူ ခုနစ်ဦး ကျန်ရှိနေသေးသည်ဖြစ်ရာ ကယ်ဆယ်ရေးအဖွဲ့များက ကျန်လူများကို ကယ်ဆယ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ သဲတန်ချိန်ပေါင်း ၅၀၀၀ ကို တင်ဆောင်လာသည့် ကုန်တင်သင်္ဘောသည် တနင်္လာနေ့ အစောပိုင်းတွင် သံမဏိတန်ချိန်ပေါင်း ၅၀၃၈ တန်တင်ဆောင်လာသည့် သင်္ဘောနှင့် တိုက်မိခဲ့ပြီးနောက်တွင် ပင်လယ်ထဲသို့ နစ်မြုပ်သွားခဲ့ရာ သင်္ဘောအမှုထမ်း ၁၂ ဦး ပျောက်ဆုံးသွားခဲ့သည်။

ပျောက်ဆုံးသူများအနက် ငါးဦးကို အင်္ဂါနေ့ညနေခင်းတွင် သင်္ဘောခန်းမှ ကယ်ထုတ်ခဲ့ကြကြောင်း ကွမ်တုံ ရေကြောင်းလုံခြုံရေး အုပ်ချုပ်ရေးအဖွဲ့က ပြောကြားခဲ့သည်။ ကျန်ခုနစ်ဦးမှာ သင်္ဘောခန်းအတွင်း ပိတ်မိနေဆဲဖြစ်ပြီး အသက်ရှင်နေဆဲဖြစ်ကြောင်း အဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ**

# ယီမင်ပြည်သူတွေကို အသက်ရှူချောင်စေမယ့် အထောက်အပံ့ပစ္စည်းများ ရောက်ရှိ

**ခြူးစန္ဒီနွေး**

**ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်တွေဟာ ယီမင်နိုင်ငံကို လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းစသဖြင့် အဘက်ဘက်က ပိတ်ဆို့ခဲ့တဲ့အတွက် ယီမင်ပြည်သူတွေဟာ လိုအပ်တဲ့ဆေးဝါး၊ အစားအသောက်မရကြဘဲ ပိတ်မိနေခဲ့ကြပါတယ်။ ယီမင်နိုင်ငံကနေ ပစ်ခတ်တဲ့ ဒုံးကျည်တွေဟာ ဆော်ဒီနိုင်ငံကို ဦးတည်ပစ်ခတ်နေတယ်ဆိုတဲ့ စွပ်စွဲချက်တွေနဲ့ ယီမင်နိုင်ငံအပေါ် ပိတ်ဆို့မှုတွေ ပိုမိုလုပ်ဆောင်ခဲ့တာပဲ ဖြစ်တယ်။ ဒါပေမယ့် ဒီလိုမျိုး ပိတ်ဆို့ထားမှုတွေကို သီတင်းပတ်သုံးပတ်ကြာအောင် ပြုလုပ်ပြီးတဲ့နောက်မှာတော့ ယီမင်နိုင်ငံအတွင်း အမှန်တကယ်လိုအပ်နေတဲ့ အစားအသောက်၊ ဆေးဝါးနဲ့ အခြေခံပစ္စည်းတွေကို ထောက်ပံ့ပေးနိုင်ဖို့ ဒီပစ္စည်းတွေကို သယ်ဆောင်လာတဲ့ သင်္ဘောကို ဟူသီသူပုန်တွေ ထိန်းချုပ်ထားတဲ့ ဆိပ်ကမ်းမှာ တစ်ဖန်ပြန်ပြီး ဆိုက်ကပ်ခွင့်ပြုပေးခဲ့ပါတယ်။**



ယီမင်နိုင်ငံမှာ ကာလအတန်ကြာ ပိတ်ဆို့ထားခြင်းခံရတဲ့အတွက် လူသန်းပေါင်းများစွာဟာ လုံခြုံစိတ်ချရမှု မရှိတဲ့ ဆေးကုသမှု၊ ဆေးဝါးမရရှိတာတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အစာရေစာ ငတ်မွတ်ခေါင်းပါးမှုနဲ့လည်း ကြုံတွေ့ခဲ့ရပါတယ်။ လူတွေဟာ အစာအတွက် ပိုမို ဒုက္ခရောက်ခဲ့ရပါတယ်။ တနင်္ဂနွေနေ့မှာတော့ အစားအစာတွေ တင်ဆောင်လာတဲ့ သင်္ဘောဆိုက်ကပ်ခဲ့ပြီး အဲဒီနေ့ မတိုင်ခင် တစ်ရက်မှာတော့ အစားအစာနဲ့ဆေးဝါးများ သယ်ဆောင်လာတဲ့ လေယာဉ်ဟာ မြို့တော်ဆာနားရှိ လေဆိပ်မှာ ဆင်းသက်ခွင့်ရခဲ့ပါတယ်။

ဒါပေမယ့်လည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတွေကတော့ ယီမင်နိုင်ငံကို ဒီလိုမျိုး ကူညီထောက်ပံ့ခွင့်ပြန်ရတာကို ပင့်ပက္ခတွေအားလုံး အဆုံးသတ်သွားပြီလို့ ကောက်ချက်မချကြဖို့ ပြောထားပါတယ်။ နိုင်ငံအတွင်းမှာ အရပ်သားပြည်သူတွေ အမှန်တကယ် လိုအပ်နေတဲ့ အစားအသောက်နဲ့ ဆေးဝါးတွေ ပြန်လည်ပို့ဆောင်နိုင်ရေး ပထမခြေလှမ်းကို စတင်လိုက်နိုင်ပါပြီ။

ယူနီဆက်ဖ်က ဒေသတွင်း အကြီးအကဲဖြစ်သူ Geert Cappelaere ကတော့ သူတို့ လုပ်ဆောင်နိုင်တဲ့အရာဟာ အင်မတန်မှ အရေးပါလှတဲ့ အောင်မြင်မှုတစ်ခုလို့ ကြွေးကြော်လိုက်ပါတယ်။ ဒါပေမယ့်လည်း ဒီလောက်နဲ့တင် ကျေနပ်နေသေးလို့ မရသေးပါဘူး။ ဒီထက်ပိုပြီး အများကြီး လုပ်ဆောင်ရဦးမှာပါ။ တနင်္ဂနွေနေ့က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အထောက်အပံ့တွေပေးလိုက်နိုင်တာဟာ ကြီးမားတဲ့အောင်မြင်မှုဆိုပေမယ့် ဒီလောက်နဲ့တင် အဆုံးသတ်သွားလို့မရသေးပါဘူးလို့ Geert Cappelaere က ပြောပါတယ်။

စနေနေ့မှာပဲ ဆေးဝါးပေါင်း ၁ ဒသမ ၉ သန်း ဆာနားမြို့ကို ပေးပို့ခဲ့ပြီး နောက်တစ်ဆင့်ကတော့ အဲဒီ ဆေးဝါးတွေကို အမှန်တကယ် လိုအပ်နေတဲ့ လူတွေဆီကို အရောက်ပို့ပေးဖို့ပါပဲ။ ဒါပေမယ့်လည်း ယီမင်နိုင်ငံဟာ တိုက်ပွဲတွေ ဖြစ်ပွားနေတော့ နိုင်ငံအတွင်းက အမှန်တကယ်လိုအပ်နေတဲ့ အမျိုးသား၊ အမျိုးသမီးနဲ့ကလေးတွေဆီ ဒီထောက်ပံ့ပစ္စည်းတွေကို အရောက်ပို့ဖို့ဆိုတာကတော့ နောက်ထပ်ဖြတ်ကျော်ရမယ့် စိန်ခေါ်မှု တစ်ရပ်ပါပဲ။

အစာရေစာ ငတ်မွတ်ခေါင်းပါးမှုနဲ့အတူ ယီမင်နိုင်ငံအပေါ် နောက်ထပ်ထိုးနှက်ချက်တစ်ခုကတော့ ရောဂါထူပြောမှုပါပဲ။ ဆုံဆို့နာရောဂါဟာ အသက်ကို အန္တရာယ်ပေးနိုင်လောက်တဲ့အထိ ကြောက်စရာကောင်းတဲ့ ရောဂါတစ်ခုပါပဲ။ ဒီရောဂါကို ကမ္ဘာမှာတော့ ထိန်းချုပ်နိုင်ပါပြီ။ ဒါပေမယ့်လည်း စစ်မက်ဖြစ်ပွားနေတဲ့ ယီမင်နိုင်ငံလို နေရာမျိုးမှာတော့ တစ်ဖန်ပြန်ပြီး ခေါင်းထောင်လာပြန်ပါတယ်။ ယီမင်နိုင်ငံမှာ ဆုံဆို့နာရောဂါဖြစ်ပွားသူ ၁၂၀ ထက်မနည်း ရှိတယ်လို့လည်း သိရပါတယ်။

အဲဒီရောဂါ ကာကွယ်ဆေးကို ထောက်ပံ့ရေးပစ္စည်းတွေနဲ့အတူ ယီမင်နိုင်ငံကို ပို့ခဲ့ပေမယ့် အဘက်ဘက်က ပိတ်ဆို့မှုတွေကြောင့် ပို့ဆောင်ခွင့်မရခဲ့ပါဘူး။ ဒီလိုပါပဲ။ ယခုနှစ် အစောပိုင်းက ယီမင်မှာ အကြီးအကျယ်ဖြစ်ပွားခဲ့တဲ့ ကာလဝမ်းရောဂါဟာလည်း ကာကွယ်ဆေးကို မဖြန့်ဖြူးပေးနိုင်တဲ့အတွက် ပြန်လည်ဖြစ်ပွားမယ့် အရိပ်အယောင်ပြနေပြန်ပါပြီ။ ယီမင်နိုင်ငံကို ပိတ်ဆို့ထားစဉ်အတွင်း မြို့ပေါင်းများစွာဟာ သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ စနစ်တကျ မိလ္လာစွန့်ပစ်တဲ့ စနစ်တွေအတွက် လိုအပ်တဲ့လောင်စာကို ဖြတ်တောက်ထားခြင်းခံထားရတယ်။ မသန့်ရှင်းတဲ့ရေကို သောက်သုံးနေရတဲ့အတွက် လူ ၂ ဒသမ ၅ သန်းဟာ ဝမ်းရောဂါကဲ့သို့သော အခြားကူးစက်ရောဂါတွေ ကူးစက်ခံစားနေရတယ်လို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအသင်းက ပြောပါတယ်။

ခရီးသည်တင်လေယာဉ်နဲ့ ရောက်ရှိလာတဲ့ ဆေးဝါးတွေဟာ ကလေးငယ်ပေါင်းခြောက်သိန်းကို ဆေးတိုက်ကျွေးဖို့ လုံလောက်ပါတယ်။ ချောင်းဆိုးရောဂါ၊ မေးခိုင်ရောဂါ၊ တီဘီရောဂါ၊ ဆုံဆို့နာနဲ့ အဆုတ်ရောင်ရောဂါတို့ကို ကာကွယ်ပေးနိုင်မယ့် ကာကွယ်ဆေးသုံးမျိုး ပါဝင်ပါတယ်။ နောက်ထပ်လည်း လိုအပ်တဲ့ အစားအသောက်တွေ ယီမင်နိုင်ငံအတွင်း ပို့ဆောင်ခွင့်ရဖို့ မျှော်လင့်ထားကြပါတယ်။ ဒါမှလည်း ငတ်မွတ်မှုဘေးကနေ ရှောင်ရှားနိုင်မှာပါ။

ဒါပေမယ့်လည်း ကုန်ပစ္စည်းတွေ သယ်ဆောင်လာတဲ့ယာဉ်ကို ဝင်ရောက်ခွင့်ပြုဖို့ ခွင့်ပြုချက် မရသေးပါဘူး။ ကာကွယ်ဆေးတွေဟာလည်း ထပ်လိုတုန်းပါပဲ။ စနေနေ့က ရောက်လာတဲ့ ကာကွယ်ဆေးတွေဟာ ရောက်တာနဲ့ တန်းကုန်သွားတာပါပဲ။ နောက်ထပ်လိုအပ်ချက်တွေ အများကြီးရှိနေပါသေးတယ်။ ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့တွေဟာ နိုဝင်ဘာ ၆ ရက်ကစပြီး ယီမင်နိုင်ငံကို ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတွေ ပိတ်ဆို့လိုက်ပြီး ကမ္ဘာကြီးနဲ့ အဆက်အသွယ် ဖြတ်လိုက်ပါတယ်။

အကြောင်းပြချက်ကတော့ ယီမင်နိုင်ငံကို ချုပ်ကိုင်ထားတဲ့ ဟူသီသူပုန်တွေ ပစ်လွှတ်လိုက်တဲ့ ဒုံးကျည်တွေဟာ ဆော်ဒီနိုင်ငံရဲ့မြို့တော် ရီယာ့ဒ်အနီးကို ကျရောက်တယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပါပဲ။ ဟူသီသူပုန်တွေကိုတော့ အီရန်က အထောက်အပံ့ပြုထားပြီး အပြည်ပြည်ဆိုင်ရာက အသိအမှတ်ပြုထားတဲ့ ယီမင်အစိုးရကတော့ ဟူသီသူပုန်တွေ လက်ချက်နဲ့ ယဲ့ယဲ့သာ ကျန်ပါတော့တယ်။ သမ္မတဖြစ်သူဟာလည်း သူပုန်တွေရန်ကြောင့် ဆော်ဒီနိုင်ငံကို ထွက်ပြေးသွားခဲ့ရပါတယ်။

ဆော်ဒီဦးဆောင်တဲ့ မဟာမိတ်တပ်ဖွဲ့ဟာဟူသီသူပုန်တွေကို ၂၀၁၅ ခုနှစ်ကတည်းက တိုက်ခိုက်ခဲ့တာပဲ ဖြစ်တယ်။ ယီမင်နိုင်ငံအတွင်း ဘာမှတင်သွင်းလို့မရအောင် တင်းတင်းကျပ်ကျပ် ပိတ်ဆို့မှုတွေ ပြုလုပ်ခဲ့ပြီး နောက်ပိုင်းမှာတော့ အနည်းငယ် ဖြေလျှော့မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ယခု သီတင်းပတ်မှာ ထောက်ပံ့ရေးသင်္ဘောကို ဝင်ရောက်ခွင့်ပြုလိုက်တာပဲဖြစ်တယ်။ ဒါကလည်း အပြည်ပြည်ဆိုင်ရာရဲ့ ဖိအားပေးမှုတွေကြောင့်ပါပဲ။

ဆော်ဒီက ပိတ်ဆို့မှုတွေ မပြုလုပ်ခင်ကတော့ အစားအစာ ၈၀ရာခိုင်နှုန်းသို့မဟုတ် ၉၀ ရာခိုင်နှုန်းကို ယီမင်ဆိပ်ကမ်းမှာ ပို့ဆောင်ခွင့်ရခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာမှ ပို့ဆောင်ခွင့်မရတော့ဘဲ အစာရေစာ ငတ်မွတ်ခေါင်းပါးမှုကို ပိုမို ဖြစ်ပွားစေခဲ့ပါတယ်။ လူသားချင်းစာနာထောက်ထားတဲ့ ပစ္စည်းတွေ သယ်ဆောင်လာတဲ့ သင်္ဘောကို ယီမင်နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုဖို့ အစိုးရက ချုပ်ကိုင်ထားတဲ့ ဆိပ်ကမ်းတွေနဲ့ လေဆိပ်ကို ၂၄ နာရီအတွင်းဖွင့်ပေးမယ်လို့ နိုဝင်ဘာ ၁၃ ရက်မှာ ကုလသမဂ္ဂဆိုင်ရာ ဆော်ဒီကိုယ်စားလှယ်က ကြေညာခဲ့ပါတယ်။

အဲဒီလိုကြေညာပြီး နှစ်ရက်အကြာမှာ သူတို့ ပိတ်ဆို့ထားတဲ့ ဆိပ်ကမ်းနဲ့ လေဆိပ်တို့ကို တကယ်ပဲ ဖွင့်ပေးမယ်လို့ ကြေညာခဲ့ပါတယ်။ ဒါဟာလည်း အမြဲတမ်းတော့ မဟုတ်ပါဘူး။ စစ်ပွဲပြီးဆုံးမယ့် အရိပ်အယောင်ကတော့ အခုထိမရှိသေးပါဘူး။ စစ်ပွဲကတော့ ယီမင်နိုင်ငံရဲ့ ကျန်းမာရေးကဏ္ဍကို ကောင်းကောင်းကြီး ဖျက်ဆီးလိုက်နိုင်ပါတယ်။ ကာကွယ်ဆေးနဲ့လုံလောက်တဲ့ ဆေးဝါးကုသမှုမရကြလို့ ကာကွယ်ကုသလို့ရတဲ့ရောဂါနဲ့ပဲ ၁၀ မိနစ်တိုင်းမှာ ကလေးတစ်ယောက် သေဆုံးနေတယ်လို့ ယူနီဆက်ဖ်ရဲ့ စာရင်းတွေအရ သိရပါတယ်။ ကလေးငယ် ၁၁ သန်းနီးပါးဟာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ အမှန်တကယ် လိုအပ်နေပါတယ်။

လေကြောင်းက ပစ်ခတ်တိုက်ခိုက်မှုတွေကြောင့် အရပ်သား ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးလိုက်ရပြီး တစ်နှစ်အတွင်း ဝမ်းရောဂါဖြစ်ပွားမှုဟာလည်း စံချိန်တင်သွားပါတယ်။ လူ ၁၇ သန်းနီးပါးကတော့ လုံလောက်တဲ့ အစာအာဟာရမရကြဘဲ ပိတ်မိနေခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် မတ်လအတွင်း စတင်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ်ကြောင့် လူပေါင်း ၈၆၀၀ သေဆုံးခဲ့ရပြီး ငါးသောင်းနီးပါး ဒဏ်ရာရရှိခဲ့တယ်လို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အချက်အလက်များအရ သိရပါတယ်။

နိုင်ငံရဲ့ တစ်ဝက်နီးပါးဟာ ကျန်းမာရေးအတွက် ဆေးပေးခန်းတွေမရှိဘဲ အမှန်တကယ်လိုအပ်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုကို မရရှိကြပါဘူး။ ဒီကြားထဲ အဘက်ဘက်က ပိတ်ဆို့မှုတွေကြောင့် ပြည်သူတွေပိုပြီး ထိခိုက်နစ်နာရပါတယ်။ ထောက်ပံ့ရေးယာဉ်တွေ ဝင်ရောက်ခွင့်ပြုလိုက်ပြီဆိုတဲ့သတင်းဟာ ဝမ်းသာစရာကောင်းပေမယ့် စစ်ပွဲတွေပြီးဆုံးသွားပြီဆိုတဲ့ သတင်းလောက်တော့ ကျေနပ်စရာမကောင်းပါဘူး။ နှစ်နှစ်ကျော်ကြာ ပြည်တွင်းစစ်ကို အဆုံးသတ်နိုင်ပြီး တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းအောင် ပြန်လည်တည်ဆောက်နိုင်မှသာ ပြည်သူတွေအတွက် စိတ်ချလုံခြုံရတဲ့ အာမခံချက်ပေးနိုင်မှာပါ။ လက်ရှိမှာတော့ ဒီထောက်ပံ့ရေး ယာဉ်က သယ်ဆောင်လာတဲ့ ဆေးဝါးတွေကြောင့် ပြည်သူတွေအတွက် အနည်းငယ်တော့ အထောက်အပံ့ ဖြစ်မှာပါ။

**ကိုးကား-နယူးယောက်တိုင်းမ်၊ စီအင်န်အင်န်**

> **“ ကာကွယ်ဆေးနဲ့ လုံလောက်တဲ့ ဆေးဝါးကုသမှု မရကြလို့ ကာကွယ်ကုသလို့ရတဲ့ ရောဂါနဲ့ပဲ ၁၀ မိနစ်တိုင်းမှာ ကလေးတစ်ယောက် သေဆုံးနေတယ်လို့ ယူနီဆက်ဖ်ရဲ့ စာရင်းတွေအရ သိရပါတယ်။ ကလေးငယ် ၁၁ သန်းနီးပါးဟာလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီတွေ အမှန်တကယ် လိုအပ်နေ ”**

# မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေကြမ်း**
**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။ )**
**၁၃၇၉ ခုနှစ်၊ လ ရက်**
**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာ** ဆိုသည်မှာ သွား၊ သွားဖုံး၊ သွားမြစ်ဝန်းကျင်၊ မေးရိုးနှင့်ခံတွင်းရောဂါများကို ရောဂါစစ်ဆေးရှာဖွေခြင်း၊ ဆေးဝါးဖြင့်ကုသခြင်း၊ ခွဲစိတ်ကုသခြင်း၊ နည်းလမ်းအမျိုးမျိုးဖြင့် သွားစိုက်ကုသခြင်း၊ သွားညှိကုသခြင်း၊ သွားအလှပြုပြင်ခြင်း၊ ပြည်သူများ၏ သွားနှင့်ခံတွင်းရောဂါ ကြိုတင်ကာကွယ်ခြင်း၊သွားကျန်းမာရေးမြှင့်တင်ခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ သုတေသနပြုခြင်းများအပါအဝင် သွားနှင့် ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် သက်ဆိုင်သော ပညာရပ်ကို ဆိုသည်။

(ခ) **ကောင်စီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီကို ဆိုသည်။

(ဂ) **နာယကအဖွဲ့** ဆိုသည်မှာ ကောင်စီ၏ နာယကအဖွဲ့ကို ဆိုသည်။

(ဃ) **အလုပ်အမှုဆောင်** အဖွဲ့ဆိုသည်မှာကောင်စီ၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(င) **ကောင်စီဝင်** ဆိုသည်မှာ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီတစ်ဦးဦးကိုဆိုသည်။

(စ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသောသွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ဆိုသည်။

(ဆ) **သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်** ဆိုသည်မှာကောင်စီက ဤဥပဒေအရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဇ) **ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ ထုတ်ပေးသော အထွေထွေဆေးကုသခွင့်လိုင်စင်၊ အထူးဆေးကုသခွင့်လိုင်စင်နှင့် ကန့်သတ်ဆေးကုသခွင့်လိုင်စင်တို့ကို ဆိုသည်။

(ဈ) **အထွေထွေဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ပြည်တွင်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုမှ သွားဘက်ဆိုင်ရာ ဆေးပညာဘွဲ့ရရှိပြီး သတ်မှတ်ထားသည့်အလုပ်သင်ကာလပြီးဆုံးသော မြန်မာနိုင်ငံသားသွားနှင့် ခံတွင်းဆရာဝန်အား ကောင်စီကထုတ်ပေးသောဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ည) **အထူးဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့လွန်ဒီဂရီ၊ ဘွဲ့လွန်ဒီပလိုမာရရှိပြီး သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အား ကောင်စီက ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဋ) **ကန့်သတ်ဆေးကုသခွင့်လိုင်စင်** ဆိုသည်မှာကောင်စီ၏ အသိအမှတ်ပြုခြင်းခံရသည့် ပြည်ပနိုင်ငံ၏ သက်ဆိုင်ရာ သွားနှင့် ခံတွင်း ဆေးကောင်စီက အသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ရရှိထားသော နိုင်ငံခြားသား ဆရာဝန်အား ကောင်စီက သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး ထုတ်ပေးသော ဆေးကုသခွင့်လိုင်စင်ကို ဆိုသည်။

(ဌ) **သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်** ဆိုသည်မှာ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များ ချီးမြှင့်နိုင်သည့် တက္ကသိုလ်ကို ဆိုသည်။

(ဍ) **သွားတုလုပ်ငန်းကျွမ်းကျင်သူ** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားတုလုပ်ငန်း ကျွမ်းကျင်သူလက်မှတ် ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဎ) **သွားဘက်ဆိုင်ရာသူနာပြု** ဆိုသည်မှာ ကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ သူနာပြုမှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

(ဏ) **သွားဘက်ဆိုင်ရာအထောက်အကူပြုသူ** ဆိုသည်မှာကောင်စီက ဤဥပဒေအရ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူ လက်မှတ်ထုတ်ပေးခြင်းခံရသူကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အရည်အသွေးမီ၍ ထိရောက်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုကို အများပြည်သူတို့ ခံစားခွင့်ရရှိစေရန်၊

(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေး၊ အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်ရန်၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာကို ခေတ်နှင့်အညီ အဆင့်အတန်းမြင့်မားစွာ နိုင်ငံတကာနှင့် ရင်ပေါင်တန်း လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိစေရန်၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာတိုးတက်မှုကို ဆရာဝန်များ စဉ်ဆက်မပြတ် လေ့လာဆည်းပူးနိုင်စေရန် ၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ ဂုဏ်သိက္ခာထိန်းသိမ်းမြှင့်တင်နိုင်ရန် ၊

(စ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရေးအတွက် ကြီးကြပ်ကွပ်ကဲနိုင်ရန်၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၊ သွားတုလုပ်ငန်းကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာသူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများ၏ ရပိုင်ခွင့်များအား ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့အပေါ်တမင်လုပ်ကြံဖန်တီး၍ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရန်၊

(ဇ) လျော်ကန်ကောင်းမွန်သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကုသမှု ပတ်ဝန်းကျင် ဖြစ်ထွန်းစေရေးအတွက် ပံ့ပိုးကြပ်မတ်မှုပေးရန်။

**အခန်း(၃)**
**ဆေးကောင်စီဖွဲ့စည်းခြင်း**

၄။ (က) ကောင်စီသည် ဥပဒေနှင့်အညီ လွတ်လပ်စွာ ရပ်တည်ဆောင်ရွက်သော၊ ဆုံးဖြတ်နိုင်သော အဖွဲ့အစည်းဖြစ်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောဝါရင့်အငြိမ်းစား သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်(၂)ဦးပါဝင်သော နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

(ဂ) နာယကအဖွဲ့သည် အောက်ပါနည်းလမ်းအတိုင်း ကောင်စီကို ဖွဲ့စည်းပေးရမည်-

| | | |
|---|---|---|
| (၁) | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်အသင်းဥက္ကဋ္ဌ | (၁)ဦး |
| (၂) | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အရာထမ်း | (၃)ဦး |
| (၃) | ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးချုပ်ရုံးမှ ဝန်ထမ်း | (၁)ဦး |

စုစုပေါင်း(၅)ဦးကိုနာယကအဖွဲ့မှ တိုက်ရိုက်ရွေးချယ်၍သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ပါမောက္ခချုပ်(ငြိမ်း) (၁)ဦး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခ(ငြိမ်း)(၁)ဦးနှင့် ကျန်ကောင်စီဝင် (၁၁)ဦး ပေါင်း(၁၃)ဦးကို အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရန် ရည်ရွယ်လျက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဝင်များ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးပြီး လွတ်လပ်တရားမျှတသောရွေးချယ်တင်မြှောက်ပွဲဖြင့် ဆန္ဒမဲပေးပြီး မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်စေရန်၊

ကောင်စီကို နာယကအဖွဲ့မှ တိုက်ရိုက်ရွေးချယ်ပေးထားသော (၅)ဦး၊ အများဆန္ဒမဲဖြင့် ရွေးချယ်ထားပြီးဖြစ်သော သွားနှင့်ခံတွင်း ဆိုင်ရာကောင်စီဝင်(၁၃)ဦး ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဆေးကုသခွင့်လိုင်စင်ရသွားနှင့် ခံတွင်းဆရာဝန်များက မိမိတို့အနက်မှ ဆန္ဒမဲပေးပြီး ရွေးချယ် တင်မြှောက်ခံရသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်(၁)ဦးစီမှ(၁၅)ဦး(စုစုပေါင်း၁၈ဦး+၁၅ဦး=ကောင်စီအဖွဲ့ဝင် ၃၃ ဦး)ဖြင့် ဖွဲ့စည်းရမည်။

(ဃ) အလုပ်အမှုဆောင်အဖွဲ့ ဖွဲ့စည်းရာတွင်ဥက္ကဋ္ဌ(၁)ဦး၊ဒုတိယဥက္ကဋ္ဌ(၁)ဦး၊အတွင်းရေးမှူး (၁)ဦး၊တွဲဖက်အတွင်းရေးမှူး(၁)ဦး၊ဘဏ္ဍာရေးမှူး(၁)ဦးနှင့် စာရင်းစစ်(၁)ဦး၊ အလုပ်အမှုဆောင်အဖွဲ့ဝင်(၇)ဦးပါဝင်သော၊ အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်ထားပြီးဖြစ်သော ကောင်စီဝင်(၃၃)ဦး၏ လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်စေရမည်။

၅။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကောင်စီ၏ တာဝန်ဝတ္တရားများကို အချိန်ပြည့်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ခ) ကောင်စီ၏ လုပ်ငန်းများတွင် စိတ်ဝင်စားမှုရှိပြီး ဦးဆောင်မှု၊ စီမံခန့်ခွဲမှု၊ ကြပ်မတ်မှုပေးနိုင်သူဖြစ်ရမည်။

(ဂ) သွားနှင့်ခံတွင်းဆေးလောကတွင် လူအများယုံကြည်လေးစားမှုရှိသော သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်ဖြစ်ရမည်။

၆။ (က) (၁) ကောင်စီ၏ သက်တမ်းသည် စတင်ဖွဲ့စည်းသည့်နေ့မှစ၍ (၅) နှစ်ဖြစ်သည်၊

(၂) ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ သက်တမ်းသည် ကောင်စီ၏သက်တမ်းနှင့် အညီဖြစ်သည်၊

(၃) ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များသည် သက်တမ်း(၂)ကြိမ်ထက်ပို၍ ထမ်းဆောင်ခြင်း မပြုရ၊

(၄) ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ကောင်စီဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့် ကာလကို သက်တမ်းတစ်ခုဟုမသတ်မှတ်ရ၊

(၅) ကောင်စီ သက်တမ်းကုန်ဆုံးသည့်အခါ ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်တို့သည် ကောင်စီအသစ် ဖွဲ့စည်းပြီးသည့်အချိန်အထိ မိမိတို့၏လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်။

(ခ) ကောင်စီဝင်များ၏ အရည်အချင်းကို အောက်ပါအတိုင်းသတ်မှတ်သည်-

(၁) သွားနှင့်ခံတွင်းဆေးကုသခွင့် လိုင်စင်ရှိပြီး ကျန်းမာရေးနှင့်ပြည့်စုံသူ၊

(၂) သွားနှင့်ခံတွင်းဆေးကုသခွင့် လိုင်စင်သက်တမ်း အနည်းဆုံးအနှစ်(၁၅)ရှိသူ၊

(၃) သွားဘက်ဆိုင်ရာဆေးပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ရမည်။

**အခန်း(၄)**
**ကောင်စီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၇။ ကောင်စီ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်တွင်းပြည်ပရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်နှင့်သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာအတွက်ဖွဲ့စည်းထားသည့်အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းသည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အသိအမှတ်ပြုခြင်းနှင့် အသိအမှတ်ပြုရန်ငြင်းပယ်ခြင်း၊

(ခ) ကောင်စီကအသိအမှတ်ပြုထားသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များလိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာများကို သတ်မှတ်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) မှတ်ပုံတင်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းနှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်စာရင်းများကို အခါအားလျော်စွာပြုစုထုတ်ပြန်ခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များ၏ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအရည်အသွေးနှင့် အဆင့်အတန်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်လေ့လာဆန်းစစ်ခြင်း၊ လိုအပ်သလိုဆောင်ရွက်ခြင်း၊ အစိုးရဌာန၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(စ) နိုင်ငံတော်နှင့် ပုဂ္ဂလိကဆေးရုံများ၊ ဆေးခန်းများနှင့် သွားတုလုပ်ငန်းများ အပါအဝင် အခြားနီးနွယ်သော သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ထိန်းသိမ်းမြှင့်တင်ရေးအတွက် လိုအပ်သော စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ အကြံပြုခြင်းနှင့် အသိပေးတင်ပြခြင်း၊

(ဆ) သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာသင်ကြားမှု အဆင့်အတန်းမြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသော သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ ပေါ်ပေါက်စေရေးတို့အတွက် တိုးတက်ပြောင်းလဲနေသော သွားနှင့်ခံတွင်း ဆေးပညာသင်ကြားရေးစနစ်များကို လေ့လာသုံးသပ်၍ သက်ဆိုင်ရာ တက္ကသိုလ်သင်ကြားရေးဌာနများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊ ညွှန်ကြားခြင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့အကြံပြုတင်ပြခြင်း၊

(ဇ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရသွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်၏ ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းရန် ပျက်ကွက်မှုများကို စုံစမ်းခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း၊ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်သူများအား တရားစွဲဆိုခြင်း၊

(ဈ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့်ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်များ၊ သွားတုလုပ်ငန်းကျွမ်းကျင်သူများ၊ သွားဘက်ဆိုင်ရာ သူနာပြု၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူများသည် ကျင့်ဝတ်သိက္ခာများနှင့်အညီ လိုက်နာစောင့်ထိန်းပါလျက်နှင့် ၎င်းတို့အပေါ် တမင်လုပ်ကြံဖန်တီး၍ အကျိုးစီးပွားထိခိုက်နစ်နာအောင် ပြုလုပ်ခြင်းများကို စုံစမ်းစစ်ဆေးဖော်ထုတ်ခြင်းနှင့် တရားစွဲဆိုခြင်း။

၈။ ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အောက်ဖော်ပြပါကော်မတီများကို ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီအသီးသီး၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ခြင်း -

(၁) ပြည်တွင်း၊ ပြည်ပဘွဲ့လက်မှတ် စိစစ်ရေးကော်မတီ၊

(၂) မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင် စိစစ်ရေးကော်မတီ၊

(၃) ကျင့်ဝတ်နှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၊

(၄) စံချိန်စံညွှန်း သတ်မှတ်ရေးကော်မတီ၊

(၅) သွားနှင့်ခံတွင်းဆေးပညာရပ် အရည်အချင်းစိစစ်ရေးကော်မတီ၊

(၆) အခြားလိုအပ်သော ကော်မတီများ။

(ခ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ ထုတ်ပေးရန်ငြင်းပယ်ခြင်းနှင့် ပယ်ဖျက်ခြင်း၊

(ဂ) ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း၊ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဃ) ဆေးကုသခွင့်လိုင်စင် သက်တမ်းသတ်မှတ်ခြင်း၊သက်တမ်းတိုးမြှင့်ပေးခြင်းနှင့် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း၊

*ဆက်လက်ဖော်ပြပါမည်*

# သဘာဝဘေးနှင့် လူဖန်တီးသော ဘေးအန္တရာယ်များ (အပိုင်း-၉)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

ကမ္ဘာ့အရပ်ရပ်တွင် တိုက်ခတ်သည့် အပူပိုင်းမုန်တိုင်းများကို အင်အားပြင်းထန်မှုအလိုက် အဆင့် ငါးဆင့် ခွဲခြားသတ်မှတ်ထားသည်။ လေတိုက်နှုန်း တစ်နာရီလျှင် ၁၁၈ ကီလိုမီတာမှ ၁၅၂ ကီလိုမီတာ အကြားရှိသော မုန်တိုင်းကို အဆင့် (၁) အဖြစ်သတ်မှတ်ပြီး အဆိုပါ မုန်တိုင်းအဆင့်သည် ပင်လယ်ပြင်တွင် လှိုင်းအမြင့် လေးပေမှ ငါးပေအထိ မြင့်တက်စေနိုင်ပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်မျှ ဖြစ်ပွားလာစေနိုင်သည်။

လေတိုက်နှုန်းတစ်နာရီလျှင် ၁၅၃ ကီလိုမီတာမှ ၁၇၆ ကီလိုမီတာအတွင်းရှိသော မုန်တိုင်းကို အဆင့်(၂) အဖြစ်သတ်မှတ်ပြီး အဆိုပါအဆင့် မုန်တိုင်းသည် ဒီရေလှိုင်းများကို အမြင့် ခြောက်ပေမှ ရှစ်ပေအထိ ဖြစ်ပေါ်စေနိုင်သလို...ပျက်စီးဆုံးရှုံးမှုပမာဏကိုလည်း အတန်အသင့် ရှိလာစေနိုင်သည်။

လေတိုက်နှုန်း တစ်နာရီလျှင် ၁၇၇ ကီလိုမီတာမှ ၂၀၈ ကီလိုမီတာအထိ အင်အားပြင်းထန်သော မုန်တိုင်းကို အဆင့် (၃) အဖြစ်သတ်မှတ်သည်။ မုန်တိုင်းအဆင့်(၃) ၏အရှိန်ကြောင့် ပင်လယ်ဒီရေလှိုင်းများ၏ အမြင့်သည် ကိုးပေမှ ၁၂ ပေအထိ ဖြစ်ပေါ်လာနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာစေနိုင်သည်။

လေတိုက်နှုန်း တစ်နာရီလျှင် ၂၀၉ ကီလိုမီတာမှ ၂၄၈ ကီလိုမီတာအထိ ပြင်းထန်သော မုန်တိုင်းသည် အဆင့်(၄) မုန်တိုင်းဖြစ်ပြီး အဆိုပါမုန်တိုင်း၏အရှိန်ကြောင့် ပင်လယ်ဒီရေလှိုင်းများမှာ အမြင့် ၁၃ ပေမှ ၁၈ ပေအထိ ဖြစ်ပေါ်လာနိုင်သည်။ မုန်တိုင်းအင်အား ပြင်းထန်လွန်းသဖြင့် ဆိုးဆိုးရွားရွား ပျက်စီး ဆုံးရှုံးမှုများကို ကြုံတွေ့ရလိမ့်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုက်ခတ်သွားသော နာဂစ်မုန်တိုင်းသည် မုန်တိုင်း သတ်မှတ်ချက် အဆင့်(၄) ရှိသော အင်အားပြင်းထန်လွန်းသည့် ဆိုင်ကလုန်းမုန်တိုင်းကြီးပင် ဖြစ်သည်။

လေတိုက်ခတ်နှုန်း တစ်နာရီလျှင် ၂၄၈ ကီလိုမီတာနှင့်အထက်ရှိသော မုန်တိုင်းများကိုမူ အဆင့်(၅) အဖြစ်သတ်မှတ်ပြီး အဆိုပါမုန်တိုင်းကြီးများကြောင့် ပင်လယ်ဒီရေလှိုင်းများသည် အနည်းဆုံး ၁၈ ပေနှင့်အထက် မြင့်တက်လာမည်ဖြစ်သလို...ထိခိုက်ပျက်စီးမှုများကလည်း အလွန်ကြီးမားလိမ့်မည် ဖြစ်သည်။

မုန်တိုင်းသတ်မှတ်ချက် အဆင့်(၄) ရှိသော နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြီးသည် ၂၀၀၈ ခုနှစ်အတွင်းက မြန်မာနိုင်ငံကုန်းတွင်းပိုင်းကို ဝင်ရောက်ဖြတ်သန်း တိုက်ခတ်သွားခဲ့ရာ ကြီးမားသော ပျက်စီးဆုံးရှုံးမှုများကို ဖြစ်ပေါ်စေခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီ ၂၈ ရက်က ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်း ရပ်ဝန်းအဖြစ် စတင်သန္ဓေတည်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယကမ်းရိုးတန်းမှ ကီလိုမီတာ ၈၀၀ အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေခဲ့သည်။ တဖြည်းဖြည်းနှင့် အားကောင်းလာသော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် မူလက မြောက်ဘက်သို့ ဦးတည်နေရာမှ အရှေ့ဘက်သို့ ပြောင်းလဲဦးတည်ရွေ့လျားလာပြီး လေတိုက်အား တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ နှုန်းဖြင့် မြန်မာနိုင်ငံကုန်းတွင်းပိုင်းသို့ အင်အားပြင်းထန်စွာ မွှေနှောက်တိုက်ခတ်သွားခဲ့သည်။

အဆိုပါ နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် လူပေါင်း ၁၄၀၀၀၀ နီးပါး သေဆုံးခဲ့ရကာ ထောင်သောင်းချီသောမိသားစုများ အတိဒုက္ခရောက်ခဲ့ကြရသည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ်ငွေ ၁၁ ဒသမ ၇ ထရီလီယံအထိရှိခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည် အိပ်မက်ဆိုးကြီးတစ်ခုပမာ မြန်မာနိုင်ငံသားတို့ကို ယနေ့တိုင် ခြောက်လှန့်နေဆဲဖြစ်သည်။

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြီး တိုက်ခတ်မည့်အရေးနှင့် တိုက်ခတ်မည့် လေတိုက်နှုန်း၊ ပျက်စီးဆုံးရှုံးနိုင်ခြေ စသည်တို့ကို အနီးစပ်ဆုံး ကြိုတင်ခန့်မှန်းသိရှိနေပါလျက် ပြည်သူလူထုထံသို့ သတင်းထုတ်ပြန်ရာတွင် မှန်မှန်ကန်ကန် ဖော်ပြခြင်းမရှိခဲ့ပေ။ လေတိုက်နှုန်းကို အမှန်မသိကြသောကြောင့် ကြိုတင်ပြင်ဆင်နိုင်ခြင်းမရှိသဖြင့် မြန်မာနိုင်ငံသားသိန်းနှင့်ချီ၍ အသက်ဆုံးရှုံးခဲ့ကြရပြီး သန်းနှင့်ချီသောပြည်သူများ ဒုက္ခပင်လယ်ဝေခဲ့ကြရသည်။

ခေတ်သစ်သိပ္ပံပညာရပ်များက လေဖိအားနည်းရပ်ဝန်းတစ်ခု စတင်ဖြစ်တည်ချိန်မှစ၍ မုန်တိုင်းအဖြစ် ပြောင်းလဲတိုးတက်နေပုံ အဆင့်ဆင့်ကို အတိအကျနီးပါး ခန့်မှန်းတွက်ချက်နိုင်သော အနေအထားသို့ ရောက်ရှိနေချိန်မျိုး၌ အပြစ်မဲ့ပြည်သူတို့ ဤမျှလောက် သေကျေပျက်စီးခဲ့ကြရခြင်းအပေါ် တာဝန်ရှိသူ အဆင့်ဆင့်ကို တစ်စုံတစ်ရာ အရေးယူအပြစ်ပေးခြင်းမရှိသည်မှာ ဝမ်းနည်းဖွယ်ပင်ဖြစ်သည်။

လူတို့၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ခြိမ်းခြောက်နေသော သဘာဝဘေးအန္တရာယ်များအနက် မုန်တိုင်းသည် အဓိကကျသော သဘာဝဘေးတစ်ခုဖြစ်သည်နှင့်အညီ မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် အသက်ဆုံးရှုံးရမှု နည်းနိုင်သမျှနည်းပါးအောင် ကြိုတင်ကာကွယ်မှုများကို စနစ်တကျ စီမံပြုလုပ်ထားကြရမည် ဖြစ်သည်။

သတိပေးနှိုးဆော်မှု၊ ကြိုတင်ပြင်ဆင်မှု၊ ပညာပေးလေ့ကျင့်မှု၊ အရေးပေါ်စီမံချက်၊ လျင်မြန်ထိရောက်သော ကယ်ဆယ်ရေးအစီအစဉ်၊ အချိန်နှင့်တစ်ပြေးညီဖြစ်သော ပြုစုစောင့်ရှောက်မှု၊ အလျင်အမြန် လုပ်ဆောင်နိုင်သော ပြန်လည်ထူထောင်ရေးလုပ်ငန်း စသည်တို့မှာ သဘာဝဘေးအန္တရာယ်ကို အန်တုရင်ဆိုင်နိုင်သော အရည်အသွေးများပင် ဖြစ်ကြသည်။

အလားတူပင် ခေတ်မီသောနည်းပညာ၊ တိကျသောတိုင်းတာတွက်ချက်မှု၊ ကျယ်ပြန့်သော ကွန်ရက်စနစ်တို့ကို အသုံးချကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ သတင်းများကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ဖြင့် အချိန်မီ ကြိုတင်ထုတ်ပြန်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်၍ လူတို့၏ရှင်သန်ရပ်တည်မှုကို ခြိမ်းခြောက်လျက်ရှိနေသော မုန်တိုင်းတို့ အခြေပြုသန္ဓေတည် မလာနိုင်စေရေးအတွက် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့အပါအဝင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်နေမှုကို အတတ်နိုင်ဆုံး လျှော့ချသွားကြရမည်သာ ဖြစ်ပေသည်။



အမေရိကန်ပြည်ထောင်စု၌ ၂၀၀၅ ခုနှစ်က တိုက်ခတ်ခဲ့သော ကက်ထရီနာမုန်တိုင်းကြောင့် ကမ်းတင်နေသည့် ရေယာဉ်များ။

### ကမ္ဘာ့အင်အားပြင်း မုန်တိုင်းကြီးများ

ကမ္ဘာ့အရပ်ဒေသအသီးသီးတွင် မုန်တိုင်းများ အခါအားလျော်စွာ ဖြစ်ပေါ်ခဲ့ကြသည့်အနက် အချို့သော အင်အားပြင်းမုန်တိုင်းကြီးများသည် အသေအပျောက်နှင့် အပျက်အစီး အလွန်များပြားလှသော မုန်တိုင်းများအဖြစ် ကမ္ဘာ့မှတ်တမ်းတွင် ကမ္ပည်းတင်ခဲ့သည်။ အဆိုပါ အင်အားပြင်းမုန်တိုင်းကြီးများအနက် အလွန်တရာ ကြောက်မက်ဖွယ်ကောင်းသော မုန်တိုင်းတချို့ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရမည် ဖြစ်သည်။

၁၇၃၇ ခုနှစ်က ဘင်္ဂလားပင်လယ်အော်တွင် စတင်သန္ဓေတည် ပေါ်ပေါက်လာသော ဆိုင်ကလုန်းမုန်တိုင်းကြီးသည် အောက်တိုဘာ ၇ ရက်တွင် အိန္ဒိယနိုင်ငံ၊ ကိုလ်ကတ္တားမြို့ကို ဝင်ရောက်တိုက်ခတ်ခဲ့ရာ လူပေါင်း ၃၀၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး လှေသင်္ဘောအစင်းရေ ၂၀၀၀၀ ကျော် ပျက်စီးသွားခဲ့သည်။

၁၈၃၉ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က အိန္ဒိယနိုင်ငံ ကိုရင်ဂါမြို့ကို ဖြတ်သန်းတိုက်ခတ်သွားသော ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ဒီရေလှိုင်းများ ပေ ၄၀ ကျော်အထိမြင့်တက်ခဲ့ကာ လူ ၃၀၀၀၀၀ ခန့် အသက်ဆုံးရှုံးပြီး လှေ၊ သမ္ဗန်နှင့် သင်္ဘောအစင်းရေ ၂၀၀၀၀ ကျော် ပျက်စီးသွားခဲ့သည်။

၁၈၇၅ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်က ဖိလစ်ပိုင်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်း ရပ်ဝန်းသည် တဖြည်းဖြည်းနှင့် အင်အားအလွန်ကောင်းလာပြီး မုန်တိုင်းအဖြစ်သို့ အသွင်ပြောင်းကာ ဩဂုတ်လဆန်းတွင် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၄၀ နှုန်းဖြင့် တရုတ်နိုင်ငံကုန်းတွင်းပိုင်းသို့ ဝင်ရောက်ခဲ့သည်။

ထိုမှတစ်ဆင့် လေတိုက်နှုန်း တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ခန့်အထိ မြင့်တက်လာပြီး ထိုင်ဝမ်ကျွန်း ကုန်းတွင်းပိုင်းသို့ပါ အဖျားခတ်ဝင်ရောက်သွားခဲ့သည်။ နီနာ(Nina)ဟုအမည်ပေးထားသော အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြီးကြောင့် လူပေါင်း ၁၀၀၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရပြီး ရေကာတာ ၆၂ လုံးမှာ ပြိုကျပျက်စီးသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးစုစုပေါင်းမှာ အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၂၀၀ ကျော်ရှိခဲ့သည်။

၁၈၈၁ ခုနှစ် စက်တင်ဘာ ၁၅ ရက်က ဗီယက်နမ်နိုင်ငံ၌ တိုက်ခတ်သွားသော ဟိုင်ဖောင်းတိုင်ဖွန်းမုန်တိုင်းကြီးကြောင့်လူ ၃၀၀၀၀၀ အသက်ဆုံးရှုံးပြီး သွေးပျက်ဖွယ်ရာ ပျက်စီးဆုံးရှုံးမှုကြီးနှင့် ကြုံတွေ့ခဲ့ကြရသည်။

၁၈၈၂ ခုနှစ် ဇွန် ၆ ရက်က အိန္ဒိယနိုင်ငံ ဘုံဘေမြို့ကို ဝင်ရောက်ဖြတ်သန်း တိုက်ခတ်သွားသော ဘုံဘေ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ဘုံဘေမြို့နှင့် မြို့ပတ်ဝန်းကျင်၌နေထိုင်ကြသော ပြည်သူ ၁၀၀၀၀၀ နီးပါးခန့် အသက်ဆုံးရှုံးခဲ့ကြရသည်။ ကြီးမားသောပျက်စီးဆုံးရှုံးမှုကြီး ဖြစ်ပေါ်ခဲ့သဖြင့် ပြန်လည်ထူထောင်ရေးကို ဆယ်စုနှစ်နှင့်ချီ၍ လုပ်ဆောင်ခဲ့ကြရသည်။

၁၉၂၂ ခုနှစ်က ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကာရိုလိုင်းကျွန်းစုအနီးတွင် လေဖိအားနည်းရပ်ဝန်းအဖြစ် သန္ဓေတည်ခဲ့သော ဆွာတိုး (Swatow) မုန်တိုင်းသည် တောင်တရုတ်ပင်လယ်အတွင်းသို့ ဦးတည်ရွေ့လျားခဲ့သည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြီးသည် လူဇုန်ကျွန်းကိုဖြတ်ကျော်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၆၀ နှုန်းဖြင့် တရုတ်နိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့သည်။ မုန်တိုင်း၏ အရှိန်ကြောင့် ပင်လယ်ရေမျက်နှာပြင် ၁၀ ပေကျော်မြင့်တက်ခဲ့ပြီး ကုန်းတွင်းပိုင်းဒေသများကို ရက်ပေါင်းများစွာ ရေဖုံးလွှမ်းခဲ့သည်။ မုန်တိုင်းသတိ ပေးချက်ကို ကြိုတင်ထုတ်ပြန်နိုင်ခြင်း မရှိသေးသောကြောင့် ပြင်ဆင်မှုမလုပ်နိုင်ခဲ့သဖြင့် လူပေါင်း ၆၀၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရသည်။ အဆိုပါ တိုင်ဖွန်းမုန်တိုင်းကြီးသည် သင်္ဘောစီးရေအများအပြားကို မိုင် ၃၅၀၀ ကျော်အထိ လွင့်မျောရောက်ရှိသွားစေခဲ့သည်။

၁၉၇၀ ပြည့်နှစ်ကလည်း တောင်တရုတ်ပင်လယ်အတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ် သန္ဓေတည်ခဲ့သော အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဘိုးလ(Bhola)သည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာနှုန်းဖြင့် အရှေ့ပါကစ္စတန်သို့ ဝင်ရောက်တိုက်ခတ်ခဲ့သည်။ အဆိုပါမုန်တိုင်းကြီးကြောင့် လူပေါင်း ၅၀၀၀၀၀ နီးပါး အသက်ဆုံးရှုံးခဲ့ရပြီး ကောက်ပဲသီးနှံစိုက်ခင်း အားလုံးနီးပါးနှင့် လယ်ယာသုံး ကျွဲ၊ နွားတိရစ္ဆာန်စုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းခန့် ပျက်စီးဆုံးရှုံးခဲ့သည်။ မုန်တိုင်း၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းကာ ကုန်းတင်သင်္ဘောကြီးများကို နစ်မြုပ်သွားစေခဲ့သည်။ ဘိုးလ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇ သန်းခန့်ရှိခဲ့သည်။

အလားတူပင် ၁၉၉၁ ခုနှစ်ကဖြစ်ပေါ်ခဲ့သော အင်အားကြီးမားသည့် ဘင်္ဂလားဒေ့ရှ်ဆိုင်ကလုန်းမုန်တိုင်းကြီးသည်လည်း ကြီးမားသော ပျက်စီးဆုံးရှုံးမှုကြီးများကို ဖြစ်ပေါ်စေခဲ့သည်။ အဆိုပါ ဆိုင်ကလုန်း မုန်တိုင်းကြီးသည် ၁၉၉၁ ခုနှစ် ဧပြီလနောက်ဆုံးပတ်က ဘင်္ဂလားပင်လယ်အော်တွင် စတင်သန္ဓေတည်ခဲ့ပြီး ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ချိန်တွင် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၂၅၀ ကျော်အထိ အင်အားကြီးမားပြင်းထန်ခဲ့သည်။

စစ်တကောင်းမြို့ကို မွှေနှောက်တိုက်ခတ်သွားခဲ့သော ဘင်္ဂလားဒေ့ရှ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် လူပေါင်း ၁၄၀၀၀၀ နီးပါးခန့် အသက်ဆုံးရှုံးခဲ့ရပြီး သေဆုံးသူအများစုတို့မှာ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များဖြစ်ကြသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် အမေရိကန်ဒေါ်လာ သန်းပေါင်း ၁၅၀၀ ကျော်ခန့် ဆုံးရှုံးခဲ့ရသည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆယ်စုနှစ်တစ်စုနီးပါးမျှကြာအောင် လုပ်ဆောင်ခဲ့ကြရသည်။

ကမ္ဘာ့စက်မှုတော်လှန်ရေး ကာလနောက်ပိုင်းတွင် သိပ္ပံနှင့်နည်းပညာများ တိုးတက်ပြောင်းလဲမှုက ဆယ်စုနှစ်တစ်စုကို ဖြတ်သန်းကျော်လွှားပြီးတိုင်း အရှိန်အဟုန်က သိသိသာသာ တိုးမြင့်လာလျက်ရှိရာ ကမ္ဘာ့မြေလွှာအောက်မှ ရုပ်ကြွင်းလောင်စာများကိုထုတ်ယူသုံးစွဲမှုကလည်း အတိုင်းအဆမရှိ အကန့်အသတ်မဲ့ ဖြစ်လာခဲ့သည်။ ရေနံနှင့်ကျောက်မီးသွေးကဲ့သို့သော ရုပ်ကြွင်းလောင်စာများကြောင့် ထွက်ပေါ်လာသော အဆိပ်ဓာတ်ငွေ့များသည် ကမ္ဘာကြီးကို တစ်နေ့တခြား ပိုမိုပူနွေးလာစေခြင်း၊ ပင်လယ်ရေကို အပူချိန်တိုးလာစေခြင်း၊ အက်စစ်မိုးများရွာသွန်းစေခြင်း၊ ပင်လယ်ရေအချဉ်ပေါက်နှုန်းကို မြင့်မားလာစေခြင်းများကို ဖြစ်ပေါ်စေလျက်ရှိသည်။

ကမ္ဘာကြီး ပူနွေးလာနေသည်နှင့်အမျှ ကမ္ဘာ့ရာသီဥတုကလည်း ဖောက်လွဲဖောက်ပြန် ဖြစ်လာတော့သည်။ အယ်လ်နီညိုနှင့် လာနီညာကဲ့သို့သော အစွန်းရောက် ရာသီဥတုများနှင့်လည်း ပိုမိုကြုံတွေ့နေကြရသည်။ ကမ္ဘာ့ပင်လယ်နှင့် သမုဒ္ဒရာတို့၏ ရေအပူချိန်များကလည်း တိုးလာနေသည်။ မုန်တိုင်းတို့၏ အခြေပြု သန္ဓေတည်ရာဖြစ်သော ပင်လယ်နှင့်ပင်လယ်အော်တို့၏ ရေအပူချိန်များက ဖြစ်မြဲထက်ပို၍ ပူလာသည်နှင့်အမျှ အင်အားပြင်း မုန်တိုင်းကြီးများကလည်း ဝင်ရောက်တိုက်ခတ်ရန် အခွင့်ကောင်းကို စောင့်မျှော်လျက်ရှိနေကြသည်။

သို့ဖြစ်၍ လူသားတို့အတွက် ကြောက်မက်ဖွယ် အလွန်ကောင်းသည့် သဘာဝဘေးဆိုးကြီးဖြစ်သော မုန်တိုင်း၏အန္တရာယ် လျော့ပါးကင်းဝေးစေရေးအတွက် ရုပ်ကြွင်းလောင်စာများ အဆမတန် ထုတ်ယူသုံးစွဲနေခြင်းကို အတတ်နိုင်ဆုံးလျှော့ချခြင်း၊ သစ်တောပြုန်းတီးမှုကို ကာကွယ်ခြင်း၊ သစ်ပင်အများအပြားကို တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်ပင်ခုတ်လှဲဖြိုဖျက်မှုမှန်သမျှကို တားဆီးခြင်းစသည်တို့ကို လုပ်ဆောင်ကာ ကမ္ဘာကြီး ပူနွေးလာနေမှုကို အစွမ်းကုန်တိုက်ဖျက်သွားကြရမည်သာ ဖြစ်ပေသည်။ ။

> "၂၀၀၈ ခုနှစ် ဧပြီ ၂၈ ရက်က ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် စတင်သန္ဓေတည်ခဲ့သော နာဂစ်ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယကမ်းရိုးတန်းမှ ကီလိုမီတာ ၈၀၀ အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေခဲ့သည်။ တဖြည်းဖြည်းနှင့် အားကောင်းလာသော နာဂစ်ဆိုင်ကလုန်း မုန်တိုင်းသည် မူလက မြောက်ဘက်သို့ဦးတည်နေရာမှ အရှေ့ဘက်သို့ ပြောင်းလဲဦးတည်ရွေ့လျားလာပြီး လေတိုက်အား တစ်နာရီလျှင် ကီလိုမီတာ ၂၁၀ နှုန်းဖြင့် မြန်မာနိုင်ငံကုန်းတွင်းပိုင်းသို့ အင်အားပြင်းထန်စွာ မွှေနှောက်တိုက်ခတ်သွားခဲ့သည်။ အဆိုပါ နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြီးကြောင့် လူပေါင်း ၁၄၀၀၀၀ နီးပါး သေဆုံးခဲ့ရကာ ထောင်သောင်းချီသော မိသားစုများ အတိဒုက္ခရောက်ခဲ့ကြရသည်"

# တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် မြိတ်အကျဉ်းထောင်အား စစ်ဆေး

**မြိတ် နိုဝင်ဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးတင်အောင်သည် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒေါ်ပိုက်ပိုက်အေး၊ ခရိုင် တရားသူကြီး၊ မြို့နယ်တရားသူကြီး တို့နှင့်အတူ နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းက မြိတ်အကျဉ်းထောင်အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြိတ်အကျဉ်းထောင် တာဝန်ခံအရာရှိမှ အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံနေရသူများ၊ အချုပ်ကျနေသူများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်မှု၊ သောက်သုံးရေရရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အဖွဲ့သည် အကျဉ်းထောင်အတွင်း အကျဉ်းကျခံနေသူ၊ အချုပ်ကျနေသူများ နေထိုင်သည့်အဆောင်များ၊ ဆေးပေးခန်း၊ စားဖိုဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ အကျဉ်းကျနေသူ၊ အချုပ်ကျနေသူများကိုလည်း နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိမရှိ၊ ကျန်းမာရေးမကောင်းပါက ဆေးကုသခွင့် ရ မရ၊ ညှဉ်းပန်းနှိပ်စက်ခံရမှုများ ရှိ မရှိ၊ အစားအသောက်အာဟာရ စားသုံးရခြင်းအခြေအနေ၊ အမှုများ ကြန့်ကြာမှုမရှိစေရေး၊ ဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများ ရ မရ ကိစ္စများနှင့်ပတ်သက်၍ မေးမြန်းခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဗျာပုံ)**




# ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် မီနီမာရသွန်အပြေးပြိုင်

**မိုးမိတ် နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန၏ဦးဆောင်မှုဖြင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှူးကြီးမှူး၍ ဆေးလိပ်ငွေ့ကင်းစင် ရှမ်းပြည်တစ်ခွင် အခြေခံပညာကျောင်းများ အခြေပြု မီနီမာရသွန်အပြေးပြိုင်ပွဲကို နိုဝင်ဘာလ စတုတ္ထပတ်က မိုးမိတ်မြို့ရှိ သတ်မှတ်တာလွှတ်စုရပ်နေရာတို့တွင် ကျင်းပခဲ့သည်။

မီနီမာရသွန် အထက်တန်းအဆင့်အပြေးပြိုင်ပွဲကို မြို့နယ်မြေခံအခြေချ စစ်ဗျူဟာအဖွဲ့မှုခ်ဦးရှေ့စုရပ်နေရာတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူ ၂၅၄ ဦးတို့ကို ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ခရိုင် ဒု-အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့ကလည်းကောင်း၊ အလယ်တန်းအဆင့် မီနီမာရသွန်အပြေးပြိုင်ပွဲကို မြို့အဝင် ညောင်ပင်စောက် အထက ရှေ့စုရပ်နေရာ၌ပြုလုပ်ရာ ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၃၆၆ ဦးတို့ကို ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးအောင်တို့ကလည်းကောင်း အချက်ပြသေနတ်ပစ်ဖောက်၍ တာလွှတ်ပေးခဲ့ကြရာ ပြိုင်ပွဲဝင်များက မြို့နယ်အားကစားကွင်းအထိ သတ်မှတ်လမ်းကြောင်းအတိုင်း ယှဉ်ပြိုင်ကြပြီး ပန်းဝင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီး အထက်တန်းအဆင့် ကျောင်းသားကျောင်းသူများ၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများမှ ပထမ၊ ဒုတိယ၊ တတိယဆုနှင့် ကျန်ဆုရရှိသူများကို လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ညွှန်ကြားရေးမှူးဦးထန်အိတ်၊ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်စိုးနိုင်နှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ယာဉ်အန္တရာယ် ကင်းရှင်းရေး ပညာပေးလုပ်ငန်းများ ပူးပေါင်းအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်

**ဘားအံ နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့ပေါ် ရပ်ကွက်လမ်းမကြီးများတွင် ယာဉ်နှင့် လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေးလုပ်ငန်းများကို ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီဝင်များ၊ အမှတ်(၇၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပူးပေါင်းပါဝင်၍ နိုဝင်ဘာ ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။



လက်ကမ်းစာစောင် ဝေငှပေးနေသော ကျောင်းသားကျောင်းသူလေးများ

ဘားအံမြို့ အမှတ် ၃ ရပ်ကွက်ရှိ တန်းမြင့်ကျောင်းလမ်း အထက ၁ ကျောင်းအနီးတွင် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးဆောင်ရွက်မှုများကို ကရင်ပြည်နယ် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်သောင်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၇၀) ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ဝင်းသန်း ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အထက ၁ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းနှင်းကြည်နှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၅၀ ခန့်ဖြင့် ဆောင်ရွက်ခဲ့ပြီး ဖြတ်သန်းသွားလာသည့် ကား၊ ဆိုင်ကယ်များသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ယာဉ်မောင်းသူများလိုက်နာရန် စည်းကမ်းချက်များကို သတိပေးပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ဘားအံမြို့အမှတ် ၆ ရပ်ကွက် သိရီလမ်းပေါ်တွင်လည်း ပညာပေးမှုများကို ကရင်ပြည်နယ် ယာဉ်လမ်းအန္တရာယ်ကင်းရှင်းရေး ကော်မတီဝင်များ၊ အမှတ်(၇၀)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ရဲအုပ်ဇေယျာလတ် ဦးစီးသော ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ အထက ၄ ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးချိုနှင့် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ ၄၀ ခန့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပြီး ယာဉ်မောင်းနှင်သူများ သိရှိလိုက်နာရန် စည်းကမ်းချက်များ၊ သတိပေးချက်များ ပြောကြားခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကျင်းပ

**ဖာပွန် နိုဝင်ဘာ ၂၉**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကမမောင်းမြို့နယ် အထက်မိဗိုင်းကျေးရွာရှိ တောင်သူဒေါ်ခင်သန်းကြည်၏ ဆင်းသုခ မိုးစပါး ၂ ဒသမ ၀၀ ဧကစိုက်ခင်း၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကွင်းသရုပ်ပြပွဲကို နိုဝင်ဘာလ ဒုတိယပတ်က ကျင်းပခဲ့ရာ စံကွက်ရိတ်သိမ်းခြင်းလုပ်ငန်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးခရိုင်ဦးစီးမှူး ဦးသက်ဆွေက မိုးစပါးစံကွက်ရိတ်သိမ်းရခြင်းကြောင့် ခရိုင်အတွင်း စားသုံးမှုလိုအပ်ချက်နှင့် ထုတ်လုပ်မှုကိန်းဂဏန်းမှန်ကန်ရေးနှင့် အားနည်းချက်၊ အားသာချက်များကို စိစစ်လေ့လာသုံးသပ်နိုင်ရေးအတွက် စံကွက်ရိတ်သိမ်းခြင်းဖြစ်ကြောင်း ပြောကြားသည်။ အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် ဆင်းသုခစပါးမျိုး အစို ၁၀၅ တင်း ထွက်ရှိကြောင်း သိရသည်။

**မောင်မွှေး**

## သတင်းတိုများ

### တပ်ကုန်းမြို့၌ လူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲမည်

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ဒီဇင်ဘာ အားကစားလအတွင်း လူထုစုပေါင်းလမ်းလျှောက်ပွဲ ဆင်နွှဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ဆွေးနွေးချက်များအရ လမ်းလျှောက်ပွဲကို ဒီဇင်ဘာလအတွင်း အပတ်စဉ် စနေနေ့တိုင်း ဗိုလ်ချုပ်ကြေးရုပ်အနီး စုရပ်ပြုလုပ်၍ ကျင်းပမည်ဖြစ်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းပါဝင်ကာ စုရပ်မှ မြို့နယ်ပြည်သူ့အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

### လူကုန်ကူးမှုတားဆီးရေးပညာပေးဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ မူခင်းကျဆင်းရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။ ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးကိုယ်စား တာဝန်ခံဆရာကြီးဦးမြင့်စိုးက အမှာစကားပြောကြားပြီး ကန့်ဘလူမြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းဗိုလ်က မူခင်းကျဆင်းရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကိုလည်းကောင်း၊ ရွှေဘိုခရိုင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တာဝန်ခံ ရဲအုပ်မျိုးမင်းအောင်က လူကုန်ကူးမှု၊ လူမှောင်ခိုကူးမှု တားဆီးကာကွယ်ရေးတို့နှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ကျောင်းသား ကျောင်းသူများအား ပညာပေးဟောပြောခဲ့ကြသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

### မူခင်းကျဆင်းရေးအသိပညာပေးဟောပြော

သထုံခရိုင် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ နိုဝင်ဘာ ၂၇ ရက်က မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ပြီး ဟောပြောပွဲတွင် မရမ်းချောင်းကျေးရွာ ရဲကင်းမှူး ရဲအုပ်ဇော်မင်းနိုင်နှင့် တပ်ဖွဲ့ဝင်များက လူကုန်ကူးမှုဖြစ်ပေါ်ရသည့် အခြေခံအကြောင်းအရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်နှင့် မူခင်းကျဆင်းရေးဆိုင်ရာ အကြောင်းအရာများ၊ မူခင်းများအတွက် ဥပဒေဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ကျေးရွာနေပြည်သူများအား ရှင်းလင်းပြောကြားခဲ့သည်။ **ဝင်းမောင်(ကျိုက်ထို)**

# ရပ်၊ ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် မျှတစေရန် ကြီးကြပ်ရေးမှူးအဖွဲ့ ဖွဲ့စည်း

**မလှိုင် နိုဝင်ဘာ ၂၉**

မလှိုင်မြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း ၅၂ အုပ်စု ရပ်ကွက် လေးခု စုစုပေါင်း ၅၆ အုပ်စုရှိပြီး အဆိုပါ ရပ်ကွက်ကျေးရွာများတွင် အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ခြင်းလုပ်ငန်းများ လုပ်ဆောင်တော့မည်ဖြစ်၍ ရွေးချယ်ရာတွင် မျှတမှုရှိစေရန် ကြီးကြပ်ရေးမှူးများအဖွဲ့ကို နိုဝင်ဘာ ၂၂ ရက်မှ စတင် ရွေးချယ်ဖွဲ့စည်းလျက်ရှိရာ နိုဝင်ဘာ ၂၅ ရက်အထိ ငါးဆယ်ရာခိုင်နှုန်းကျော် ရွေးချယ်ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း ကြီးကြပ်ရေးမှူး ဖွဲ့စည်းရေးအဖွဲ့တွင် ပါဝင်သူများထံမှ သိရသည်။

ကြီးကြပ်ရေးမှူးအဖွဲ့ ရွေးချယ်ရာတွင် မလှိုင်မြို့နယ်အတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစရှိသည့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ မြို့မိမြို့ဖများ၊ ပါတီဝင်များ စုပေါင်း၍ ကြီးကြပ်ရေးမှူးအဖွဲ့ ခုနစ်ဖွဲ့ ဖွဲ့စည်းခဲ့ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာအုပ်စုများသို့ သွားရောက်ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

"အခုလိုကြီးကြပ်ရေးမှူး ရွေးချယ်ရတဲ့ ရည်ရွယ်ချက်က ရပ်ကွက်ကျေးရွာတွေမှာရှိတဲ့ ဆယ်အိမ်ခေါင်း၊ ရာအိမ်ခေါင်း၊ အုပ်ချုပ်ရေးမှူး အသစ်ရွေးချယ်တင်မြှောက်တဲ့အခါမှာ လွတ်လပ်ပွင့်လင်းစွာနဲ့ တရားမျှတစွာ ရွေးချယ်နိုင်ဖို့ ကြီးကြပ်ရေးမှူးအဖွဲ့ ဖွဲ့စည်းတာပါ၊ အုပ်စုတစ်စုမှာ ကြီးကြပ်ရေးမှူးကို ငါးဦးပါတဲ့ အဖွဲ့အဖြစ် ဖွဲ့စည်းတယ်၊ ဒီလို ဖွဲ့စည်းတဲ့အခါ ပြည်သူက ရွေးချယ်တင်မြှောက်တဲ့သူကို ရွေးတယ်၊ တင်မြှောက်ခံရတဲ့သူကလည်း လုပ်လိုတဲ့ဆန္ဒပါရမယ်၊ နှစ်ဦးနှစ်ဖက် မျှတစေချင်တဲ့ သဘောပါ"ဟု ကြီးကြပ်ရေးမှူး ဖွဲ့စည်းရေးအဖွဲ့တွင် ပါဝင်သူ ဦးကိုလေးက ဆိုသည်။

"ဒီလိုဆောင်ရွက်တဲ့နေရာမှာ တချို့ကျေးရွာအုပ်စုတွေမှာ ဒေသခံတွေက စိုက်ပျိုးရေးလုပ်ငန်းတွေကြောင့် မအားလို့ လူမစုံဘဲရွေးချယ်ခဲ့ရတာမျိုးရှိတယ်၊ ရွေးချယ်ထားတဲ့သူကို ကန့်ကွက်တာမျိုးလည်း ရှိလာနိုင်တယ်၊ ရှိလာရင်လည်း ပြန်လည်ရွေးချယ်ပေးမယ်လို့ ပြောထားတယ်"ဟု ကြီးကြပ်ရေးမှူးရွေးချယ်နိုင်ရန် ဆောင်ရွက်ရာတွင် ပါဝင်သူ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

မလှိုင်မြို့နယ်အတွင်း ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူး အသစ်ပြန်လည်ရွေးချယ်ရာတွင် မျှတစွာဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ရေးမှူးအဖွဲ့ဖွဲ့စည်းခြင်းကို နိုဝင်ဘာလကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ရွှေတောင်သူဝန်ဆောင်မှုအသင်းသို့ ဆိုနာလီကာ ထွန်စက်ကြီးများ ပေးအပ်

**ကလေး နိုဝင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်တွင် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ရာနှုန်းပြည့် ကူးပြောင်းကျင့်သုံးနိုင်ရန် ရည်ရွယ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၏ လက်အောက်ရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ် ၂ စက်မှုလယ်ယာစခန်း ကလေးမြို့က မြင်းကောင်ရေ ၉၀ အား ဆိုနာလီကာ ထွန်စက်ကြီး ခြောက်စီးကို ရွှေတောင်သူဝန်ဆောင်မှုအသင်းဝင် တောင်သူများထံသို့ နိုဝင်ဘာ ၂၅ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ်အတွင်းရှိ တောင်သူများ လယ်ယာလုပ်ငန်းခွင်တွင် ထွန်ယက်ရေးနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများ အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် စက်မှုလယ်ယာဦးစီးဌာန အမှတ် ၂ စက်မှုလယ်ယာစခန်း (ကလေးမြို့)က နှစ်နှစ်လျှင် သုံးရစ် အရစ်ကျဆပ်စနစ်ဖြင့် တောင်သူများထံ လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးလျက်ရှိရာ ယခုနှစ်အတွင်း ဆိုနာလီကာထွန်စက်ကြီး ခြောက်စီး၊ ကူဘိုတာ ထွန်စက်ငါးစီးနှင့် ရိတ်သိမ်းခြွေလှေ့စက်(Combine Harvester)သုံးစီးတို့ကို ရောင်းချပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့အပြင် ခရိုင်စက်မှုလယ်ယာဦးစီးဌာနနှင့် ကုမ္ပဏီများ ပူးပေါင်းကာ ကနဦး ၁၀ ရာခိုင်နှုန်းပေးသွင်း၍ ခြောက်လတစ်ကြိမ်ဆပ် သုံးနှစ် ခုနစ်ရစ် အရစ်ကျစနစ်ဖြင့် ဆိုနာလီကာ ထွန်စက်ကြီး ၃၀ စီးနှင့် နယူးဟော်လန် ထွန်စက်ကြီး ၁၁ စီးတို့ကိုလည်း ရောင်းချပေးထားပြီးဖြစ်ကြောင်းနှင့် အရစ်ကျစနစ်ဖြင့် ထွန်စက်များဝယ်ယူလိုသော တောင်သူများအနေဖြင့် မှတ်ပုံတင်၊ အိမ်ထောင်စုဇယား၊ လယ်ယာပုံစံ ၇ (မူရင်း)၊ အာမခံသူနှစ်ဦးနှင့်အတူ စက်မှုလယ်ယာဦးစီးဌာနသို့ ဆက်သွယ်၍ ဝယ်ယူနိုင်ကြောင်းလည်း ခရိုင်စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်၌ လယ်ယာလုပ်ငန်းခွင်များတွင် လုပ်ကိုင်ရန် ကျွဲ၊ နွားနှင့် လုပ်သားအင်အားမှာ တစ်နေ့ တခြား ရှားပါးခက်ခဲလာမှုနှင့်အတူ ရာသီဥတုဖောက်လွဲဖောက်ပြန်ဖြစ်မှုများကြောင့် လုပ်သားအင်အားနေရာတွင် စက်အင်အား အစားထိုးသုံးစွဲကြရန်၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မြေမြန်မြန်ပြုပြင်၊ မြန်မြန်စိုက်ပျိုးလျက် အချိန်မီရိတ်သိမ်းနိုင်ရန် မိမိတို့ ရေမြေသဘာဝနှင့် ကိုက်ညီသော လယ်ယာသုံးစက်ကိရိယာများကို အစားထိုးသုံးစွဲခြင်းဖြင့် စက်မှုလယ်ယာစနစ်သို့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲလုပ်ကိုင်သွားရန် စက်မှုလယ်ယာဦးစီးဌာနက အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**



# အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များကို ဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၉**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ အနေဖြင့် အလုပ်သမားရေးရာဆိုင်ရာ ဆောင်ရွက်ချက်များဖြစ်သည့် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေး၊ လုပ်ငန်းခွင် အေးချမ်းသာယာရေး၊ စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိရေးနှင့် ဆေးဝါးကုသပေးခြင်း၊ ဥပဒေပါ ရပိုင်ခွင့်များကို ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ရရှိစေရေးတို့ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် ပြီးခဲ့သော အောက်တိုဘာလအတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များကို အမျိုးသား ၅၄၁၀ ဦး၊ အမျိုးသမီး ၉၁၂၅ ဦး စုစုပေါင်း ၁၄၅၃၅ ဦးအတွက် ချုပ်ဆိုခဲ့သည်။ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ညှိနှိုင်းဖျန်ဖြေပေးရန်အတွက် မြို့နယ်များတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့များကို ဖွဲ့စည်းထားရှိ ဆောင်ရွက်ခဲ့ရာ ၂၀၁၇ အောက်တိုဘာလအတွင်း လက်ခံရရှိမှု ၈၃ မှုတွင် ကျေအေးမှု ၁၉ မှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းမှု ၁၃ မှုတို့ ဆောင်ရွက်နိုင်ခဲ့ပြီး ကျန် ၅၁ မှုအတွက် ခံစားခွင့်ရှိသူ ၁၈၅ ဦးအား ကျပ် ၈၀၉ သိန်းကျော်ကို ခံစားနိုင်စေရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနအနေဖြင့် အများပြည်သူ အလုပ်ပိတ်ရက် အလုပ်လုပ်ခြင်း၊ လုပ်သက်ခွင့်ကို ငွေကြေးဖြင့် ခံစားခွင့်ပေးခြင်း၊ လုပ်အားခကျန်ငွေ မရရှိမှုများကို ရရှိစေခြင်း၊ ရှောင်တခင်ခွင့်၊ ဆေးခွင့်နှင့် မီးဖွားခွင့်များ ယူရာတွင် ငွေကြေးခံစားခွင့်များရရှိစေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာလအတွင်း ငွေကြေးခံစားခွင့် ကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် ခံစားခွင့်ပေးနိုင်ခဲ့သည်။ ထို့အပြင် စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအသိပညာ ရရှိစေရန်အတွက် မြို့နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများက စက်ရုံ၊ အလုပ်ရုံ ၄၉၁ ရုံမှ အလုပ်ရှင်၊ အလုပ်သမားများအား လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးဆိုင်ရာနှင့် ဥပဒေရေးရာ သိမှတ်ဖွယ်ရာများ ပညာပေးဟောပြောပို့ချမှု ၂၇၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့သည်။

အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ခုံသမာဓိကောင်စီက အလုပ်သမားရေးရာ အငြင်းပွားမှုရှစ်မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၂ ဦးအတွက် ငွေကြေးအကျိုးခံစားခွင့် ကျပ် သိန်း ၅၀ ကျော် ရရှိစေခဲ့ပြီး ခုံသမာဓိအဖွဲ့အနေဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှု ၁၅ မှုကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ရာ အလုပ်သမား ၁၀ ဦးအတွက် အကျိုးခံစားခွင့် ကျပ် ၂၉ သိန်းကျော် ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့်လည်း လူမှုဖူလုံရေးဥပဒေတွင် အကျုံးဝင်သောစက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအား လူမှုဖူလုံရေးအကျိုးခံစားခွင့်များရရှိရေးနှင့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာတွင် ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ပေးမှုအနေဖြင့် အာမခံအလုပ်သမားများအား ငွေကြေးအကျိုးခံစားခွင့်များအလိုက် ငွေကျပ်သိန်းပေါင်း ၆၇၀၀ ကျော် အကျိုးခံစားခွင့်ပေးခဲ့ပြီး အာမခံအလုပ်သမား ၄၀၇ ဦး အတွက် ဆေးဖိုးကုန်ကျငွေ ကျပ်သိန်း ၅၃၀ ကျော် ပြန်လည်ထုတ်ပေးခဲ့ကြောင်း သိရသည်။

အာမခံအလုပ်သမားများအား ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း အလုပ်သမားဆေးရုံကြီးများ၊ လူမှုဖူလုံရေးဆေးခန်းများနှင့် ဌာနကြီးဆေးခန်းများတွင် ဆေးကုသပေးမှုများ ဆောင်ရွက်ပေးခဲ့ရာ အလုပ်သမားဆေးရုံကြီး သုံးရုံတွင် ပြင်ပလူနာ ၆၀၉၇ ဦးနှင့် အတွင်းလူနာ ၆၈၈ ဦး စုစုပေါင်း ၆၇၈၅ ဦးကို ကုသပေးနိုင်ခဲ့သည်။ လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၅၅ ခန်းနှင့် လူမှုဖူလုံရေး-ကဲဝဲလ်ဆေးခန်းများတွင် လူနာပေါင်း ၆၂၆၄ ဦးကို ကုသပေးနိုင်ခဲ့သည်။ ထို့အပြင် အလုပ်သမားဆေးရုံကြီးသုံးရုံမှ ဆရာဝန်များက ကွင်းဆင်း ဆေးကုသပေးမှုနှစ်ကြိမ်တွင် လူနာ ၂၂၀ ကို ကုသပေးနိုင်ခဲ့ပြီး လူမှုဖူလုံရေးဆေးခန်းများမှ ဆရာဝန်များ ကွင်းဆင်းဆေးကုသမှု (၉၉)ကြိမ်တွင် လူနာ ၃၁၈၄ ဦးကို ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **ခင်ရတနာ**

# SMEs များအတွက် ဘဏ္ဍာရေးနှင့်စီးပွားရေးဆိုင်ရာ သင်တန်းအကြိုဆွေးနွေးပွဲကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၉**
စီးပွားရေးလုပ်ငန်းရှင်များ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာ ဗဟုသုတများ တိုးပွားစေရန်နှင့် မိမိတို့လုပ်ငန်းများတွင် ကောင်းမွန်စွာ ပြန်လည်အသုံးချနိုင်ရန် ရည်ရွယ်ချက်ဖြင့် Standard Chartered ဘဏ် နှင့် British Council Myanmar တို့ ပူးပေါင်း၍ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအတွက် ပြင်ဆင်ထားသော ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာသင်တန်း အကြိုဆွေးနွေးပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ နိုဝင်ဘာ ၂၇ ရက်က ကျင်းပသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်နှင့် တိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်တို့က အမှာစကားပြောကြားပြီး Standard Chartered ဘဏ်မှ မန်နေဂျာ ဒေါ်အိမော်သိန်းက Education for Entrepreneurs(E4E) Program အကြောင်း မိတ်ဆက်ပြောကြားကာ ဗြိတိသျှကောင်စီမှ Head of Programmes ဖြစ်သူ ဒေါ်မီမီမျိုးဝင်းက British Council ၏ Programmes များ အကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသူများအား E4E Program ၏ Documentary ကို ပြသပြီး ဆက်လက်၍ Sunflowers Group Social Enterprise မှ Founder ဖြစ်သူ ဒေါ်ဖြူအိသိန်းက Social Enterprise ခေါ် လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းများ၏ သဘောသဘာဝအကြောင်းကို ရှင်းလင်းပြောကြားကာ British Council ၏ Trainer Consultant တစ်ဦးဖြစ်သူ ဒေါ်နန်းအေးမြဟန်ထွန်းက သင်ကြားမည့် သင်ခန်းစာများအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Standard Chartered ဘဏ်မှ မန်နေဂျာနှင့် တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ အရောင်းဆိုင်များတွင် စစ်ဆေးပညာပေး

**မြိတ် နိုဝင်ဘာ ၂၉**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်တွင် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ အသက်ရှည်ကျန်းမာစေရေးနှင့် သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်စေရေးအတွက် သုံးစွဲလျက်ရှိသည့် သွင်းအားစုများ ပစ္စည်းမှန်၊ အရည်အသွေးမှန်ဖြစ်စေရန် ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ အရောင်းဆိုင်များကို စစ်ဆေးပညာပေးမှုများ နိုဝင်ဘာ ၂၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ အပင်ရောဂါကာကွယ်ရေးတာဝန်ခံ၊ မြေအသုံးချမှုတာဝန်ခံ၊ မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး အပါအဝင် ဝန်ထမ်းများအဖွဲ့က မြိတ်မြို့နယ်အတွင်းရှိ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာအရောင်းဆိုင်များကို လိုက်လံစစ်ဆေးခြင်းနှင့် လိုအပ်သည်များကို ပညာပေးခြင်း လုပ်ငန်းများဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

မြိတ်မြို့ ကန်ဖျားရပ်ကွက်နေ အောင်ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာ အရောင်းဆိုင်ပိုင်ရှင် ဒေါ်အေးဝင်းက "အရင်တုန်းကဆို ကျွန်မတို့ဆိုင်တွေကို လာစစ်ဆေးရင် ကြောက်တယ်၊ ယခုနောက်ပိုင်းမကြောက်တော့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ စိုက်ပျိုးရေးဝန်ထမ်းတွေက ပိုးသတ်ဆေးလိုင်စင်ပါ စည်းကမ်းချက်နှင့် ညီ မညီ စစ်ဆေးပြီး ကျွန်မတို့ဘက်က မှားယွင်းတာတွေရှိတာကို အမှန်ဆောင်ရွက်နိုင်ဖို့ပြုပြင်ပေးသွားတယ်၊ ပိတ်လိုက်တဲ့ပိုးသတ်ဆေးတွေ၊ ဒါတွေနဲ့ပတ်သက်တဲ့ ဆိုးကျိုးအာနိသင်တွေပါတဲ့ အသိပညာပေးစာစောင်တွေလည်း ပေးသွားတယ်၊ ပိုးသတ်ဆေး စနစ်တကျအသုံးပြုနည်းနှင့် လူကျန်းမာရေးကို မထိခိုက်စေနိုင်ဖို့အတွက် ပြုမူရမယ့် အမူအကျင့်တွေကိုလည်း ဆိုင်လာတိုင်း အသိပညာပေးပြောပြသွားတဲ့အတွက် မကြောက်တော့ဘူး၊ အခုလို မကြာခဏ လာရောက်စစ်ဆေးတဲ့အတွက် ဥပဒေနှင့်အညီ ရောင်းဝယ်ဖောက်ကားနိုင်ပြီး ဓာတုဗေဒပစ္စည်းတွေနဲ့ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန်အချက်တွေကို သိရတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

မြိတ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ အပင်ရောဂါကာကွယ်ရေးတာဝန်ခံ ဒေါ်အေးသန္တာစိုးက "မြိတ်ခရိုင်ထဲမှာ ပိုးသတ်ဆေး အရောင်းဆိုင် ၂၁ ဆိုင်နဲ့ ဓာတ်မြေသြဇာအရောင်းဆိုင် ၁၉ ဆိုင် မှတ်ပုံတင်ရောင်းချလျက်ရှိပါတယ်၊ ရောင်းချခွင့်လိုင်စင် ထုတ်ပေးရာမှာလည်း သက်ဆိုင်ရာပိုးသတ်ဆေးသုံးစွဲမှု ကျွမ်းကျင်သင်တန်း တက်ရောက်ပြီးမှသာ လိုင်စင်ထုတ်ပေးပါတယ်၊ တစ်ခါတစ်ရံ အပင်ဖျက်ပိုးတွေ ကပ်ရောဂါတွေ ကျရောက်တဲ့အချိန်မှာဆိုရင် ဒေသခံတောင်သူတွေကို ဖျက်ပိုးကပ်ရောဂါ ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ ပညာပေးဟောပြောပွဲတွေ ဆောင်ရွက်သလို တစ်ချိန်တည်းမှာပဲ ပိုးသတ်ဆေးအရောင်းဆိုင်တွေကိုသွားပြီးတော့ သုံးစွဲရမည့်ဆေး၊ စနစ်တကျ စည်းကမ်းရှိစွာ သုံးစွဲရမည့်နည်းလမ်းများကို တောင်သူတွေကို တစ်ဆင့်ဖြန့်ဖြူးနိုင်ဖို့ အသိပညာပေး ဆောင်ရွက်ပါတယ်၊ သက်ဆိုင်ရာ မြေအသုံးချရေးတာဝန်ခံကလည်း ပိုးနဲ့ရောဂါ ကျရောက်ချိန်တွေမှာ သုံးစွဲရမည့် မြေသြဇာအမျိုးအစားများ ရှောင်ကြဉ်ရမည့် နည်းလမ်းများကို တောင်သူတွေ သိနိုင်ဖို့အတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပါတယ်"ဟု ပြောကြားသည်။

မြိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းမြတ်စိုးက "မြိတ်မြို့နယ်အတွင်းမှာ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ ရောင်းချတဲ့ဆိုင် ၁၁ ဆိုင်ရှိပါတယ်၊ အများအားဖြင့် ဒီနှစ်မျိုးစလုံးကို တွဲရောင်းကြတယ်။ ကျွန်တော်တို့အနေနဲ့ လစဉ် ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ အရောင်းဆိုင်များကို ပုံမှန်စစ်ဆေးရေးလုပ်ငန်း ဆောင်ရွက်ရာမှာ ဥပဒေနှင့်ညီညွတ်စွာ ရောင်းချရေးကို အဓိကစစ်ဆေးတဲ့အပြင် စားသုံးသူများရဲ့ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိအမှတ်ပြုထားတဲ့ ဓာတုဗေဒပစ္စည်းတွေ သုံးစွဲခြင်းအားဖြင့် သုံးစွဲသူများအနေဖြင့် ပစ္စည်းမှန် အရည်အသွေးမှန်သုံးစွဲနိုင်ရေး၊ စားသုံးသူ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ပုံမှန်စစ်ဆေးရေးကို လစဉ်ပုံမှန်ဆောင်ရွက်ပြီး ရှောင်တခင်စစ်ဆေးရေးကိုလည်း အခါအားလျော်စွာ ဆောင်ရွက်ပါတယ်၊ ထိုင်းနယ်စပ်နဲ့နီးတဲ့မြို့ဖြစ်တဲ့အတွက် ဒီလုပ်ငန်းစဉ်တွေကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍတွင် ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာများကို စည်းကမ်းချက်များနှင့်အညီ စနစ်တကျ မသုံးစွဲကြခြင်းဖြင့် ဆေးယဉ်ပါးမှုပြဿနာ၊ သုံးစွဲသူများ ရေရှည်တွင် ကျန်းမာရေးထိခိုက်စေခြင်း၊ ဓာတုဗေဒဓာတ်ကြွင်းအာနိသင်များမှတစ်ဆင့် စားသုံးသူများအား ကျန်းမာရေးထိခိုက်စေခြင်း စသည့် ဆိုးကျိုးများ ဖြစ်ပွားနိုင်ကြောင်း သိရသည်။

ထို့အပြင် လယ်ယာသုံး ပိုးသတ်ဆေးများကို မသိနားမလည်သူများက ငါးဖမ်းဆီးရာတွင် အသုံးပြုမှုများကြောင့် ၎င်းမှတစ်ဆင့် ပတ်ဝန်းကျင်ညစ်ညမ်း ထိခိုက်စေခြင်းစသည့် ဆိုးကျိုးများလည်းရှိနေကြောင်း သိရပြီး အချို့သော ဓာတုဗေဒကုန်ပစ္စည်းများကို လူများစားသောက်သည့် စားသောက်ကုန်များ ထုတ်လုပ်ရာတွင်ပါ တလွဲအသုံးပြုမှုများရှိနေကြောင်းလည်း သိရသည်။

**မြင့်ဦး(မြိတ်)**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်

**ထားဝယ် နိုဝင်ဘာ ၂၉**
ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းကို ဦးစီးဌာနရုံး၌ နိုဝင်ဘာ ၁၅ ရက်မှ စတင်ဖွင့်လှစ်ထားပြီး သင်တန်းကို ဒီဇင်ဘာ ၅ ရက်အထိ ရက် ၂၀ ကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်ရရှိကာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ ကျေးရွာ ၁၅ ရွာမှ သင်တန်းသား ၂၀ တက်ရောက်ကာ သင်တန်းပြီးဆုံးပါက ဆိုင်ကယ်ပြုပြင်ခြင်းကို အသက်မွေးဝမ်းကျောင်းတစ်ခုအဖြစ် လုပ်ကိုင်ရပ်တည်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

# နိုင်ငံခြားသားများ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ခြင်း ပညာပေးဆွေးနွေး

**မိုင်းယောင်း နိုဝင်ဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နိုင်ငံခြားသားများအား ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာများ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၇ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်က အမှာစကားပြောကြားပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမှ ခေတ္တ ဒုတိယပြည်နယ်ဦးစီးမှူး ဦးရဲရင့်ထွန်းက နိုင်ငံခြားသားများအား ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းဆိုင်ရာများကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

မိုင်းယောင်းမြို့နယ်အတွင်း၌ အထောက်အထားမဲ့ တရုတ်နိုင်ငံသားများ တရားမဝင် ဝင်ရောက်နေပြီး ငှက်ပျောခြံလုပ်ငန်းများ လုပ်ကိုင်နေသဖြင့် မကြာခဏ ဖမ်းဆီးအရေးယူရခြင်းများ ပေါ်ပေါက်နေသည့်အတွက် ဒေသတွင်းရှိ ဟိုတယ်၊ တည်းခိုခန်းများ၊ ငှက်ပျောခြံလုပ်ငန်းနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် လုပ်ငန်းရှင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများ၊ မြို့မိမြို့ဖများအနေဖြင့် နိုင်ငံခြားသားများအား ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်းသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများကို သိရှိနားလည်ကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ယခုဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# ဆိုင်ကယ်ပြုပြင်နည်း အခြေခံသင်တန်းဖွင့်

**မိတ္ထီလာ နိုဝင်ဘာ ၂၉**

လူငယ်များ အလုပ်အကိုင်အခွင့်အလမ်း ရရှိစေရန် ရည်ရွယ်၍ ဆိုင်ကယ်စက်ပစ္စည်းနှင့် အင်ဂျင်ပိုင်းဆိုင်ရာ ထိန်းသိမ်းပြုပြင်နည်း အခြေခံသင်တန်းကို နိုဝင်ဘာ ၂၇ ရက်က မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ၌ အခမဲ့ စတင်ဖွင့်လှစ်သင်ကြားပေးကြောင်းသိရသည်။

သင်တန်းကိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူငယ်ကလပ်အဖွဲ့(Youth Club)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ လူငယ် ၁၅ ဦး တက်ရောက်ကြကာ အပတ်စဉ် တနင်္လာနေ့မှ ဗုဒ္ဓဟူးနေ့အထိ တစ်ရက်လျှင် လေးနာရီဖြင့် သင်တန်းကာလ နှစ်လခန့် သင်ကြားမည်ဖြစ်သည်။

**ချမ်းသာ(မိတ္ထီလာ)**

# သထုံခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စစ်ဆေး

**သထုံ နိုဝင်ဘာ ၂၉**

မွန်ပြည်နယ် သထုံခရိုင်အတွင်း၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တာဝန်ရှိသူများအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အရည်အသွေးကောင်းမွန်မှု၊ သတ်မှတ်စံချိန်စံညွှန်း ပြည့်မီရေး၊ ရေရှည်အသုံးပြုနိုင်ရေး၊ ခွင့်ပြုဘဏ္ဍာငွေကို စည်းမျဉ်းစည်းကမ်းနှင့်အညီ စနစ်တကျ သုံးစွဲရေးတို့အတွက် သထုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းစိုးနှင့် အဖွဲ့က နိုဝင်ဘာလကုန်ပိုင်းအတွင်း သတ်မှတ်ထားသော နေ့ရက်များအတိုင်း မြို့နယ်အလိုက် ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဗထူး**

# သကြားစက်ရုံများမှ ကြံများဝယ်ယူရေး တောင်သူများနှင့်ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၉**

နေပြည်တော် လယ်ဝေးမြို့နယ်ရှိ တောင်သူများအား ကြံသီးနှံ ပြောင်းလဲစိုက်ပျိုးခြင်း၊ တိုးချဲ့စိုက်ပျိုးခြင်း၊ မျိုးရရှိရေးနှင့် စက်ရုံများမှ အကျိုးတူဆောင်ရွက်ရေးအတွက် တောင်သူများ ဖိတ်ခေါ်ပြသခြင်းကို အေလာအုပ်စု တောင်သူဒေါ်သန်းဌေး၏ ကြံသီးနှံစံပြကွင်း၌ နိုဝင်ဘာ ၂၈ ရက်က ပြုလုပ်ခဲ့ကြောင်းသိရသည်။

အဆိုပါပြပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ကြံသီးနှံသည် နည်းစနစ်အလိုက်၊ သင့်တော်သော မြေအမျိုးအစားအလိုက် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်းဖြင့် တစ်ဧက တန် ၃၀ အထိ ထွက်ရှိကြောင်း၊ ဒေသတွင်းရှိ သကြားစက်များမှ အကျိုးတူဆောင်ရွက်ခြင်း၊ ကြံမျိုးသန့်ခြံများမှ မျိုးများ ဖြန့်ဝေပေးနိုင်မည့် ပမာဏတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများ အဓိကစိတ်ဝင်စားသော စက်ရုံများမှ ကြံတစ်တန်စျေးနှုန်းသတ်မှတ်ဝယ်ယူနိုင်မည့် ဝယ်ယူရေးကာလ၊ ကြံမျိုးဖြန့်ဝေပေးနိုင်မည့် အခြေအနေတို့အား ပျဉ်းမနားသကြားစက်နှင့် တောင်စဉ်အေးသကြားစက်မှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများနှင့် တောင်သူတို့ ညှိနှိုင်းဆွေးနွေးခဲ့သည်။

လယ်ဝေးမြို့နယ်တွင် နှစ်စဉ်ကြံစိုက်ဧက ၇၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး ခင်းသစ်နှင့် လမိုင်းစိုက်နည်းတို့ဖြင့် စိုက်ပျိုးလျက်ရှိသည်။ ယခုနှစ် ပဲစျေးကွက်၌ မတ်ပဲစျေးနှုန်း ကျဆင်းလျက်ရှိရာ တောင်သူများ ကြံသီးနှံသို့ ပြောင်းလဲစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -မောင်ကျော်ကြီး**



သင့်ရင်သွေးငယ်အတွက် လာခြင်းကောင်းသော အနာဂတ်
First
FIRST BABY Pre School
အထူးအာဆင့်မြင့် မူကြိုကျောင်း
(၂½ မှ ၅ နှစ်) (၉း၀၀ မှ ၃း၀၀ နာရီ) (တနင်္လာ မှ သောကြာ)
မူလတန်းကြိုဘာသာရပ်အားလုံး သင်ပေးသည်။ အင်္ဂလိပ်စာကို အထူးပြုကာ UK text, Singapore text များဖြင့် အသံထွက် မှန်ကန်စွာ သင်ပေးသည်။ သင်ကြားရေးနည်းစနစ်မှာ ကစားရင်း၊ ပုံပြောရင်း၊ ပန်းချီဆွဲရင်း၊ ကဗျာရွတ်ရင်း၊ သီချင်းဆိုရင်း၊ DVD ကြည့်ရင်းတွင် စာသင်နေမှန်းမသိ သင်ယူစေလျက် ဉာဏ်တွေထက်မြက် သွက်လက်လိမ္မာ မေ့သည်းချာ ဖြစ်လာစေသည်။ စာသင်ခြင်းကို မကြောက်စေ မပျင်းစေဘဲ ပျော်ရွှင်စွာ ဘက်စုံဖွံ့ဖြိုးစေသော (Learning by playing) သင်ကြားရေး အနုပညာ ဖြစ်ပါသည်။
Early Childhood care development certificate နှင့် ဘွဲ့ရ ကျွမ်းကျင် ဆရာမများက ရင်သွေးငယ်များ၏ လှပသော အနာဂတ်အတွက် စေတနာ၊ ပါသနာ၊ ယုံကြည်ချက်ကြီးမားစွာဖြင့် တည်ဆောက် ဖန်ဆင်းနေကြပါသည်။
School - 1
၂ထပ်သီးသန့်တိုက်၊ခြံဝင်းကျယ်၊ Indoor, outdoor ကစားကွင်းရှိ၊ DVD, Computer ရှိ၊ မြေအမှတ် 118(A-B) ကျွန်းရွှေမြိုင်လမ်း VIP-1 ရပ်ကွက်၊ ပညာနန်းတော်ဘော်ဒါအနီး၊ သုဝဏ္ဏ။ Ph : 09-513 5532
ကျောင်းကားရှိသည်
School - 2
သင်တန်းခန်းမကျယ် (Hall type)၊ ကစားကွင်း Indoor ရှိ၊ DVD, Computer ရှိ၊ အမှတ် ၁၀၅ (ဘယ်၊ ညာ)၊ တတိယထပ်၊ ဆိပ်ကမ်းသာလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ Ph : 09-510 1228

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် CC/2288 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကျောင်းရေစက်ချအလှူတော်မင်္ဂလာ ဖိတ်ကြားလွှာ**
ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေးရပ်ကွက်၊ ထီးတန်းလမ်းမ၊ ဓမ္မပီယကျောင်းတိုက်အတွင်း၌ ဓမ္မသုခသုံးထပ်ကျောင်းတော်ကြီးကို အများပြည်သူစေတနာရှင်များဖြင့် စုပေါင်းတည်ဆောက်ပြီးစီးအောင်မြင်ပြီးဖြစ်ပါ၍ (၁၃၇၉ ခုနှစ်၊ နတ်တော်လပြည့်နေ့) ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) တွင် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ အလှူရှင်အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။
**ကျောင်းဖြစ်မြောက်ရေးကော်မတီ**

**အမြန်အလိုရှိသည်**
အချက်အပြုတ်ကျွမ်းကျင်အိမ်အကူ (၁)ဦး၊
အသက်(၃၀)ဝန်းကျင်
**ဆက်သွယ်ရန်-ဖုန်း-၀၉-၄၂၀၁၄၉၇၃၄**

**'ကိုင်းကုန်းနိကာယအဖွဲ့' နှစ်ပတ်လည်စုံညီ အစည်းအဝေးရက် ပြောင်းရွှေ့သတ်မှတ်ကြောင်း လျှောက်ထားလွှာ**
ရှိသေစွာခြေတော်ဦးခိုက် လျှောက်ထားအပ်ပါသည် ကိုင်းကုန်းနိကာယဝင် ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။
'ကိုင်းကုန်းနိကာယဝင် မော်ကွန်းတင်စာစောင်'အတွက် ပညာရှင်များထံမှ စာမူများအရောက်နောက်ကျနေသောကြောင့် ကိုင်းကုန်းနိကာယအဖွဲ့ နှစ်ပတ်လည်စုံညီအစည်းအဝေးရက်ကို ယခင်ကြေညာထားသည့် (၁၃၇၉ခုနှစ် နတ်တော်လဆန်း ၁၅ရက်) ၃-၁၂-၂၀၁၇ရက် (တနင်္ဂနွေနေ့) အစား (၁၃၇၉ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ရက်) ၁၁-၁-၂၀၁၈ရက် (ကြာသပတေးနေ့)သို့ ပြောင်းရွှေ့သတ်မှတ်ပါကြောင်းနှင့် အစည်းအဝေးပင့်စာ/ဖိတ်စာများထပ်မံပေးပို့မည်ဖြစ်ပါကြောင်း ကိုင်းကုန်းနိကာယအဖွဲ့ဝင် ဆရာတော်သံဃာတော် အရှင်မြတ်များနှင့် ကိုင်းကုန်းနှင့် ပဋ္ဌာန်းဆက်မကင်းကြသူ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေး လျှောက်ထားပန်ကြားအပ်ပါသည်ဘုရား။
**လေးစားစွာဖြင့်**
**ဘဒ္ဒန္တအာစိဏ္ဏ**
**(အတွင်းရေးမှူး)**
**ကိုင်းကုန်းနိကာယအဖွဲ့**
**အောင်မော်စံစာသင်တိုက်၊ ရှုခင်းသာရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၅၁၃၁၃၀၃၃၊ ၀၉-၇၈၀၀၂၀၇၈၈၊ ၀၉-၄၂၈၆၄၅၈၀၈**




ooredoo
၁မိနစ် ၁၀/-
ဖုန်းဘီလ်ကြာကြာ အသုံးခံတယ်
ရွှန်းရွှန်းဝေအစီအစဉ်
(အူရီဒူးအချင်းချင်း)
*777#
ကို အခမဲ့ခေါ် ဆိုလိုက်ပါ

# ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်

# GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း



- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
- စီမံကိန်း၏ ပထမအဆင့်အဖြစ် တည်ဆောက်မည့် Shopping Mall သည် ဧရိယာ စတုရန်းပေ (၉၀၀,၀၀၀) ကျော်ရှိသည့် (၈) ထပ် RC အဆောက်အအုံဖြစ်ပြီး မြေအောက်ထပ်တွင် စားသောက်ဆိုင်များ၊ မြေညီထပ်မှ စတုတ္ထထပ်အထိ ဈေးဆိုင်ခန်းများ၊ ပဉ္စမထပ် နှင့် ဆဋ္ဌမထပ်အထိမှာ ရုံးခန်း နှင့် ပစ္စည်းသိုလှောင်ခန်းများ ပါဝင်ပါသည်။ ဆိုင်ခန်းတစ်ခန်းလျှင် ဧရိယာစတုရန်းပေ (၂၀၀) မှ (၄၀၀) ဝန်းကျင် အကျယ်အဝန်းဖြင့် ဖွဲ့စည်းထားပါသည်။
- Shopping Mall အတွင်း ရောင်းဝယ်ဖောက်ကားသူများ ကျယ်ပြန့်စွာနှင့် လေဝင်လေထွက် ကောင်းမွန်စွာ ရရှိနိုင်ရန် Floor height (၁၉) ပေအမြင့်နှင့် လျှောက်လမ်း (Corridor) များကို (၁၄) ပေ မှ (၁၇) ပေ အကျယ်ထိ ဖွဲ့စည်းထားပြီး Water Cooled Chiller စနစ်သုံး Airconditioning စနစ်များ ၊ နိုင်ငံတကာအဆင့်မီ မီးဘေးကာကွယ်ရေး နှင့် မီးငြိမ်းသတ်ရေး စနစ်များ ဖြစ်သော Fire sprinkler system, Smoke / Heat detector system, Smoke extracting / Curtain system, Fire Hose reel system, Fireman Lift များအပြင် ပြည့်စုံလုံလောက်သော အရေးပေါ်ထွက်ပေါက်များ ၊ လှေကားများ ၊ ၂၄ နာရီ CCTV နှင့် လုံခြုံရေး စနစ်များ ပါဝင်ပါသည်။
- Shopping Mall တွင် Schindler အမှတ်တံဆိပ် (1.6) တန် ကုန်တင် ဓာတ်လှေကား (၁၀) စင်း ကို ဇုန်(၄) ဇုန် ခွဲ၍ ကုန်တင် ကုန်ချ လွယ်ကူစေရန် စီစဉ်ထားရှိပြီး (၁၅) ယောက်ဆံ့ လူစီးဓာတ်လှေကား (၃) စင်း နှင့် ရွေ့လျားစက်လှေကား (၂၀) စင်း ပါဝင်ပါသည်။ ၄င်းအပြင် မော်တော်ယာဉ် အစီးရေ (၆၀၀) ကျော် ရပ်နားနိုင်မည့် ကားပါကင် အဆောက်အအုံ တစ်ခုလည်း ပါဝင်မည်ဖြစ်ပါသည်။
- လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် 25MVA ဓာတ်အားခွဲရုံ တစ်ခု တည်ဆောက်၍ ဓာတ်အားရယူသွားမည်ဖြစ်ပြီး Standby Generator များလည်း တပ်ဆင်ပေးသွားပါမည်။
- အဝတ်အထည်များ၊ အလှကုန်များ၊ လျှပ်စစ်ပစ္စည်းများ ကို လက်လီ လက္ကား ရောင်းချသွားနိုင်မည်ဖြစ်ပြီး ငွေကြေးလုပ်ငန်းများ လျှင်မြန် လွယ်ကူစေရန်အတွက် ဘဏ်များလည်း ပါရှိမည် ဖြစ်ပါသည်။

## စိတ်ပါဝင်စားသူများ ဆက်သွယ်စုံစမ်းနိုင်ပါပြီ

**DEVELOPER-**

GA MONE PWINT CO.,LTD.

အမှတ် (၂၄၅)၊ ဗားကရာလမ်း ၊ မြေနီကုန်း ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 01- 524 963, 01- 526 928
01- 516 533~6

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## တင်ဒါခေါ်ယူခြင်း (၂/၂၀၁၇)

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ ကလေးဝ/မော်လမြိုင်/ထားဝယ်/မြစ်ကြီးနားဌာနခွဲများမှ ပြည်တွင်းထုတ်ဓာတ်ဆီ(လက်ကျန်)များအား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် တင်ဒါစာအိတ်များကို ၂၀-၁၂-၂၀၁၇ရက် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၄-၁၂-၂၀၁၇ရက်မှ စတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၁၀၉၂ နှင့် ၀၆၇-၃၄၁၁၂၈၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**
**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## လက်ထောက်ညွှန်ကြားရေးမှူး(ရေအရင်းမြစ်)ရုံး၊ စစ်တွေမြို့
## မြို့ပြနှင့်စက်မှု/လျှပ်စစ်ပိုင်းဆိုင်ရာ
## တည်ဆောက်ရေးသုံးပစ္စည်းများအတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်၊ လက်ထောက်ညွှန်ကြားရေးမှူး (ရေအရင်းအမြစ်)ရုံး၊ စစ်တွေမြို့မှ အောက်ဖော်ပြပါရေတင်လုပ်ငန်းများတွင် မြေကြီးလုပ်ငန်းဆောင်ရွက်ရန်နှင့် မြို့ပြပိုင်းဆိုင်ရာ တည်ဆောက်ရေးသုံးပစ္စည်းများ စက်မှု/လျှပ်စစ်ပိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသားပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | တည်ဆောက်မည့်နေရာ |
|---|---|---|
| (က) | ဒေါင်းတော်ယိုးရေတင်လုပ်ငန်း | ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ် |
| (ခ) | မြတ်လေးရေတင်လုပ်ငန်း | ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူ ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် ဖော်ပြပါ လုပ်ငန်းများအတွက် တင်ဒါအဆိုပြုလွှာကို ၁၅-၁၁-၂၀၁၇ရက်မှ ၁၅-၁၂-၂၀၁၇ရက်ထိ နေ့စဉ် (ရုံးပိတ်ရက်မှအပ) ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၁၅-၁၂-၂၀၁၇ရက် ညနေ ၄နာရီနောက်ဆုံးထား ပေးပို့တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့် အဆိုပြုလွှာတွင် ပါဝင်ရမည့် အချက်အလက်များကို ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(ရေအရင်းမြစ်)ရုံး၊ စစ်တွေမြို့ (မကျည်းမြိုင်ရပ်ကွက်၊ စစ်တွေတက္ကသိုလ်လမ်း) တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၉-၂၅၀၈၇၇၉၄၈၊ ၀၉-၉၇၇၇၈၅၃၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**လက်ထောက်ညွှန်ကြားရေးမှူး(ရေအရင်းအမြစ်)ရုံး**
**ရခိုင်ပြည်နယ်၊ စစ်တွေမြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ လုပ်ငန်းသုံးပစ္စည်းများ၊ စက်အရန်ပစ္စည်းများနှင့် ကွန်ကရစ်အရည်အသွေးထိန်းသိမ်းရေးဓာတ်ခွဲခန်းသုံးပစ္စည်းများအား D.D.P (Paung Laung) / (Upper Yeywa) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

- (က) Tender No.14/DHPI/Lab Equipment/2017-2018
- (ခ) Tender No.15/DHPI/Spare Parts/2017-2018
- (ဂ) Tender No.16/DHPI/Geology Spare/2017-2018
- (ဃ) Tender No.17/DHPI/Battery/2017-2018
- (င) Tender No.18/DHPI/Water Glass/2017-2018

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ ၈-၁၂-၂၀၁၇ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၉၁၊ ၀၆၇-၈၁၀၄၁၈၉၊ ၀၆၇-၈၁၀၄၁၉၀**

## စစ်ကိုင်းတိုင်းဒေသကြီး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ရှိ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကလေးမြို့တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် မြောင်းချောင်းရေလွှဲဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်း၏ တည်ဆောက်ရေးပစ္စည်းများ (ဘိလပ်မြေ၊ သံချောင်းလုံး၊ ကျောက်ကြီး၊ တောသစ်ခွဲသား) များကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဌာနသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံများရောင်းချမည့်ရက်** | - | ၁-၁၂-၂၀၁၇ ရက် |
| **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - | ၂၈-၁၂-၂၀၁၇ ရက် |
| **တင်ဒါရွေးချယ်မည့်နေရာ** | - | တိုင်းဒေသကြီးအစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |

၂။ လျှောက်လွှာပုံစံများကို ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ညွှန်ကြားရေးမှူးရုံး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မုံရွာမြို့ ဖုန်း-၀၇၁-၂၃၆၂၅၊ ၀၇၁-၂၃၆၂၆ နှင့် လက်ထောက်ညွှန်ကြားရေးမှူး၊ ကလေးမြို့ ဖုန်း-၀၇၃-၂၂၃၁၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မကွေးတက္ကသိုလ်-မကွေးမြို့
## ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

မကွေးတက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ၂၀၁၇ ခုနှစ် မေလတွင် ပြီးစီးခဲ့သော မဟာဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ မဟာဥပဒေ(ဘွဲ့)၊ မဟာသုတေသန(ဘွဲ့)၊ ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် ကျင်းပခဲ့သော ဝိဇ္ဇာ/သိပ္ပံ(ဘွဲ့)၊ ဥပဒေ(ဘွဲ့)၊ ဝိဇ္ဇာ/သိပ္ပံ(ဂုဏ်ထူး)ဘွဲ့ စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် မကွေးတက္ကသိုလ်၏ (၂၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် တက်ရောက်ဘွဲ့ယူရန်နှင့် အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာများတင်သွင်း၍ လျှောက်ထားနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ကြေး**

| | | |
|---|---|---|
| **တက်ရောက်ဘွဲ့ကြေး** | - | ၁၅၀၀၀/ (ကျပ်တစ်ထောင့်ငါးရာတိတိ) |
| **အဝေးရောက်ဘွဲ့ကြေး** | - | ၁၀၀၀၀/ (ကျပ်တစ်ထောင်တိတိ) |
| **လျှောက်လွှာတင်သွင်းရမည့်ရက်** | - | ၁-၁၂-၂၀၁၇ ရက်မှ ၂၉-၁၂-၂၀၁၇ ရက်ထိ |

**မှတ်ချက်**

၁။ သတ်မှတ်လျှောက်လွှာပုံစံဖြင့် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် တင်သွင်းလျှောက်ထားရမည်။

၂။ လွန်ခဲ့သည့် (၃)လအတွင်းရိုက်ကူးထားသော (၂"×၁ ½") ဓာတ်ပုံ(၃)ပုံပူးတွဲ၍ လျှောက်ထားရမည်ဖြစ်ပြီး မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား) နှစ်သက်ရာဝတ်စုံကို အပြည့်အစုံစနစ်တကျဝတ်ဆင်၍ သပ်ရပ်စွာရိုက်ကူးထားသော ဓာတ်ပုံများဖြင့်သာ လျှောက်ထားရပါမည်။

၃။ သတ်မှတ်ဘွဲ့ကြေးများကို မကွေးတက္ကသိုလ်ငွေကိုင်ဌာနတွင် ပေးသွင်းရပါမည်။

၄။ ရပ်ဝေးမှပေးပို့သူများသည် စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့်သာ ပေးပို့ရမည်ဖြစ်ပြီး ငွေပို့လွှာ၏အောက်ခြေတွင် **"ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း"**ဟု ဖော်ပြရမည့်အပြင် လျှောက်လွှာရှင်၏ အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ စသည်များကို တိကျစွာဖော်ပြ၍ **"ပါမောက္ခချုပ် မကွေးတက္ကသိုလ်"**သို့ လိပ်မူ၍ လျှောက်ထားရပါမည်။ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ဥပဒေပညာအထူးပြုနှင့် ဘူမိဗေဒအထူးပြုဘာသာရပ်များဖြင့်(ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် ဘွဲ့လျှောက်လွှာတင်သွင်းသည့်အချိန်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် မိတ္တူနှစ်မျိုးလုံးပါရှိရမည်ဖြစ်ပြီး ကျန်အထူးပြုဘာသာရပ်များမှ (ဘွဲ့)စာမေးပွဲများကို အောင်မြင်ခဲ့ကြသူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူပါရှိမှသာလျှင် ဘွဲ့လျှောက်လွှာများကို လက်ခံပေးမည်ဖြစ်ပါသည်။

၆။ တက်ရောက်ဘွဲ့လျှောက်ထားပြီး၊ ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို ဘွဲ့အပ်နှင်းသည့်ရက်မှ နောက်(၆)လပြည့်သည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကို မကွေးတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာန တယ်လီဖုန်းအမှတ် ၀၆၃-၂၃၁၉၃ တွင် စုံစမ်းနိုင်ပါသည်။

**(လှလှအေးမြင့်)**
**မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန**
**မကွေးတက္ကသိုလ်**

## The Global New Light of Myanmar
## သတင်းစာတိုက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၇/၂၀၁၇)

၁။ The Global New Light of Myanmar သတင်းစာတိုက်တွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် ကုန်ကြမ်းများအား ဆိပ်ကမ်းအရောက် အမေရိကန်ဒေါ်လာဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ကုန်ကြမ်းအမည် | ဝယ်ယူမည့်ပမာဏ | ကုန်ကြမ်းသတ်မှတ်ချက်များ |
|---|---|---|---|
| (က) | ၆၄ လက်မစက္ကူ (1626 mm) | (၁၆၅၀) တန် | (Standard newsprint Paper) 45 gsm, Core 76 mm, Diameter 1016 mm. |
| (ခ) | ၃၂ လက်မစက္ကူ (813 mm) | (၃၅၀) တန် | (Standard newsprint Paper) 45 gsm, Core 76 mm, Diameter 1016 mm. |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၈-၁၁-၂၀၁၇ရက်မှ ၁၉-၁၂-၂၀၁၇ရက်အထိ ရုံးချိန်အတွင်း အောက်ပါလိပ်စာသို့ လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁၂-၂၀၁၇ ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

၄။ တင်ဒါဖွင့်မည့် အစီအစဉ်အား ထပ်မံအသိပေးပါမည်။

**တင်ဒါတင်သွင်းရန်လိပ်စာ**
**The Global New Light of Myanmar သတင်းစာတိုက်**
**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊**
**ဖုန်း-၈၆၀၄၅၃၀၊ ၀၉-၇၇၀၆၇၇၅၃၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အလက ရှမ်းကိုင်း သတ္တမတန်းမှ မောင်ကောင်းသန့်၏ဖခင် ဦးအောင်ကိုမြင့်နှင့် ဦးနန္ဒာအောင် ၁၀/ကထန(နိုင်)၀၉၀၈၃၉ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးနန္ဒာအောင်**

## မွေးသက္ကရာဇ်အမှန်

သထုံမြို့၊ ကတိုက်ကလေးကျေးရွာနေ (ဘ)ဦးချစ်ရီ၏သမီး ဒေါ်ခင်မာဝေ ၁၀/သထန(နိုင်)၁၆၇၂၆၈ ၏ မွေးသက္ကရာဇ်၏အမှန်မှာ ၂၅-၅-၁၉၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(ခွဲ) ကတိုက်ကလေး၊ သတ္တမတန်းမှ မခက်ဝေဦး၏ ဖခင်အမည်မှန်မှာ ဦးမင်းထိုက် ၁၀/သထန(နိုင်)၁၈၇၅၇၇ ဖြစ်ပါကြောင်း။ **ဦးမင်းထိုက်**

## ဖခင်အမည်မှန်

သထုံမြို့၊ အထက(ခွဲ) ကတိုက်ကလေး၊ သတ္တမတန်းမှ မသန္တာအေးနှင့် ဆဋ္ဌမတန်းမှ မသန္တာလင်းတို့၏ ဖခင်အမည်မှန်မှာ ဦးသန်တိုင် ၁၀/သထန(နိုင်)၁၆၀၇၃၆ ဖြစ်ပါကြောင်း။ **ဦးသန်တိုင်**

## ဖခင်အမည်မှန်

မိတ္ထီလာမြို့၊ အထက (၁)၊ သတ္တမတန်း (C)မှ မမြတ်ဖူးပွင့်၏ ဖခင်အမည်မှန်မှာ ဦးဇေယျာဖြိုး ၉/မထလ(နိုင်)၁၇၈၀၆၄ ဖြစ်ပါသည်။

## Vacancy Announcement

**Fostering Agricultural Re-vitalization in Myanmar (FARM)**
**Ministry of Agriculture, Livestock and Irrigation**

**Position:** National Agriculture Infrastructure Engineer (NAE)

**Salary Level: USD 1,700 per Month**

**Duty Station:** Nay Pyi Taw

**Contract Duration:** One year with three months' probation, Extendable based on the performance.

For detail TOR can be requested to farmmoali@gmail.com and or can be downloaded from MIMU website (www.themimu.info)

Qualified candidates may summit CV along with recent passport size photo, relevant certificates by email to the following adress; tun.u.win @gmail.com, farmmoali@gmail.com

For inquiry please contatct: First Floor Extension Building, Office 43, Ministry of Agriculture, Livestock and Irrigation, Nay Pyi Taw, Tel: 067-410227. **Closing Date:** 15th December 2017 (5:00 PM)

## အမည်ပြောင်း

ဦးစိုင်းဖြိုးသူ ၅/ခဉတ(နိုင်)၀၆၃၉၉၈ ၏သမီး ချောင်းဦးမြို့ အမက(၁) ပထမတန်းမှ မနန်းရွှေရည်ဖြိုးအား ယနေ့မှစ၍ မယွန်းရွှေရည်ဖြိုးဟု ပြောင်းလဲခေါ်ပါရန်။

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဒိုင်ဝန်ကွင်းလမ်း၊ အမှတ် (၈၃)နေ ဦးထိန်လင်း ၁၀/မလမ(နိုင်)၁၀၄၀၉၄ ၏သား နိုင်ဇော်လင်း (ခ) ငမဲ ၁၀/မလမ(နိုင်)၁၈၀၇၅၂ သည် မိဘတို့၏ဆိုဆုံးမစကားကို နားမထောင်ပါသဖြင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝတို့အား လုံးဝတာဝန်မယူကြောင်းနှင့် ၎င်းလက်ရှိနေထိုင်သည့် မော်လမြိုင်မြို့ရှိ ရွှေမြိုင်သီရိရပ်ကွက်၊ ဒိုင်ဝန်ကွင်းလမ်း၊ အမှတ် (၈၃)နေအိမ်နှင့် အောက်ကျင်းနယ်မြေ၊ ရှမ်းစုရပ်ရှိ ဖိုးလပြည့်စက်သုံးဆီအရောင်းဆိုင်တို့အား ဖခင်ဦးထိန်လင်းမှ ပြန်လည်သိမ်းဆည်းပြီးကြောင်းနှင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးထိန်လင်း (ဖခင်)**
**အမှတ် (၈၃)၊ ဒိုင်ဝန်ကွင်းလမ်း၊ မော်လမြိုင်မြို့**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၂ခ/၉၈၇၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(မုံရွာ)**

## အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး၊ တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့အား ရှာဖွေ၊ သိမ်းဆည်း အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

* အထူးကုန်စည်များဖြစ်သည့် အရက်၊ စီးကရက်၊ ဝိုင် အမျိုးမျိုးတို့အားသတ်မှတ်ထားသော အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပြီးမှ ရောင်းချရန် သတ်မှတ်ထားပါသည်။

* သတ်မှတ်ထားသည့် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသော ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချကြောင်း စိစစ်တွေ့ရှိရပါက တွေ့ရှိသည့် အဆိုပါအထူးကုန်စည်များကို အထူးကုန်စည်ခွန်ဥပဒေနှင့်အညီ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည့်အပြင် အောက်ပါအတိုင်း ဒဏ်ငွေကိုလည်း ပေးဆောင်ရမည်ဖြစ်ပါသည်-

- လက်ဝယ်ထားရှိရောင်းချသူသည် သိမ်းဆည်းခြင်းခံရသည့် အထူးကုန်စည် တန်ဖိုး၏ ၁၀၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်။
- ဖမ်းဆီးရမိသောအထူးကုန်စည်များသည် ပြည်တွင်း၌ထုတ်လုပ်သော အထူးကုန်စည် ဖြစ်ပါက ယင်းကုန်စည်ကို ထုတ်လုပ်သူကလည်း ယင်းအထူးကုန်စည် တန်ဖိုး၏ ၅၀% ကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။

* အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုး တရားမဝင်တင်သွင်းထားသော ပြည်ပနိုင်ငံထုတ် ဘီယာအမျိုးမျိုးတို့ကို ရှာဖွေဖော်ထုတ်သိမ်းဆည်းရန် ဈေးကွက်အတွင်း ရှောင်တခင် ဝင်ရောက်စစ်ဆေးခြင်းအား အထူးကုန်စည်ခွန်ဥပဒေတွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

* သို့ဖြစ်ပါ၍ သတ်မှတ်အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိသော အရက်၊ စီးကရက်၊ ဝိုင်အမျိုးမျိုးနှင့် တရားမဝင်တင်သွင်းထားသည့် ဘီယာအမျိုးမျိုးတို့ကို ဝယ်ယူရောင်းချခြင်းမပြုလုပ်ကြပါရန် ကြိုတင်အသိပေးအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ပြည်နယ်သံဃနာယကဥက္ကဋ္ဌ(ရွှေကျင်)

**ကြက်ကိုင်းတန်ဆရာတော် ဘဒ္ဒန္တစန္ဒာလင်္ကာရ**

(မဟာဂန္ထဝါစကပဏ္ဍိတ)

**သက်တော်(၇၄)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ကြက်ကိုင်းတန်ကျေးရွာ၊ စန္ဒာရာမပရိယတ္တိကျောင်းတိုက်၏ ပဓာန နာယက၊ ပြည်နယ်သံဃနာယက ဥက္ကဋ္ဌ(ရွှေကျင်)၊ ဂိုဏ်းလုံးဝန်ဆောင်ဖြစ်တော်မူသော ဘဒ္ဒန္တစန္ဒာလင်္ကာရ မဟာဂန္ထဝါစကပဏ္ဍိတ မဟာထေရ်မြတ်သည် (၁၃၇၉ခုနှစ်၊နတ်တော်လဆန်း ၁၀ ရက်) (အင်္ဂါနေ့) နံနက် ၇း၄၅ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**စန္ဒာရာမ ပရိယတ္တိကျောင်း၊**
**ကြက်ကိုင်းတန်ရွာ**
**စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဘီလေ(ခ)တေးသံရှင်ဒေါ်ခင်ယုဆွေ**

**အသက်(၈၀)**

ဒုတိယဗိုလ်မှူးကြီးကြည်စိန်(ငြိမ်း)ညွှန်မှူး(ငြိမ်း)၊ စီးပွား/ကူးသန်း-ဒေါ်အေးအေးမြင့်၊ ဦးဇော်ဝင်းထိုက်-ဒေါ်ဆွေဆွေသောင်း(USA)တို့၏ ချစ်လှစွာသောမိခင်၊ JONATHAN ၏ ဘွားဘွားသည် ၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးစိန်မြ(ဗိုလ်ကြီး၊ ဒုတိယရဲမှူးကြီး-ငြိမ်း)-ဒေါ်အမာ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ပုလေး (မြင်းခြံ)**

**အသက်(၈၇)နှစ်**

ကျေးဇူးရှင် သုခိတာ မိခင်ကြီး ဒေါ်ပုလေးသည် ၂၅-၁၁-၂၀၁၇ ရက် (စနေနေ့) ည ၇း၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မြင်းခြံခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုဗိုလ်မှူးကြီးကျော်ဆန်း (ငြိမ်း)**

**တပ်မတော်(ရေ)**

**မြစ်ငယ်တွဲပြင်စက်ရုံ(စက်ရုံမှူး-ငြိမ်း)**

**အထွေထွေမန်နေဂျာ-မြန်မာ့မီးရထား(အထက်မြန်မာပြည်-ငြိမ်း)**

**အသက်(၇၉)နှစ်**

တာဝန်ကိုဦးထိပ်ထား၊ ဝန်ထမ်းများ ချစ်ကြည်လေးစားခြင်းခံရသော ဒုဗိုလ်မှူးကြီးကျော်ဆန်း(ငြိမ်း)သည်၂၇-၁၁-၂၀၁၇ရက်ညနေတွင် ရုတ်တရက် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲကြရပါသည်။

**စစ်တက္ကသိုလ်အပတ်စဉ်(၃)**
**အရာရှိများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမြင့်ဇော်**

**အသက်(၇၅)နှစ်**

ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး ဆံတော်ရှင်ကျိုက်သုတ်စေတီတော် ဂေါပက ဒုဥက္ကဋ္ဌ ဦးမြင့်ဇော်သည် ၂၈-၁၁-၂၀၁၇ ရက် နံနက် ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆံတော်ရှင်ကျိုက်သုတ်စေတီတော်ဂေါပကအဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး

**ဒေါ်အေးအေးမော်**

**အသက်(၅၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ တူးချောင်းကျေးရွာအုပ်စု၊ ရန်ကုန်-ညောင်တန်းလမ်းမကြီး၊ အကွက်အမှတ် ၃၆၄ နေ ဦးကိုဦး (အောင်ချမ်းသာခရီးသည် ပို့ဆောင်ရေး)၏ဇနီး၊ ဦးနေဝင်းလှိုင်-ဒေါ်ဇင်မာဝင်း၊ ဦးဇော်ဝင်းမောင်-ဒေါ်သန်းသန်းမိုး၊ ဦးပိုင်သက်ကျော်-ဒေါ်ခင်မြင့်မိုရ်တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏ အဘွားသည် ၂၅-၁၁-၂၀၁၇ရက် (စနေနေ့) နံနက် ၁း၅၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၇ရက် (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက် ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

**ဘဒ္ဒန္တဝါယမ**

(သာသနာ့ဓဇဓမ္မာစရိယ၊ ဒီဃဘာဏက၊ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ)

ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်

သက်တော် (၈၂)နှစ်၊ သိက္ခာတော် (၆၂)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော် ဘဒ္ဒန္တဝါယမသည် (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၀ ရက်) ၂၈-၁၁-၂၀၁၇ ရက် (အင်္ဂါနေ့) နံနက် ၉ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလပ်တော်ကို (၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက်) ၂-၁၂-၂၀၁၇ ရက် (စနေနေ့) မွန်းလွဲ ၁း၀၀ နာရီတွင် ငါးထပ်ကြီးကျောင်းတိုက်၌ အန္တိမရှာပနကျင်းပမည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ ဆရာတော်၏ တပည့်သံဃာများနှင့် ဒါယကာ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှ ကားများ မွန်းလွဲ ၂း၀၀ နာရီတွင်ထွက်ခွာ၍ ရေဝေးသုသာန်သို့ ပင့်ဆောင်မီးသင်္ဂြိုဟ်ပူဇော်ပါမည်။)

**ငါးထပ်ကြီးကျောင်းတိုက် နာယကဆရာတော်များနှင့် ငါးထပ်ကြီးဘုရားဂေါပကအဖွဲ့ တပည့်ဒါယကာ ဒါယိကာမများ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဒေါ်ဘီလေ(ခ)တေးသံရှင်ဒေါ်ခင်ယုဆွေ**

**အသက် (၈၀)**

၂၀-၁၁-၂၀၁၇ရက် (တနင်္လာနေ့) ည ၉း၅၅ နာရီတွင် ကွယ်လွန်သွားသော မိခင်ကြီးအား နာမကျန်းဖြစ်စဉ်မှစ၍ ကွယ်လွန်ပြီးချိန်ထိ သံဝေဂဘာဝနာပွားများနိုင်ရန် ညွှန်ပြဟောကြား စီစဉ်ဆောင်ရွက်ပေးပါသည့် ရတနာ့ဗိမာန်သာမဏေကျော်စာသင်တိုက်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ဘဒ္ဒန္တကုဏ္ဍိဉာဏာဘိဝံသအားလည်းကောင်း၊ မကျန်းမာစဉ်မေတ္တာဖြင့် ပြုစုစောင့်ရှောက်ပေးပါသော ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဦးနှောက်နှင့်အာရုံကြော၊ ခွဲစိတ်ဌာနမှ ပါမောက္ခဒေါက်တာဦးမြတ်သူ၊ တွဲဖက်ပါမောက္ခဒေါက်တာမောင်မောင်အောင်နှင့် ဆရာဝန်၊ ဆရာမ၊ သူနာပြုဝန်ထမ်းများအားလည်းကောင်း၊ ဆေးကုသရေးဌာနမှ ပါမောက္ခဒေါက်တာ ဒေါ်ဝင်းမင်းသစ်နှင့် ဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ မကျန်းမာစဉ်မှစ၍ ကွယ်လွန်သင်္ဂြိုဟ်ပြီးစီးသည်အထိ မေတ္တာဖြင့်အစစအရာရာလိုလေသေးမရှိ ကူညီစောင့်ရှောက်ပေးကြပါသော ဖခင်ကြီးဘက်မှ ဆွေမျိုးများ၊ မိခင်ကြီးဘက်မှ ဆွေမျိုးများ၊ ဦးစိန်မြမိသားစုနှင့် အထက (၁) ဒဂုံမှ ချစ်သောသူငယ်ချင်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်း၊ လူမှုကွန်ရက်၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့လှူဒါန်းပေးပြီး အားပေးနှစ်သိမ့်ပေးကြ သူမိတ်ဆွေသင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မိခင်ကြီးနာရေးနှင့်ပတ်သက်၍ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးကြပါသော ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ပြောင်းလဲခေါ်ပါရန်

ဦးမောင်မောင်ဝင်း၏သား ပုသိမ်မြို့၊ ကုန်သည်လမ်း၊ အမက(၂၄) စတုတ္ထတန်း(က)မှ မောင်ညီလင်းဆက်အား မောင်သုတထွန်းဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သုတထွန်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7D/4329, Toyota Celica 22T231 S/L (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်မျိုးဇော် ၉/ကဆန(နိုင်)၁၅၇၇၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် AA/7188 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ကျွဲပွဲမြို့၊ (၃)ရပ်ကွက်၊ မြေကွက်အမှတ်(၂)ဈေးရပ်၊ ဦးပိုင်အမှတ် (ခ/၆၄)၊ဧရိယာ၀ဒသမ၀၅၅၈ကေရှိ အရှေ့ဘက်တွင် လမ်းကြား၊ အနောက်ဘက်တွင် ဈေးလမ်း၊ တောင်ဘက်တွင် ဦးမြင့်လှိုင်၊ မြောက်ဘက်တွင် ဦးဌေးဝင်း-ဒေါ်ခင်စန်း၊ အလားလေးရပ်အတွင်းရှိမြေအား ဒေါ်သန်းသန်း ၇/အတန(နိုင်)၀၀၀၀၀၈မှ ဦးပိုင်ခွဲ အမည်ပြောင်း လူနေထိုင်ရန် မြေငှားဂရန် ရရှိရန် မြေပိုင်ဆိုင်မှု အထောက်အထားများတင်ပြပြီး ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး လျှောက်ထားသူ ဒေါ်သန်းသန်း ဦးပိုင်ခွဲအမည်ပြောင်းမြေငှားဂရန်ရရှိရန် ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **အုတ်တွင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ပါရမီလမ်း၊ အမှတ်(၅)တွင် ရုံးခန်းဖွင့်လှစ်ထားရှိသော Golden ICT Solutions Co.,Ltd. ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Reg: 10907/ 2017**

အထက်ဖော်ပြပါ ဝန်ဆောင်မှု အမှတ်တံဆိပ် အမည်အမှတ်အသားကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၁၀၉၀၇/၁၇)ဖြင့် မှတ်ပုံတင်သွင်းထားရှိပြီးဖြစ်ပါသည်။ အဆိုပါဝန်ဆောင်မှု အမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ ဒစ်ဂျစ်တယ်နည်းပညာ အသုံးပြု Mobile Application တီထွင်ဖန်တီးတည်ဆောက်၍ အခပေးစနစ်ပါဝင်သော ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးဝန်ဆောင်မှုလုပ်ငန်းတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။ ထို့အပြင်အပြည်ပြည်ဆိုင်ရာ ဉာဏပစ္စည်းနှင့်ဆိုင်သော နိုက်စ်သဘောတူညီမှု(Nice Agreement)အရ အကျုံးဝင်သက်ဆိုင်သော ဝန်ဆောင်မှု အမှတ်တံဆိပ်များ မှတ်ပုံတင်ရေးအတွက် အတန်းအစားခွဲခြားခြင်းအမှတ်စဉ်(၃၈)၊(၄၁)၊(၄၅) တို့နှင့် အကျုံးဝင်သက်ဆိုင်သော ဝန်ဆောင်မှုလုပ်ငန်းအားလုံးကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဖော်ပြပါဝန်ဆောင်မှုအမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိ၏ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများနှင့် သက်ဆိုင်သလိုတွဲဖက်ကာ လက်ကမ်းကြေညာများ၊ စာစောင်ကြော်ငြာများ၊ လက်ဆောင်ပစ္စည်းကြော်ငြာများ၊ ရုပ်မြင်သံကြားကြော်ငြာများ၊ အွန်လိုင်းအသုံးပြုသောလူမှုကွန်ရက်များတွင် တင်ဆက်သောကြော်ငြာများ၊ တံဆိပ်တုံး၊ ဖြတ်ပိုင်း၊ ငွေရပြေစာ၊ Letter head, Email, Website အစရှိသည်တို့တွင် အရွယ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရောင်အမျိုးမျိုးဖြင့် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတစ်ဦးတည်းမူပိုင်ဖြစ် အသုံးပြုသွားမည့်ဝန်ဆောင်မှု အမှတ်တံဆိပ် အမည်အမှတ်အသားအား အလုံးစုံတုပအသုံးပြုခြင်းသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းဖြတ်တောက် အသုံးပြုခြင်းသော်လည်းကောင်း၊ ထင်ယောင်ထင်မှား(သို့)ဆင်တူယိုးမှားအသုံးပြုခြင်းများ မပြုလုပ်ကြပါရန်နှင့် မိမိပိုင်ဆိုင်သော ဉာဏပစ္စည်းဆိုင်ရာ အခွင့်အရေးချိုးဖောက်သည့် မည်သည့် အပြုအမူကိုမဆို ပြုလုပ်သူအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**Golden ICT Solutions Co.,Ltd. ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးတင်အေး(စဉ်-၃၄၅၀)** | **ဦးလင်းဘုန်းမြတ် (စဉ်-၃၇၈၀၅)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**MLR Legal Consultant Co.,Ltd.**
**အမှတ်(၂/B)၊ ဆန္ဒနိလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၀၆၇၆၄၊ ၀၉-၉၆၄၂၈၁၆၃၀**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောလွင်**

**အသက်(၉၅)နှစ်**

လေးစားခင်မင်ရပါသော ပါမောက္ခဦးမင်းလွင်(ထိခိုက်ဒဏ်ရာနှင့် အရိုး၊ အကြော၊ အဆစ် ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်ဝင်းဝင်းကို၊ ဒေါက်တာဒေါ်ဥမ္မာလွင် (လ/ထ ဆေးရုံအုပ် ပင်လုံဆေးရုံ) တို့၏ ဖခင်ဦးစောလွင်သည် ၂၅-၁၁-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**ပင်လုံဆေးရုံ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစောလွင်**

**အသက်(၉၅)နှစ်**

လေးစားခင်မင်ရပါသော ပါမောက္ခ ဦးမင်းလွင်(ထိခိုက်ဒဏ်ရာနှင့် အရိုး၊ အကြော၊ အဆစ်ခွဲစိတ်အထူးကုဆရာဝန်ကြီး)-ဒေါ်ဝင်းဝင်းကို၊ ဒေါက်တာဒေါ်ဥမ္မာလွင် (လ/ထ ဆေးရုံအုပ် ပင်လုံဆေးရုံ)တို့၏ ဖခင် ဦးစောလွင်သည် ၂၅-၁၁-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**B.O.D အဖွဲ့နှင့် ဝန်ထမ်းမိသားစုများ**
**ရွှေဂုံတိုင်ဆေးရုံနှင့် Women's Centre မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး၊ သုခိတာမိခင်ကြီး မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)၏ နာယကကြီး**

**ကန်တော့ခံအဘွား**

**ဒေါ်ပုလေး (မြင်းခြံ)**

**အသက်(၈၇)နှစ်**

သုခိတာဖခင်ကြီး(ဦးရှိန်)၏ဇနီး ဒေါ်ပုလေး(မြင်းခြံ) အသက်(၈၇)နှစ်သည် ၂၅-၁၁-၂၀၁၇ ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြင်းခြံမြို့နယ်အသင်း(ရန်ကုန်)**

## တစ်လပြည့်အမှျပေးဝေခြင်း

**ရာသက်ပန်ပစ္စည်းလေးပါးဒါယကာကြီး**

**ဗိုလ်ကြီးဝင်းထွန်း (ငြိမ်း)**

**ဂီတမှူး-တေးရေး-ဝင်းထွန်း(မြဝတီ)**

**အောင်ဆန်းသူရိယလှသောင်းကျောင်းသားဟောင်း**

**အသက် (၆၉)နှစ်**

**(၃၀-၁၀-၂၀၁၇) - (၃၀-၁၁-၂၀၁၇)**

တစ်လပြည့်မြောက်၊ ချိန်ခါရောက်လဲ၊ ဖြေမရအောင်၊ တမ်းတကြေကွဲ၊ မျက်ရည်ရွဲလျက်၊ ပြုသမျှကုသိုလ်အမျှဝေ၏။ ကျေးဇူးရှင်ကြီးရပါစေသော၊ ရစေသော်…

**ချစ်ဇနီး ဒေါ်ခင်မြဆွေ(ခ) ဒေါ်ဘေဘီ**
**သား၊ သမီး၊ မြေး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အထွေထွေမန်နေဂျာ (ငြိမ်း)ဗိုလ်မှူးစောအောင် အသက် (၆၂)နှစ်သည် ၂၆-၁၁-၂၀၁၇ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၀၀နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံအဝေးပြေး/ကုန်စည်**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်လျှောက်ထားခြင်းမိတ္တူ

ယာဉ်အမှတ် 6K/2518 Mitsubishi Mini CABU6IT Van(4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးစည်သူ ၉/အမဇ(နိုင်)၀၂၃၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစု ပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၉**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်ခြင်း စားပွဲဝိုင်း ဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အတွင်းရေးမှူး ဦးခင်ဇော်ဦးက ယခုဆွေးနွေးပွဲသည် လာမည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ်တွင် ကဏ္ဍအသီးသီးမှ ရရှိခဲ့သည့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲမှ တင်ပြလာသည့် စုစည်းချက်များ အပေါ် လုပ်ငန်းကော်မတီအသီးသီးမှ ဆွေးနွေးကြပါကြောင်း၊ ဆွေးနွေးကြသည့်အခါ စုစည်းချက်များပြားသည့်အတွက် ညီလာခံတွင် အကုန်ပြီးစီးအောင် ဆွေးနွေးနိုင်ခြင်းမရှိဘဲ ကဏ္ဍအသီးသီးမှ ခေါင်းစဉ်များ ချန်လှပ်ထားခဲ့ရပါကြောင်း။

နိုင်ငံရေးလုပ်ငန်းကော်မတီတွင် တင်ပြသည့် ခေါင်းစဉ်အားလုံးမှာ သဘောတူညီချက်များမရဘဲ ဆွေးနွေးမှု ၉ ချက် ကျန်ပါကြောင်း၊ ယင်းအချက်များကို လာမည့် တတိယအကြိမ် ငြိမ်းချမ်းရေးညီလာခံတွင် ဆက်လက်ဆွေးနွေးရမည်ဟု ယူဆထားပါကြောင်း၊ လတ်တလောတွင် နိုင်ငံရေးကော်မတီမှ သဘောတူညီမှုမရသေးသည့် ဆက်လက်ဆွေးနွေးရမည့် အချက်

*စာမျက်နှာ ၃ ကော်လံ ၁* ✻

## မဲခေါင်ဒေသအတွင်း လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး စီမံကိန်း၏ (၁၂)ကြိမ်မြောက် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

*ပြည်တွင်းသတင်း - စာ - ၃*

## ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ကုန်ပစ္စည်းများ ဖမ်းမိ

*ပြည်တွင်းသတင်း - စာ - ၁၂*

## အင်ဒိုနီးရှားနိုင်ငံတွင် ဆိုးရွားသည့် ရေကြီးမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၁ ဦးခန့် သေဆုံး

*နိုင်ငံတကာသတင်း - စာ - ၁၄*

## မုန်တိုင်းငယ်အား အဝါရောင်အဆင့်သတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၂၉**

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က သီရိလင်္ကာတောင်ပိုင်းတွင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာခဲ့ပြီး မုန်တိုင်းငယ်တစ်ခုအဖြစ်သို့ ရောက်ရှိကာ သီရိလင်္ကာနိုင်ငံကို ဖြတ်ကျော်ဝင်ရောက်လျက်ရှိသည်။

မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းသို့ ဦးတည် ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် ညနေ ၄ နာရီခွဲတွင် မြောက်လတ္တီကျု ၆ ဒသမ ၅ ဒီဂရီနှင့် အရှေ့လောင်ဂျီကျု ၈၀ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၄ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၃၀ နှုန်းဖြစ်သည်။

အဆိုပါ မုန်တိုင်းငယ်သည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားကာ အာရေဗျပင်လယ်သို့ ရောက်ရှိမည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## ၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲတွင် ရန်ကုန်အသင်း အုပ်စုအဆင့်မှ ကစားခွင့်ရ

**ရန်ကုန် နိုဝင်ဘာ ၂၉**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲ Play-off အဆင့်အတွက် သတ်မှတ်ချက်များထုတ်ပြန်ခဲ့ရာ ရန်ကုန်အသင်းသည် ပြိုင်ဘက်အသင်းနုတ်ထွက်ခဲ့၍ အုပ်စုအဆင့်မှ ကစားခွင့်ရမည်ဖြစ်သည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ရန်ကုန်အသင်းအား AFC Cup ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ယှဉ်ပြိုင်ခွင့်ရကြောင်း နိုဝင်ဘာ ၂၉ ရက်တွင် တရားဝင်အကြောင်းကြားစာပေးပို့ခဲ့သည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၈ ရာသီ AFC Cup ပြိုင်ပွဲ ခြေစစ်ပွဲအတွက် တွေ့ဆုံမည့်အသင်းများအား ထုတ်ပြန်ခဲ့ရာ ရန်ကုန်အသင်းသည် ဘရူနိုင်းသို့မဟုတ် တီမောလက်စ်တေပွဲမှ အနိုင်ရသည့်အသင်းနှင့် တွေ့ဆုံရမည်ဖြစ်သော်လည်း နှစ်သင်းစလုံး နုတ်ထွက်ခဲ့သောကြောင့် ရန်ကုန်အသင်းမှာ အလိုအလျောက် အုပ်စုအဆင့်သို့ တက်ရောက်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် လာမည့်ရာသီ

*စာမျက်နှာ ၁၁ ကော်လံ ၁* ❖



ရန်ကုန်အသင်းမှ ကစားသမားများအား တွေ့ရစဉ်။ ဓာတ်ပုံ-စိုးညွန့်

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY 2017

